

စာပေဗိမာန်စာမူဆုရ

# စွမ်းအားရှင် လူငယ်များ

မောင်ဆန္ဒ (လယ်ဝေး)

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# စွမ်းအားရှင် လူငယ်များ

ယနေ့ နိုင်ငံတော်သစ်ကို ထူထောင်ရာ၌ လူသားတို့၏ စွမ်းအားသည် ပဓာနကျသည်။ သမိုင်းမတင်မီခေတ်မှ ပထမမြန်မာနိုင်ငံတော် ထူထောင်ခဲ့သည့် ပုဂံခေတ် ဒုတိယမြန်မာနိုင်ငံထူထောင်ခဲ့သည့် တောင်ငူခေတ်၊ တတိယမြန်မာနိုင်ငံထူထောင်ခဲ့သည့် ကုန်းဘောင်ခေတ်၊ သူ့ကျွန်ဘဝမှ ရုန်းကန်ခဲ့သည့် လွတ်လပ်ရေးကြိုးပမ်းမှုခေတ်၊ ပြည်ထောင်စုကြီးမပြိုကွဲအောင် ကြိုးပမ်းသည့်ဆိုရှယ်လစ်ခေတ်၊ ရွှေနိုင်ငံတော်ထူထောင်သည့် ယနေ့ခေတ်၊ ယနေ့ကာလ၊ ဘယ်ခေတ် ဘယ်စနစ်၊ ဘယ်လိုပင် ထူထောင် ထူထောင် လူ့စွမ်းအား မပါဘဲ မဖြစ်နိုင်။ မအောင်မြင်နိုင်ပေ။

မြန်မာနိုင်ငံတွင်ရှိသည့် လူဦးရေ သန်း ၆၀ ကျော်အနက် အလုပ်လုပ်နိုင်သူက သန်း ၂၀ ဝန်းကျင်သာရှိသည်။ ငယ်ရွယ်သူနှင့် သက်လွန်ရွယ် ကျသူများက လုပ်အားမပေးနိုင်။ အလုပ်လုပ်နိုင်သူများသာ နိုင်ငံသစ် ထူထောင်နိုင်မည့် စွမ်းအားရှင်များဖြစ်ပေသည်။

အလုပ်လုပ်နိုင်သည့် လူငယ်များအနက် တကယ်အလုပ်လုပ်သူက တစ်ဝက်လောက်သာရှိသည်။ ကျန်အင်အားသည် လေလွင့်ပြုန်း

တီးအင်အား။ ထိုအင်အားတွင် ကျန်းမာရေးချို့ယွင်းသူ၊ ပေါ်ကြော့နေထိုင်သူ၊ လေလွင့်ဆိုးသွမ်းနေသူ၊ ဖောက်ပြန်သောင်းကျန်းနေသူများ ပါဝင်သည်။ ထိုသူများသည် နိုင်ငံတော် ထူထောင်ရာ၌ ·မပါဝင်ဘဲ တာဝန်မဲ့နေထိုင်သူများ ဖြစ်သည်။

မည်သည့်ခေတ်တွင်မဆို နိုင်ငံထူထောင်ရာ၌ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဆောင်ရွက်ဖို့လိုသည်။ အလုပ်လုပ်နိုင်သူတိုင်း အလုပ်လုပ်ဖို့လိုသည်။ မကောင်း၍ ဘေးဖယ်ထားလျှင် လုပ်အားဆုံးရှုံးဖွယ်ရာ သာရှိသည်။ မကောင်းသည်ကို ကောင်းအောင်ပြုပြင်မှသာ လုပ်အား အပြည့်အဝရမည်။ သို့မှသာ ရည်မှန်းသည့်ပန်းတိုင်ကို နှစ်တိုတိုအတွင်း ရောက်နိုင်ပေသည်။

နိုင်ငံသစ်ထူထောင်ရာ၌ စွမ်းအားရှင်လူငယ်များ၏ စွမ်းဆောင်ရည်က ပဓာနကျသည်။ လူငယ်များအပေါ်၌ အခြေတည်နေသည်။ လူငယ်များ စွမ်းအားပြည့်လျှင် လျင်မြန်စွာ တိုးတက်မည်ဖြစ်ရာ လူငယ်စွမ်းအားကို စနစ်တကျ ထုတ်နုတ်သုံးစွဲဖို့လိုသည်။ လူငယ်များကို နေရာမှန်တွင် အကွက်ချ တာဝန်ပေးလျှင် နိုင်ငံတော်သစ်ကြီးက အမြန်ပေါ်ထွန်းလာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ စွမ်းအားရှင် လူငယ်များကို လေလွင့်ပြုန်းတီးမှုမခံဘဲ၊ အကျိုးရှိစွာ အသုံးပြုရန်မှာ ယနေ့ ကျွန်ုပ်တို့ တာဝန်ဖြစ်သည်။ တိုင်းပြည်အတွက် "စွမ်းအားရှင် လူငယ်များ" အား ပြုစုပျိုးထောင်သင့်ကြောင်း ဤပြဇာတ်ဖြင့် မီးမောင်းထိုးပြလိုက်ရပေသည်။

မောင်ဆန္ဒ (လယ်ဝေး)



## ပါဝင်သရုပ်ဆောင်သူများ

| | | |
|---|---|---|
| ၁။ | ဦးဘစိန် | ပညာရေးအရာထမ်း (ငြိမ်း) |
| ၂။ | ဦးသက်ဦး | ဘဏ်အရာရှိ (ငြိမ်း) |
| ၃။ | ဒေါ်ခင်မမ | ဦးဘစိန်၏ဇနီး၊ အိမ်မှုပွဲတား၊ ဥစ္စာဓန ပြည့်စုံသူ |
| ၄။ | ကိုထင်ပေါ်+မအိ | ဦးဘစိန်ဒေါ်ခင်မမတို့၏ သားနှင့်ချွေးမ |
| ၅။ | မလှဲ့လှဲ့စိုး | ဦးဘစိန်တို့၏မြေး၊ ကိုထင်ပေါ်၏သမီး |
| ၆။ | တိုးမောင် | ဆေးခြောက်စွဲပြီး ကလေကချေ လမ်းဘေးတွင်ဖြစ်သလိုနေသည့် ၁၆ နှစ်အရွယ် လူငယ်ကလေး |
| ၇။ | ဒေါ်မြင့်မြတ် | အထက်တန်းပြဆရာမ၊ ဦးသက်ဦး၏ သမီးအပျိုကြီး |
| ၈။ | ပြေမောင်၊ နောက်တိုး<br>စန္ဒီလှမျိုး၊ သူဇာနွယ်<br>ကောင်းဆု၊ တိုးထက်<br>တင်ဦး၊ ပေစီ | အထက်တန်းကျောင်းသူ/ကျောင်းသားများ |
| ၉။ | ရာကွတ် | နိဗ္ဗာန်ဘုံတီးဟောက်ပိုင်ရှင် |
| ၁၀။ | မြို့နယ်မှူးဦးဘသော်<br>ရဲအုပ်ဇော်ဝင်း<br>ရဲသားနိုင်ကြီး<br>ပေါက်စ၊ အေးချို | မြို့နယ်ရဲတပ်ဖွဲ့ |

| | | |
|---|---|---|
| ၁၁။ | ဦးသိန်းလွင်<br>ခင်စပယ်စိုး<br>ဦးအောင်ကိုဝင်း<br>အခြားအဖွဲ့ဝင်များ | မြို့နယ်မှုးယစ်ဆေးဝါးဆန့်ကျင်ရေး<br>အသင်းဝင်များ |
| ၁၂။ | မြတ်ကေသီနှင့်အဘွား | |
| ၁၃။ | ဒေါက်တာဘမောင်<br>ဦးအောင်ကျော်ဆန်း | ကျွမ်းကျင်ပညာရှင်များ |
| ၁၄။ | ဦးတင်ရီ | မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ |
| ၁၅။ | ဦးပိုင် | မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့<br>ဥက္ကဋ္ဌ |
| ၁၆။ | ဦးစိန်မောင် | မြို့နယ်အားကစားမှူး |
| ၁၇။ | တပ်မတော်သားများ | |
| ၁၈။ | ကျောင်းသူကျောင်းသားများ | |
| ၁၉။ | အခြားလိုအပ်သည့်ဇာတ်ရုပ်များ | |

# ပြကွက် (၁)

**နေရာ** မြိုင်သာယာမြို့နယ်၏ မြို့ပတ်လမ်း။

**အချိန်** နံနက်ဝေလီဝေလင်း၊ မြူနှင်းတို့ဝေလျက် တဖွဲဖွဲ မိုးသည်းသည့်နယ်ကျနေချိန်။

**အခင်းအနား** မြို့ပတ်လမ်းတစ်လျှောက်တွင် အရိပ်ရ သစ်ပင်များရှိနေ ပြီး၊ အရှေ့အရပ်အဝေးဆီတွင် မှုန်ပျပျ တောင်တန်း၊ ထိုတောင်တန်းထက်တွင် ကြည်ညို့ဖွယ် ထုံးဖြူဖြူ စေတီနှစ်ဆူ၊ တောင်ခြေတွင် တသွင်သွင်စီးဆင်းနေသော စမ်းချောင်းလေး၊ စမ်းချောင်းနှင့် မြို့အကြားတွင် မြစိမ်းရောင် ကမ္ဗလာစဖြန့်ခင်းထားသည့်အလား စိမ်းစိုစို မြက်ခင်း၊ ရွှေဝါရောင်သန်းနေသည့် စပါးခင်းများ ပါဝင်သည့် ရှုခင်းရေးခြယ်ထားသည့် ပန်းချီကားချပ်ကို အထက်ခွင်ပြည့် ဆင်ထားရမည်။ အောက်ခွင်ရှိ မြို့ပတ်လမ်းတွင် အနေးယာဉ် ရပ်နားဂိတ်၊ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာ တစ်ခုဖြစ်သော လမ်းဘေးရေချမ်းစင်တို့ကို ပုံတူထိုးကားများဖြင့် ခင်းကျင်းထားရမည်။

**မီး** အထက်ခွင်တွင် နောက်ခံရှုခင်းအဖြစ်ချထားသော ပန်းချီကားချပ်၏ရှုခင်းအလှ ပေါ်လွင်စေရန် အောက်မီးဖြင့် ပင့်ထိုးထား။

**ဇာတ်ဝင်ပစ္စည်း** အသံသွင်းတိတ်ခွေကို ကြိုတင်သွင်းထားပြီး၊ ဒီဇင်ဘာအားကစားလ၏ သရုပ်သကန်ပေါ်လွင်စေရန် နောက်ခံတေးသီချင်းများ ဖွင့်ပေးထားရမည်။

ကခွင်အထက် လူသွားလမ်းပေါ်ရှိ လူတွေ ပြောဆိုသံကြားရအောင် စကားပြောခွက်ကို အပေါ်မှချပေးထား။ လမ်းလျှောက်ရင်း စကားပြောသံကြားရအောင် သင့်ရာတွင် စကားပြောခွက်များ အဆင်သင့်ပေးထား။ တီးဝိုင်းမှဇာတ်ကောင်များ၏ လှုပ်ရှားမှုနှင့် လိုက်လျောသည့် တီးလုံးဖြည့်ပေး။

ကီးဘုတ် (သို့မဟုတ်) စန္ဒယားဖြင့် မို့ပေး။

**အသံ** လမ်းလျှောက်တုတ်၊ အားကစားဆိုင်ရာ အထောက်အကူပစ္စည်း၊ စက်ဘီး၊ ဆိုက္ကား၊ တက္ကစီကား၊ ခရီးသည်တင်ဘတ်(စ်) ကား၊ ကုန်တင်ကားကြီးများ။

**အဝတ်အစား** သက်ကြီးရွယ်အို လမ်းလျှောက်သူများအတွက် အနွေးထည်၊ ဘောင်းဘီ၊ ခေါင်းစွပ်၊ ခြေအိတ်၊ လက်အိတ်။ လူငယ်အားကစားသမားများအတွက် ထရက်ဆု၊ ဘောင်းဘီတိုရှည်၊ စွပ်ကျယ်လက်ပြတ်။



**ဇာတ်ညွှန်း** ပြဇာတ်ဒါရိုက်တာ၏ ဇာတ်ဖွင့် အချီးအမွမ်း စကားဆုံးလျှင်။ "စောစော အိပ်လို့ ××× စောစောထလို့ ××× စောစော လမ်းလျှောက်ကြပါစို့" ဟူသည့် တေးသီချင်းကို မတိုးမကျယ် ဖွင့်ပေးထား။ ဒီဇင်ဘာ အားကစားလ၏ သရုပ်မှန်ပုံပေါ်သောအခါ အသံကို ပြေပြေဖြည်းဖြည်း တီးပေး။ စန္ဒယားသံကြားသည်နှင့် ကခွင်၏ ညာအောက်ခွင်မှ အားကစားဝတ်စုံ ဝတ်ထားသည့် လူငယ်လေးနှစ်ဦး ခပ်ဖြည်းဖြည်းချင်း ပြေးလာ . . .။ ထိုသူနှစ်ဦး ကခွင်အလယ်လောက်အရောက်တွင် အထက်ခွင်ဘယ်ဘက်မှ အားကစားဝတ်စုံဝတ်ထား သည့် မိန်းမပျို လေးသုံးယောက် ရင်ပေါင်တန်း လမ်းလျှောက်လာ။ မိန်းကလေးများတွေ့သော် လူငယ်လေးနှစ်ယောက်က ပြေးရင်း လက်ပြနှုတ်ဆက် မိန်းကလေးများက အပြန်အလှန်နှုတ်ဆက်ရင်း လွန် သွားသည်နှင့် လူငယ်လေးတစ်ယောက်က နောက်ပြန်ပြေး။ အခြားတစ်ယောက်က ထို လူငယ်၏ခေါင်းကို ပုတ်လျက်၊ ကောင်းကောင်း ပြေးစမ်းပါဟူသော အမူအရာဖြင့် ပြောချိန်၊ မိန်းကလေးတစ်ယောက်က လည်ပြန်လှည့် ကြည့်။ အကြည့်ချင်းဆုံသော လူငယ်နှင့် လုံမယ်သည် အချင်းချင်း လက်ပြနှုတ်ဆက်။ လူငယ်

လေးက Peace and Love ဟူသော အမှု အရာဖြင့် နှုတ်ခမ်းနား လက်ချောင်းကပ်လိုက်ပြီး၊ လက်ညှိုးနှင့် လက်ခလယ်ထောင်ပြ။ လုံမယ်က လက်ပြပြီး အဖော်များနှင့်အတူ လမ်းလျှောက် ရင်း တစ်ဖက်ကားကြားဝင်သွား။ ထိုဝင်သွား သည့်ဘက်မှပင် ဘောလုံးဂျာစီဝတ်ထားသည့် လူငယ်လေးက ဘောလုံး ပိုက်ထွက်လာ။ လက်ထဲမှ ဘောလုံးကိုမြှောက်လျက် ခေါင်းနှင့် တော့ကစား။ ထို့နောက် ဘောလုံးကိုချလျက် တို့ကာ တို့ကာ ကစားရင်း အထဲဝင်သွား။ ထိုသို့ ဝင်သွားချိန်မှာပင် တီးဝိုင်းမှ မြန်မာ့ အားကစား ကမ္ဘာကို လွှမ်းစေရမည်ဟူသည့် သီချင်းကို အသံမြှင့်တီး။ အတီးပုဒ်ချခါနီးတွင် အောက်ခွင် ဘယ်ဘက်တိုင်ပုံ။ ပုဏ္ဏားကွယ်နောက်မှ အ သက် ခုနစ်ဆယ်နားချဉ်းနေပြီဖြစ်သည့် အငြိမ်းစားပညာရေး ဝန်ထမ်း ဦးဘစိန်နှင့် ဦးသက်ဦး ကျန်းမာရေးလေ့ကျင့် လမ်းလျှောက် လာ။ ဦးဘစိန်က ဦးသက်ဦးဘက်လှည့်ပြော။

**ဦးဘစိန်** အင်း . . . ကျုပ်တို့ ခင်ဗျားတို့လည်း ခုမှ စိတ်အေး လက်အေး နေနိုင်တယ်၊ ပင်စင်ယူမှပဲ အခုလို လမ်း လျှောက်နိုင်တယ် ကိုသက်ဦးရေ . . .



**ဦးသက်ဦး** ဟုတ်ပ၊ ဝန်ထမ်းဘဝတုန်းကတော့ ကိုယ့်အလုပ် နဲ့ ကိုယ် ချာချာလည်နေတာကိုး။ မိုးလင်းတာနဲ့ အလုပ်ထဲ စိတ်သောကရောက်နေတယ်၊ မှန်တာ ပြောရရင် ရုံးချိန်မီရောက်အောင် အားထုတ် ရတာကကို တာဝန်ကြီးတစ်ခု။

**ဦးဘစိန်** ရုံးကားပေးနိုင်တဲ့ ဌာနတွေကတော့ နည်းနည်း အဆင်ပြေသဗျ။ ဒါကလည်း မဆိုသလောက်ပါ။ ဘတ်(စ) ကားစီးတဲ့ ဝန်ထမ်းထက် မိနစ် နှစ်ဆယ်၊ သုံးဆယ် လောက်အချိန်ရမှာပေါ့။ (ထိုစဉ် လူငယ်မောင်မယ်နှစ်ဦး ယှဉ်တွဲလျက် စက်ဘီး အပြင်းစီးလာသဖြင့် မတိုက်မိအောင် ဘေးဆင်း လျှောက်။ အကြောင်းမဲ့ အရှိန်မြှင့် စီးသည့် လူငယ်မောင် မယ်ကိုကြည့်ပြီး စိတ်ပျက် ဟန်ဖြင့် ခေါင်းခါရမ်း)

**ဦးသက်ဦး** တစ်သက်လုံး ကားစီးခဲ့တာ ဘာမှမဖြစ်ဘဲ အသက် ခုနစ်ဆယ်နားနီးမှ စက်ဘီးအတိုက်ခံ နေရဦးမယ်။

**ဦးဘစိန်** ခေတ်ကလေးတွေ အပြုအမူရိုင်းသဗျာ . . . လူကြီး သူမနားရောက်ရင် ဆင်းမတွန်းဘူးထား၊ အရှိန်လျှော့ စီးသင့်တယ်။

**ဦးသက်ဦး** အဲ့ဒါ သူငယ်ချင်းတို့ ဌာနက လိုအပ်ချက်ပဲ။

**ဦးဘစိန်** (စောင်းငဲ့ကြည့်ပြီး လေသံမာမာဖြင့်ပြော) ဘာ ဆိုင်လို့လဲ။

**ဦးသက်ဦး** ကျောင်းသားအရွယ်ကတည်းက ဆုံးမသွန်သင် လွှတ်ရမယ်လေ . . .။

**ဦးဘစိန်** ကျောင်းဆိုတာဘာမှန်းမသိ၊ စာမသင်၊ အဆုံးအမ မခံဘူးသူတွေဆို ဘယ်လိုလုပ်မလဲ။

**ဦးသက်ဦး** ခေတ်ကလေးတွေအပြော အပြုရိုင်းကုန်ကြပြီ။ သူငယ်ချင်းတို့ ကျုပ်တို့ ခေတ်ကလိုမဟုတ်ဘူး။

**ဦးဘစိန်** အဟက်၊ ဒီစကားကို ကျုပ်တို့ ဘိုးဘွား၊ မိဘ ဦးကြီး ဒေါ်ကြီးတို့က ကျုပ်တို့ကို ပြောခဲ့ကြပါတယ်၊ လူကြီးမျက်စိနဲ့ကြည့်တော့ လူငယ်တွေ အပြုအမူက အမြဲရိုင်းတယ်ထင်ကြတာ မဟုတ်လား . . . ဘယ်သူမှ မသိဘူးလေ။

**ဦးသက်ဦး** ဒါထက်၊ သူငယ်ချင်းအမယ်ကြီးကိုလည်း လမ်းလျှောက်ခိုင်းဦးမယ် ပြောနေတာကြာပြီ၊ ဘာလဲ ခေါ်မရဘူးလား။

**ဦးဘစိန်** ခေါ်ပါတယ်ဗျာ . . . လမ်းလျှောက်ဖို့ နိှုးရင် ချမ်းတယ်၊ အိပ်ချင်သေးတယ်ဆိုပြီး စောင်တင်းတင်းခြုံအိပ်တော့တာပဲ။

**ဦးသက်ဦး** စည်းရုံးလေ ကိုယ့်လူရ။ ခင်ဗျားအမယ်ကြီးပုံက ရုပ်ရှင်ထဲက မစိန်ခင်ကြီးပုံ ပေါက်နေပြီ။

**ဦးဘစိန်** ကစ်ကစ်တို့ ပွင့်တို့ လုပ်ပါဗျာ . . .။

**ဦးသက်ဦး** ကျုပ်တို့ခင်ဗျားတို့ခေတ်က ကစ်ကစ်ခေတ် မဟုတ်ဘူးလေ၊ ဒေါ်စိန်ခင်တို့ ဒေါ်ချမ်းစိန်တို့



ခေတ်၊ အင်း . . . အဲ့ဒီအနုပညာရှင်ကြီးတွေတောင် မရှိတော့ဘူးနော်၊ အေးလေ ရှိရင်လည်း ကိုးဆယ်တစ်ရာနား ရောက်နေပြီ။

**ဦးဘစိန်** မရှိသေးလောက်ဘူးဗျ၊ ယယ်ငယ်ရွယ်ရွယ်ဘဝနဲ့ သေ ကြတာ . . . ကွယ်လွန်ချိန်မှာ လွန်ရော ကျုံရောရှိလှ ခြောက်ဆယ်ပေါ့။

**ဦးသက်ဦး** လူ့သက်တမ်းတွေက ဆုတ်ဆုတ်လာပြီ နောင်ဘုရား ဟောတာတွေက အက်ထိမှန်တယ် ခုဆို လူ့သက်တမ်းက ငါးဆယ်၊ ခြောက်ဆယ်နား ရောက်နေပြီ။

**ဦးဘစိန်** ဆုတ်ကပ်ထဲ လူဖြစ်လာတာနော် . . . ကိုယ့်အသက် ရှာကြံမမွေးရင် အသက်ရှည်ဖို့ လမ်းမမြင်ဘူး။ စောစောက ကြားလိုက်တဲ့ သီချင်းထဲကလို ကိုယ်ခန္ဓာ ကျန်းမာသန်စွမ်းဖို့ စောစောထလမ်းလျှောက်ကြရမယ်။

**ဦးသက်ဦး** လမ်းလျှောက်ရုံလောက်နဲ့ အသက်ရှည်ဖို့ မလုံလောက်ဘူး။ ကျန်းမာရေးနဲ့ ညီညွတ်အောင် နေရစားရမယ်၊ အသက်ဉာဏ်စောင့်တဲ့သူငယ်ချင်းရေ . . .။

**ဦးဘစိန်** (လမ်းလျှောက်စကားပြောနေရာမှ ရပ်လျက် လက်များ ဘယ်ညာဝှေ့ရမ်း။ ခေါင်းခါ၊ ခြေလက်လှုပ်ရှားပြီး လေကောင်းလေသန့်ရှူဟန်ပြ)

ကျန်းမာရေးအတွက် အစာလည်းဆေး၊ ဆေးလည်း အစာဆိုစကားတော့ရှိပါရဲ့ ဒီနေ့ ကျုပ်တို့ စားနေတဲ့ အစားအစာတွေက မလတ်ဆတ်တာ ခက်တယ်။

**ဦးသက်ဦး** လတ်လတ်ဆတ်ဆတ်စားချင်ရင်တော့ ကိုယ်တိုင်စိုက်မှ ရမယ်၊ သူငယ်ချင်းခြံက ကျယ်ပါတယ်၊ စိုက်ပျိုးထားပါလား။

**ဦးဘစိန်** အဟ၊ အပြောတောင် နောက်ကျနေပြီ။ ခြံထဲမှာ ဘူးရော၊ ချဉ်ပေါင်ပါစိုက်ထားတယ်၊ ချဉ်ပေါင်ကတော့ စားနေရပြီ။ ဗူးကတော့ ခုမှ သီးကင်းထိုးတယ်။

**ဦးသက်ဦး** (အံ့ဩဟန်ဖြင့်) အဟုတ်။

**ဦးဘစိန်** မယုံရင် အိမ်ဘက်လိုက်ခဲ့။ ချဉ်ပေါင်ရွက် တစ်အိုးချက် လက်ဆောင်ပေးလိုက်ပါမယ်။

**ဦးသက်ဦး** မလိုက်တော့ပါဘူး။ သူငယ်ချင်းအဲလို စိုက်စားရင် အိုကေတယ်၊ ဈေးကဝယ်စားတဲ့ အသီးအရွက်တွေက ပိုးသတ်ဆေးတွေဖျန်း၊ မြေဩဇာတွေ နင်းကန်ကျွေး၊ မလိုအပ်တဲ့ အထောက်အကူတွေထည့်တော့ ဘေးများလှသဗျာ . .။

**ဦးသက်စိန်** ဒါကြောင့် ကိုယ်တိုင်စိုက်စားနေတာပေါ့၊ ကဲ . . . ပြောပြောဆိုဆို လမ်းလျှောက်လာတာ မြို့တစ်ပတ် ပတ်မိပြီ။ ဒါလေးတော့ နေ့စဉ်မပျက်လုပ်ဖို့ လိုတယ် သူငယ်ချင်းရေ . . .။



**ဦးသက်ဦး** ကျုပ်တို့ချည်းမဟုတ်သေးဘူး၊ အိမ်က ကျောင်းအစ်မတွေလည်း လက်တွဲခေါ်ဖို့ လိုတယ်၊ သေအတူ ရှင်မကွာ မခွဲအတူ နေနိုင်အောင်လို့လေ . . .။

**ဦးဘစိန်** အိုကေ . . . အိုကေ ဒါနဲ့ ညနေဘက် မြို့နယ်အားကစား ကွင်းဘက်လျှောက်ဦးမလား။

**ဦးသက်ဦး** ဟ မသွားလို့ဖြစ်မလား . . . ကိုကျော့မောင်ကြီး ခြင်းလုံးတစ်လုံးနဲ့ မျှော်နေမယ်၊ ခြင်းတစ်ဝိုင်းတော့ ခတ်သေးတာပေါ့။

**ဦးဘစိန်** အိုကေ . . . အိုကေ၊ ကဲ ဒါဆို ဂွတ်ဘိုင်။

**ဦးသက်ဦး** ဘိုင် . . . ဘိုင်ဘိုင်။

**ဇာတ်ညွှန်း** တစ်ဦးကိုတစ်ဦး လက်ပြနှုတ်ဆက်လျက် လူချင်းခွဲပြီး ကခွင်တစ်ဖက် တစ်ချက်ဝင်သွားချိန်တွင် တီးဝိုင်းမှ "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" ဟူသော တီးလုံး ဖြင့်ကားလိပ်ချ။

❖ ❖ ❖

# ပြကွက် (၂)

**နေရာ** ဦးဘစိန်၏အိမ်ဂေဟာ

**အချိန်** နံနက်ပိုင်း။

**အခင်းအနား** ခြံဝန်းနှင့် သပ်သပ်ရပ်ရပ် တည်ဆောက်ထားသည့် အိမ်၊ ခြံဝန်းအတွင်း ရှိရောင်စုံပန်းများ ပူးပွင့်နေသည့် ပန်းခြံ၊ ခန့်ညားထည်ဝါသည့် အဆင်အပြင် အခင်းအကျင်းရှိသည့် အိမ်တစ်လုံးပုံ ပန်းချီကားချပ်ကို အထက်ခွင်တွင် ချထား။

**မီး** ကခွင်တစ်ခုလုံး လင်းလင်းရှင်းရှင်း မြင်နိုင်ရန် ခွင်ပြည့် မီးတင်ပေးထားရမည်။

**အသံ** ကခွင်တွင် လှုပ်ရှားမည့် ဇာတ်ရုပ်များ၏ အသံကို ပီပြင်စွာကြားနိုင်အောင် စကားပြောခွက်များ တပ်ဆင်ထား။

**ဇာတ်ဝင်ပစ္စည်း** ဦးဘစိန်၏မြေး မလဲ့လဲ့စိုး ဝတ်ဆင်သည့် ဂါဝန်အင်္ကျီ၊ ဦးဘစိန်၏လမ်းလျှောက်ဝတ်စုံ။

**ဇာတ်ညွှန်း** အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ကခွင်အထက် ညာဘက်မှ ဦးဘစိန်က လမ်းလျှောက်ပြီး ပြန်လာ





တန်ဝင်လာ . . . လက်ထဲတွင် အကြံဝယ်လာသည့် မုန့်ပဲသရေစာထုပ်များ ကိုင်ထား။ လဲ့လဲ့စိုးက တိုက် ရှေ့တွင် တစ်ယောက်တည်း ဆော့နေရာမှ ဘိုးအေကို လှမ်းမြင်၊ လက်ထဲမှ မုန့်ထုပ်များမြင်၍ အူယား ဖားယားပြေးလာ။

**လဲ့လဲ့စိုး** ဟော ဘိုးဘိုးပြန်လာပြီ၊ အယ် . . . မုန့်တွေ ပါလာတယ်။

**ဦးဘစိန်** ဟဲ့ဟဲ့ ခုန်းပြေးမလာနဲ့ မတော်တဆ လဲသွားမယ်၊ (ပြေးလာသည့် မြေးမလေးလဲမည်စိုးသဖြင့် ခြေလှမ်းကျဲကျဲနှင့် လှမ်းသွားပြီး မြေးမလေးကို ဆီးကြိုပွေ့လိုက်)
ဘာဖြစ်လို့ အဲ့ဒီလို ပြေးရတာလဲ။

**လဲ့လဲ့စိုး** မုန့်ပါလာတယ်လား . . .

**ဦးဘစိန်** ဘဘ လမ်းလျှောက်က ပြန်လာတိုင်း အမြဲဝယ်နေကျဘဲမြေးရယ်၊ မြေးလေးကြိုက်တဲ့ ရေမုန့်လည်းပါတယ်၊ ဘွားဘွားကြီးအတွက် အီကြာကွေးလည်းပါတယ် . . . . သမီးရဲ့ မေမေနဲ့ဖေဖေတို့ အကြော်ကြွေလည်းဝယ်လာတယ်။

**လဲ့လဲ့စိုး** (ပျော်မြူးနေသည့် အမူအရာဖြင့် ခုန်ဆွခုန်ဆွလုပ်ရင်း) ပေး ပေး . . . မြေးကိုင်မယ်

ဦးဘစိန် — ဘဘ ကိုင်ခဲ့ပါ့မယ်၊ ကလေးရယ် . . မတော်တဆ လွတ်ကျနေပါဦးမယ်၊ ဂေါကယ်ပဲ အစားနဲ့ ပတ်သက်ရင် ငမ်းငမ်းတက်၊ ကြည့်စမ်း အစားများလို့ ဝက်ပုတ်လေးလည်းဖြစ်နေပြီ

လဲ့လဲ့စိုး — ဟုတ်ပဲနဲ့။

ဦးဘစိန် — (မြေးမလေး၏ ကန့်ကလျ အမူအရာကြည့်ပြီး သဘောကျဟန်ဖြင့်ရယ်) ဘယ်ကမဟုတ်ရမှာလဲ ကိုယ့်ပုံကိုယ်လည်း ပြန်ကြည့်ပါဦး။ ဒီ့ထက်ပိုဝလာရင် မလှတော့ဘဲဖြစ်နေမယ်၊ မိန်းကလေးဆိုတာ သေးသေးသွယ်သွယ်နဲ့ အချိုးကျရတယ်ဗျ။

လဲ့လဲ့စိုး — (လှချင်ပချင်စိတ်ရှိသည့် မိန်းကလေးပီပီ မလှဘဲဖြစ်နေမယ်ဆို၍ ထိတ်လန့်သည့် အမူအရာဖြင့် မျက်လုံးလေးပြူးကာ သူ့ကိုယ်ကို ပြန်ကြည့်) အစားစားရင်ဝသလား ဘိုးဘိုး။

ဦးဘစိန် — အမှန်ပေါ့ဗျာ . . အစာကို တရားလွန်စားရင် ဝလာမှာပေါ့။
ဘဘပဲစားစား ချင့်ချင့်ချိန်ချိန်စားရတယ်။

လဲ့လဲ့စိုး — ဒါဆို ဘိုးဘိုးဝယ်လာတာတွေ မြေးမစားတော့ဘူး

(မြေးအဘိုးနှစ်ယောက် စကားပြောနေစဉ် ဘွားအေကြီးက အိမ်သက်မှဆင်းလာ အိမ်ရှေ့တွင်)

ဒေါ်ခင်မမ — ဟော ဟိုမြေး အဘိုးက ဘာစကားတွေ ပြောတာမို့ လမ်းမှာတင် ရပ်ပြောနေတာကြတာလဲ . . အိမ်ပေါ်မှာပြောလို့မရဘူးလား။



ဦးဘစိန် — (ဇနီးသည် စကားကြောင့် ခေါင်းမော်ကြည့်ပြီး ပြုံးလိုက်လျက်)
ဒီမယ်အမယ်ကြီးရေ . . ခင်ဗျားမြေးက အစားအသောက်မြင်တာနဲ့ ငမ်းငမ်းတက်နေလို့။

လဲ့လဲ့စိုး — မြေးက မငမ်းပါဘူးနော်၊ ဘိုးဘိုးကြီးဆွဲလာရတာ လက်ညောင်းနေမှာစိုးလို့ပါ။

ဦးဘစိန် — (သူ့မြေးမလေးပြောစကားကို သဘောကျဟန်ဖြင့် တဟားဟား ရယ်ရင်း၊ လိမ္မာပါးနပ်မှုကို ချီးကျူးဟန်ဖြင့် ခေါင်းသပ်ရင်း) ဟုတ်ပါပြီဗျာ . . . မငမ်းပါဘူး၊ မငမ်းပါဘူး၊ ကဲလာ အိမ်ပေါ်သွားကြမယ်။ (မြေးအဘိုးနှစ်ယောက် လက်တွဲလျှောက်လာပြီး လာစောင့်ကြိုနေသော ဘွားအေကြီး လက်ထဲ မုန့်များထည့်ပေးလိုက်စေ။ မြေးအဘိုးနှစ်ဦးက ညှော်ခန်းရှိ ကုလားထိုင်တွင် ဝင်ထိုင်၊ ဘွားအေကြီးက အထုပ်အပိုးများယူလျက် မီးဖိုချောင်ထဲဝင်သွား)

လဲ့လဲ့စိုး — ဘိုးဘိုး ခုနစကားပြန်ပြောပါဦး။

ဦးဘစိန် — ဘာပါလိမ့်။

လဲ့လဲ့စိုး — တန်ဆေးလွန်ဘေး ဆိုတာလေ . . .

ဦးဘစိန် — (စဉ်းစားပြီး ပြောဟန်ပြု) သြော် . . .ဒါလား။ အစားအသောက်ဆိုတာက မစားလို့လည်း မရဘူးမြေးရဲ့၊ လူကိုအာဟာရစောင့်သကိုး၊ ရေ

အသက်တစ်မနက်၊ထမင်း အသက်ခုနစ်ရက်တဲ့၊ လူဟာရေမသောက်ဘဲ အသက်မရှင်နိုင်ဘူး၊ လူ့ခန္ဓာ ကိုယ်ထဲက ရေဓာတ်တွေလျော့သွား၊ ခန်းခြောက်သွားရင် အန္တရာယ်ရှိတယ်၊ ထိုနည်းတူပဲ လူမှာလိုအပ်တဲ့အစားအစာ မပြည့်ဆည်းပေးရင် ခုနစ်ရက်ထက်ပိုမခံဘူး၊ အာဟာရပြတ်ပြီး အားအင်ကုန်ခန်းသွားတာပေါ့။

**လဲ့လဲ့စိုး** ဒါကြောင့် မြေးက မုန့်စားမယ်ပြောတာပေါ့။

**ဦးဘစိန်** (သဘောကျဟန်ဖြင့်ရယ်) အတဲဟဲ၊ အဲ့ဒါပြောတာပေါ့၊စားတာကစား၊ အလွန်အကျွံ မစားမိဖို့တော့ လိုတယ်။

**လဲ့လဲ့စိုး** အလွန်အကျွံစားတော့ ဘာဖြစ်လဲဘိုးဘိုး။

**ဦးဘစိန်** ဇူဇကာပုဏ္ဏား၊ လျှာအကုန်စားတော့ မာလကီးယားတာပေါ့ဗျ။

**လဲ့လဲ့စိုး** မာလကီးယားဆိုတာ ဘာဖြစ်တာလဲဘိုးဘိုး။

**ဦးဘစိန်** အဲဒီ ကုလားစကားပြောတာမြေးရဲ့၊ မြန်မာလိုကသေတာ. . . ယဉ်ကျေးအောင်ပြောရင် ကွယ်လွန်တယ်၊ အနိစ္စရောက်တယ်လို့ ပြောရတယ်၊ လူတော့ သေတယ်၊ ဘုန်းကြီးကျတော့ ပျံလွန်တော်မူတယ်၊ ဘုရင်ကျတော့ နတ်ရွာစံတယ်၊ နတ်တွေကျတော့ ကံကုန်တယ်၊ နတ်သက်ခြွေတယ်၊ ရဟန္တာများကျတော့ နိဗ္ဗာန်ရောက်တယ်လို့ပြောရတယ်. . .



**လဲ့လဲ့စိုး** ဟင် ဘိုးဘိုး စကားတွေကရှုပ်နေတာပဲ သေတယ် ဆိုတာပဲ မှတ်ရလွယ်တယ်။

**ဦးဘစိန်** ကဲ ထားပါ. . အစားကျူးတဲ့အတွက် ဇူဇကာပုဏ္ဏား သေရတဲ့ သာဓကရှိတယ်၊ ဝေသန္တရာဇာတ်မှာပေါ့၊ ဝေသန္တရာမင်းကြီးက သမီးနဲ့သားဇာလီနဲ့ကဏှာစိန်ကို ပုဏ္ဏားကိုပေးလှူလိုက်တယ်။

**လဲ့လဲ့စိုး** ဘာလို့ပေးလှူတာလဲ ဘိုးဘိုး။

**ဦးဘစိန်** သူတော်ကောင်းတွေဟာ အလှူခံသူရှိရင် ပေးလှူကြတာပဲလေ. . .ဇူဇကာ ပုဏ္ဏားကအိမ်မှာခိုင်းဖို့ ကလေးနှစ်ယောက်ကို အလှူခံလာတော့ ဘုရားအလောင်းက ဒါနပါရမီဖြည့်တဲ့အနေနဲ့ လှူလိုက်တာ။

**လဲ့လဲ့စိုး** ဒါတော့ မကောင်းဘူး၊ ကိုယ့်သားသမီးကို တခြားလူပေးရတယ်လို့ပဲ။

**ဦးဘစိန်** အေးအေး ခုနေခါမှာ သမီးကိုပြောပြလို့ နားလည်နိုင်မှာမဟုတ်ဘူး၊ အဲဒီလို လှူတယ်လို့ပဲ မှတ်။ အလှူခံလာတဲ့ ကလေးတွေကို အဘိုးဖြစ်သူက တွေ့တော့ ပိုက်ဆံပေးရွေးပြီး ပုဏ္ဏားသဘောကျအောင် ကျွေးမွေးဧည့်ခံတယ်၊ မစားဖူးတဲ့အစား အစာတွေတွေ့တော့ စားပိုးနင့်အောင် စားလိုက်တာ အတိုင်းအဆမရှိစားမိတော့ အစာမကြေဘဲ သေသွားရော. . .။

**လဲ့လဲ့စိုး** သေအောင်တောင်စားသလား ဘိုးဘိုး။

**ဦးဘစိန်** အဲ့ဒီကြောင့် ပြောတာလေ တန်ရုံစားရင် အာဟာရ ဖြစ်တယ်၊ ကျန်းမာရေးအတွက် ဆေးဖြစ်တယ်၊ အဲ တရားလွန်စားရင်တော့ ဘေးဥပဒ် ဖြစ်ကရောတဲ့ဗျာ. . .။

(ထိုစဉ်မှာပင် ဘွားအေကြီးက မုန့်ပဲသရေစာများနှင့် ကော်ဖီများပြင်ဆင်ယူလာ၊ စားပွဲပေါ်ချ လဲ့လဲ့စိုးက အစားအသောက်များကြည့်ပြီး မျက်လုံးဝိုင်းလေးနှင့်ကြည့်နေ)

**ဒေါ်ခင်မမ** ကဲ. . . စကားကောင်းမနေနဲ့ အစားအသောက်တွေ မအေးခင်စားကြရအောင်. . .။

**လဲ့လဲ့စိုး** ဘိုးဘိုး ပြောတာနဲ့ မစားရဲတော့ဘူး။

**ဦးဘစိန်** (သဘောကျဟန်ဖြင့်ရယ်) အဘိုးပြောတာ တန်ဆေးလွန်ဘေးပါဗျ၊ ခုဟာက အာဟာရအတွက် နည်းနည်းပါးပါးတော့ စားပါ။

**ဒေါ်ခင်မမ** (အပြစ်တင်သည့် လေသံဖြင့် မျက်မှောင်ကုတ်လျက်ပြော) အဖေကြီးက ကလေးကို ဘာတွေပြောတာလဲ အစားအသောက်နဲ့ မပိတ်ပင်ပါနဲ့ ကျုပ်မကြိုက်ဘူး။

**ဦးဘစိန်** ဟောဗျာ. . . ကျုပ်ပြောတာက အလွန်အကျွံ မစားဖို့သာ ဆိုးမတာပါ။ အဟဲဟဲ ကြုံတုန်း



ပြောရဦးမယ်၊ အမေကြီးကလည်း အစား အသောက်လျှော့သင့်တယ်၊ ခန္ဓာကိုယ်က အဆမတန်ဝလွန်းနေတယ်။

**ဒေါ်ခင်မမ** အိုတော်. . .စားနိုင်လို့စားတာ၊ စားကောင်းလို့စားတယ်၊ မကျန်းမာရင်မစားနိုင်ဘူး၊ ကျန်းမာနေလို့ စားနိုင်တာ၊ အစားအသောက်တော့ မလျှော့နိုင်ပါဘူး။

**ဦးဘစိန်** (စိတ်ပျက်သည့် အမူအရာဖြင့် ခေါင်းခါရမ်း) ကျုပ်က မင်းအတွက် ပြောတာပါ။ အိပ်တာနဲ့ စားတာတော့ မလျှော့ဘူး၊ လမ်းလျှောက်ရအောင် ပါဆိုတော့ တီဆေးနဲ့တို့တာကမှ အတွန့်တက်ဦးမယ်။

**ဒေါ်ခင်မမ** (မျက်နှာမဲ့လျက်) ပင်ပန်းတဲ့ အလုပ်ဆို လေတောင် မရှုချင်ဘူး။

**ဦးဘစိန်** ကောင်းပါတယ်၊ ကောင်းပါတယ်၊ ကျုပ်က ပုံမှန်မဟုတ်တဲ့ အဝလွန်တာမို့ စိတ်ချဖို့ပြောတာ. . . ဒီမယ် အမေကြီး ခန္ဓာကိုယ်ကြီးလို့ အနေရခက်တာလဲ ကိုယ်တွေ့၊ အစားများလို့နေရထိုင်ရ မကောင်းတာလဲ အသိ၊ ဆင်ခြင်သင့်တယ်။

**ဒေါ်ခင်မမ** ဆင်ခြင်နိုင်ပါဘူးတော်၊ စားစား မြေးလေး . . . ဝဝစား ကောင်းကောင်းအိပ်၊ဇိမ်နဲ့နေ။

**ဦးဘစိန်** ခင်ဗျားတော်တော်ခက်ပါလား၊ ကျုပ်ပြောနေတာ မသဒ္ဓါလို့မဟုတ်ပါဘူးဗျာရေ . . . သင့်တင့်မျှတကျံ

တားသင့်တဲ့အကြောင်း ဘုရားရှင်ကိုယ်တိုင် ဆုံးမခဲ့တာဗျ။

**ဒေါ်ခင်မမ** အရေးထဲ ဘုရားရှင်တောင် ဆွဲထည့်နေပြန်ပြီ။

**ဦးဘစိန်** ဆွဲထည့်တာမဟုတ်ဘူး မမရေ . . . ပသေနဒီ ကောသလမင်းကြီးဆိုတာ မယ်မင်းကိုယ်လုံး ထက်မက ကြီးသတဲ့ အစားကြီးပုံကလည်း တစ်ခါစားရင် ဆန်တစ်စိတ်၊ ဆိတ်တစ်ကောင် ချက်ကုန်သတဲ့။ ဒီတော့ အနေအထိုင် ကျဉ်းကျပ်တာတို့ ဝိုက်မျဉ်းတာတို့ ဖြစ်ရော . . . ဘုရားရှင် ရှေ့မှောက်မှာတော့ ဝိုက်နေ တော့ ဘုရားရှင်က လျော့စား၊ မျှတရုံစားဆိုပြီး ဆုံးမသတဲ့။

**လဲ့လဲ့စိုး** အဲ့ဒီတော့ လျော့စားလား ဘိုးဘိုး။

**ဦးဘစိန်** စားတာပေ့ါဗျာ၊ ဘုရားရှင်တို့မည်သည် အကျိုးမရှိတာမှ မပြောတာ၊ ဘုရားရှင်လမ်းညွှန်တဲ့အတိုင်း တစ်နေ့တစ်နေ့ လျော့စားတယ်၊ သတိနဲ့ ဆင်ခြင်တယ်၊ နောက်ဆုံးပုံမှန်စားသုံးမှုလုပ်တော့ ဝိတ်လည်းကျ၊ လှုပ်ရှားရတာလည်းလွယ်၊ နေရထိုင်ရလည်း သက်သာ၊ ကျန်းမာရေးကလည်း ကောင်းလာသတဲ့၊ မလှုပ်မရှားနိုင်တဲ့ ခန္ဓာပိုင်ရှင်က နောက်ပိုင်းမှာ မြင်းပြေးတာ တောင်မီအောင် လိုက်ဖမ်းနိုင်တဲ့အထိ ကျန်းမာလာသတဲ့။မယ်မင်း ကျန်းမာရေးအတွက် ပြောတာ . . . ။



**ဒေါ်ခင်မမ** ဟုတ်ပါပြီ။

**ဦးဘစိန်** အမှန်ကတော့ ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့် ဆိုတဲ့စကားတယ်မှန်တယ်။

**ဒေါ်ခင်မမ** ဘယ်လိုမှန်တာလဲ။

**ဦးဘစိန်** ဥစ္စာချမ်းသာတဲ့ လူတွေကိုကြည့်ရင် ရှေ့ကပြုခဲ့ဖူးတဲ့ ကံကြောင့်ဖြစ်တာများတယ်၊ အဲ ဖျက်ကံပါရင်လည်း ဘယ်လိုပဲထိန်းသိမ်း ထိန်းသိမ်းအချိန်ကျရင် ပျက်တာပဲ။

**ဒေါ်ခင်မမ** အင်း . . .။

**ဦးဘစိန်** အသက်ဉာဏ်စောင့်ဆိုတာလည်း ဒီလိုပဲ ကိုယ့်အသက် ရှည်ရှည်မွေးချင်ရင် အသက်ရှည်စေနည်း သိရမယ်၊ ဉာဏ်နဲ့ နေတတ်ရမယ်၊

**ဒေါ်ခင်မမ** ကဲ ဘယ်လိုနေရမလဲတော် . .။

**ဦးဘစိန်** မင်း သိချင်လား၊ အသက်ရှည်အောင်နေနည်း သိချင်လား။

**ဒေါ်ခင်မမ** သိချင်လို့မေးတာပေ့ါတော် . . .။

**ဦးဘစိန်** သိချင်ရင် မနက်စောစောထ၊ ကျုပ်နဲ့အတူ လမ်းလျှောက်၊ လမ်းလျှောက်ရင်း အသက်ရှည်ရှည်နေနိုင်နည်းတွေးပေးမယ်။

**လဲ့လဲ့စိုး** ဒီလိုဆို မြေးလေးလည်းလိုက်မယ်။

**ဦးဘစိန်** တကယ်လား ဒါဆို ဘိုးဘိုးရယ်၊ ဘွားဘွားရယ်၊ မြေးရယ် နံနက်စောစောလမ်းလျှောက်ကြမယ်

**ဒေါ်ခင်မမ** စိပ်လိုက်။

(ဒေါ်ခင်မမက လက်ထောင်လျက် အော်လိုက်သဖြင့် လဲ့လဲ့စိုးကပါ လက်ထောင်ပြီး အော်လိုက်ချိန်တွင် တီးဝိုင်းမှ အာရောဂျံသီချင်းကို မြိုင်မြိုင်ဆိုင်ဆိုင်တီးလျက် အခန်းပြောင်း)

✠ ✠ ✠

## ပြကွက် (၃)

| | |
|---|---|
| နေရာ | မြို့နယ်အားကစားကွင်း။ |
| အချိန် | ညနေနေဝင်ရီသရောချိန်။ |
| မီး | ခွင်ပြည့်မီးအလင်းတင်ထား။ ဇာတ်ရုပ်များ၏ လှုပ်ရှားမှုနှင့် ရှင်းရှင်းလင်းလင်းမြင်ရစေ။ |
| အသံ | အားကစားနှင့်ပတ်သက်သော သီချင်းကို အသံသွင်းတိတ်ခွေ (သို့မဟုတ်) စီဒီပြားကြိုသွင်းထား။ ကခွင်တွင် လှုပ်ရှားနေသူများ၏အသံကို ကောင်းစွာကြားနိုင်အောင် နေရာစုံ၊ ထောင့်စုံ၌ အသံဖမ်းအသံလွှင့်စက်များတပ်ဆင်ထား။ |
| ဇာတ်ဝင်ပစ္စည်း | စီးဆော့၊ လျှောစင်၊ ပုခက်စသည့် ကလေးများဆော့ကစားနိုင်သည့် အားကစားဆိုင်ရာ အထောက်အကူပစ္စည်းများ။ ခြင်းလုံး၊ ဘောလုံး၊ ဘောလီဘောစသည့်ပစ္စည်းများ ရိုးရိုးလူစီး စက်ဘီး၊ ပြိုင်ဘီး၊ စသည်တို့ သူ့နေရာနှင့် အသင့်ရှိနေစေ . . .။ |
| အဝတ်အစား | အားကစားဝတ်စုံ၊ သာမန်ဝတ်စုံများ။ |
| ဇာတ်ညွှန်း | ကားလိပ်ဖွင့်သည်နှင့် နောက်ခံတေးအဖြစ် အားကစားဆိုင်ရာတေးသီချင်းကို တိုးညင်းစွာဖွင့် |

ထားပေး။ ကခွင်၏အထက်ဘက်တွင် လူငယ်များ သူ့အဖွဲ့နှင့် သူ ဝါသနာပါရာ လိုက်စားရာ အားကစား နည်းကို ပျော်ပျော်ရွှင်ရွှင်ကစားနေစေ၊ အထက်ခွင် ၏ ဘယ်ဘက်ခြမ်းတွင် ခါးတောင်းမြောင်အောင် ကျိုက်ထားပြီး ထိုးကွင်းမင်ကြောင်များထင်နေ အောင်ပေါ်လျက်၊ မြန်မာဆန်ဆန် သျှောင်ထုံးကို ကျကျနနထုံးထားသည့် အဘိုးအိုတစ်ဦး ဦးဖေဆောင် သည့် ခြင်းလုံးအဖွဲ့က ဝိုင်းဖွဲ့ခတ်နေစေ။ ကလေး ငယ် လေးငါးယောက်က အသံကုန် အော်ဟစ် လျက် စီးဆော့ပျော်ပျော်ရွှင်ရွှင်စီးနေ၊ တချို့ ကလေးများက လျှောစင်ပေါ်ပြေးတက်လိုက်၊ ညာသံပေးလျက် လျှောချလိုက်နှင့် ကစားနေစေ ...။ကခွင်၏ အောက်ဘက်ညာဘက်ထောင့် အရိပ် ရ သစ်ပင်ပု အောက်ရှိ ခုံတန်းလျားတွင် မျိုးအောင် နှင့် တိုးမောင် တို့ သူငယ်ချင်းနှစ်ယောက်က ပျင်းရိ လေးတွဲစွာထိုင် ရင်း ဆော့ကစားနေသူများအား စိတ်မပါ လက်မပါနှင့် ကြည့်နေ၊ နောက်ခံတီးလုံး သံတိုးသွားချိန်တွင် မျိုးအောင်က အနီးရှိ တိုးအောင် ကို ပခုံးပုတ်လျက်ပြော။

**မျိုးအောင်** တိုးကြီး နတ်ကရာကြေးမော့နေတာလား။

**တိုးမောင်** (ပျင်းပျင်းရိရိအမူအရာဖြင့် ခုံကိုမှီထိုင်ရာမှ ခေါင်းထူ ပြီးမေး။)



ဘာလဲ နတ်ကရာကြေးမော့ ... ပြောလည်းပြော ချင်သေး၊ ပြောလည်းမပြောတတ်ဘဲနဲ့ နတ်ကရာ ကြည့်မော့လုပ်စမ်းပါ။

**မျိုးအောင်** (မင်းက ခပ်ညံ့ညံ့ကောင်ပဲဟုသော အမူအရာဖြင့် ကြည့်လျက်) မင်းဘာနားလည်လို့လဲ၊ အဲဒီစကားပုံ က ကြည့်မော့မဟုတ်ဘူး၊ ကြေးမော့တာ။ နတ်ဆိုင်း တီးတာကြည့်ဖူးတယ်မို့လား၊ နတ်ဆိုင်းအဖွဲ့မှာ ကြေးနောင်တီးသူရှိတယ်၊ နတ်ဝင်သည်က မြူးမြူး ကြွကြွကရင် ကျန်တဲ့တူရိယာသမားက ဒီလောက် မလှုပ်ရှားဘူး၊ ကြေးတီးသူက အလုပ်များဆုံးပဲ့လူ။ နတ်ဝင်သည်က ဟေးဟေးနဲ့အော်ပြီး ခုန်ပေါက် ကာ ကလေသူက အလုပ်ရှုပ်လေ ... ကတဲ့သူက မောမမောတော့မသိဘူး၊ ကြေးနောင်တီးသူက တော့ ချွဲဆိုက်လောက်တယ်၊ အဲ့ဒါပြောတာ ...။

**တိုးမောင်** ဟုတ်ရောဟုတ်ရဲ့လား၊ ငါ့အထင်က နတ်ဝင်သည် က ပုံကြည့်ပြီးဘေးလူမောနေတာကို ပြောတာလား လို့ မင်းကြည့်လေ ... ဟိုကွင်းထဲကစားနေတဲ့ ကလေးတွေကတော့ မောမမော မသိဘူး၊ ဘေးက ထိုင်ကြည့်နေတဲ့ငါကတော့ မောတောင်နေပြီ။

**မျိုးအောင်** မင်းက အလကားနေရင်း မောတာပြောလို့ ဆေးလိပ် သောက်တာလဲပြောဦး။

**တိုးမောင်** (ပြောလိုက်မှ သတိရသွားဟန်ဖြင့်) ဟယ် ...

မင်းပြောမှသတိရသွားတယ်၊ ကဲ . . တို့အလုပ်စကြရအောင်။

**မျိုးအောင်** အဟဲဟဲ ငါက အချိန်ကျလို့ ချချင်နေတာကြာပြီ။ ခါးတွင်းချဉ်နေတာမို့ အလုပ်စဖို့ သတိပေးတာ။

**တိုးမောင်** ပြောရောပေါ့။ (အပေါ်ကျာကင်အင်္ကျီအိတ်ထဲမှ အသင့်ယူလာသော ဆေးပေါ့လိပ်တစ်လိပ်ဆွဲထုတ်ပြီး၊ လက်ဖဝါးနှစ်ဖက်ထဲထည့်လျက် အသာအယာပွတ်။ ဖင်စီခံကျပ်မနေစေရန် ထိုင်ခုံလက်တန်းတွင် တစ်ချက်နှစ်ချက်ဆောင့်။ ထို့နောက် ဆေးလိပ်အပေါ်ယံခြောက်သွေ့မနေစေရန် ပါးစပ်ထဲထည့်လျှာနှင့်သပ်စေ)

**မျိုးအောင်** မင်းဥစ္စာ ဂိုဏ်းချုပ်ကြီးနေရာယူပြီးပလား။

**တိုးမောင်** ဆရာကြီးထည့်ပြီးသားပါ။ သေသေချာချာ **စိမ်ပြေနပြေ**စီစဉ်လာတာကွ။

**မျိုးအောင်** တို့လက်ကျန်တော့ နည်းနေပြီနော် . . .။

**တိုးမောင်** ဟုတ်လား . . . ဒါနဲ့မင်းပြောတော့ ရှိပါသေးတယ်ဆို။

**မျိုးအောင်** မင်းအဘ၊ ငါပြောတာ ဘယ်နှစ်ရက်ရှိပြီလဲ၊ လွန်ခဲ့တဲ့ စနေနေ့က ပြောတာလေ . . . ခုဆို လေးရက်ရှိပြီ၊ တစ်နေ့တစ်နေ့ တို့စည်းစိမ်ခံတဲ့ ပစ္စည်းလည်း တွက်စမ်းပါဦး။

**တိုးမောင်** အင်း . . . ဟုတ်ပါတယ်၊ ဒါကပြတ်လို့တော့ မဖြစ်



ဘူးနော်၊ ထမင်းမစားဘဲနေနိုင်တယ်၊ ဆရာကြီးနဲ့ တစ်ရက်မတွေ့ရရင် မဖြစ်ဘူး။

**မျိုးအောင်** ဒါဆိုလည်း ပိုက်ဆံရှာလေ . .။

**တိုးမောင်** အင်း ငါ့မာမီကလည်း ပူညံပူညံလုပ်လှပြီ၊ မင်းတို့ မရှာရတိုင်း လက်ဖြန့်ခံတောင်းမနေနဲ့တဲ့ ဒါတောင် သိတာနည်းနည်း၊ အိမ်က**အဘိုးကြီး**မသိအောင် ခိုးခိုး ထားတာ မနည်းတော့ဘူး။

**မျိုးအောင်** မင့် ဖားသားကြီးက ဘောစိပဲကွာ၊ ငွေလေးငါးထောင် နှိုက်ရုံနဲ့တင် မသိတန်ရာပါဘူး။

**တိုးမောင်** မထင်နဲ့ ငါ့ကောင်။ အဘိုးကြီးက ဇယားသမား၊ သူ့အိတ် ထဲ ဘယ်လောက်ပါတယ်ဆိုတာ ပေသီးခေါက် တွက်ထားတာ၊ လျော့မှန်း ပျောက်မှန်း သိတယ်၊ လက်သည် တရားခံမမိလို့ မောင်ရေ။

**မျိုးအောင်** (သဘောကျဟန်ဖြင့် ရယ်လိုက်ပြီး) အဟက်၊ မင့်ဖားသားကြီးက စမောလေးချိတ်ထားတော့ လျော့ငွေက ပေးခဲ့တာမှန်း အခိုးခံရမှန်းမသိတာဖြစ်မယ်၊

**တိုးမောင်** မသိဘဲနေမလား။ ဇယားကိုက်ပါဆိုမှ . . . သိရက်နဲ့ ငုံ့ခံနေတာက **အဘိုးကြီးရဲ့** အထာကို ငါကသိထား တယ်လေ . . .။

**မျိုးအောင်** ဟုတ်လား၊ မင်းသိမှန်း မင့်ဖားသားကြီးရိပ်မိလိမ့်မယ်၊ ဒါကြောင့် အခိုးခံရပေမယ့် တရားခံမဖော် ထုတ်ဝံ့တာ၊

**တိုးမောင်** အတိအကျပဲ၊ ဒီကိစ္စက တို့နဲ့မဆိုင်ဘူးလေ၊ လူကြီးကိစ္စ၊ အတဲဟဲ တို့လုပ်ရမှာက နတ်စည်းစိမ်ဆယ်သက်တကယ် မမက်ပါတယ် . . . တူနယ်တဲ့နယ် လဗျောင်၊ အဟက် ပေးကွာ၊ မင်းဖွာပြီးရင် ငါ့ကို ပေးဦး (စကားပြောရင်း မီးညှိဖွာရှိုက်လျက် ယစ်မူးနေသည်။ မျိုးအောင်ထံမှ ဆေးလိပ်ကို ဆွဲယူသောက်လိုက်)

**မျိုးအောင်** အဲလို အပြတ်မပြောနဲ့လေ၊ ဝက်သားစားဖူးတာနဲ့ ကြက်သားဟင်း မကောင်းဘူးထင်ရင် မောင်ရင်မှားသွားမှာပေါ့။

**တိုးမောင်** မင်းပေးတဲ့ ဥပမာက ပုံစံမကျလိုက်တာ . .။

**မျိုးအောင်** ဒါဖြင့်ကျတာပြော။

**တိုးအောင်** သိဘူးလေ၊ ငါက စာတွေပေတွေ ဝါသနာမပါဘူး။ ဖတ်လည်းမဖတ်ဘူး။ ဘယ့်နှယ်ကွာ လေးငါးဆယ်နှစ်ကုန်းရုန်းကျက်၊ စာမေးပွဲအောင်အောင်ဖြေ၊ ဘွဲ့တွေဘာတွေရ၊ အဲ့ဒါအချိန်အခါကျမှ ကုလားထိုင်တစ်နေရာစာအတွက် လုံးပမ်းရတာ စိတ်ကုန်တယ်။

**မျိုးအောင်** ဒါဆို ငွေကိုဘယ်လိုရှာမလဲ။

**တိုးအောင်** ဘာရှာစရာလိုလဲ၊ အမိရှည်ရင် ငွေရှည်တယ်၊ အမေ



ရှိရင် ငွေရှိတယ်ကွာ . . ငွေအလိုရှိရင် အမေလို့ လက်ဖြန့်လိုက်ရုံပေါ့။

**မျိုးအောင်** မင့်အဖေနဲ့အမေ သေသွားရင် ဘယ်သူ့ထံလက်ဖြန့်တောင်းမလဲ။

**တိုးအောင်** အဲဒါပိုအဆင်ပြေတယ်၊ အမေနဲ့အဖေရှာထားတဲ့ စည်းစိမ်ကို ခံစားခွင့်ရမှာက ငါတစ်ယောက်တည်း ရှိသမျှ စည်းစိမ်ထားခဲ့ပြီး လူ့လောကကစွန့်ခွာသွားပေမယ့် အဖေအမေက ငါ့အတွက် သုံးစရာ ငွေတွေထားခဲ့မှာပေါ့။

**မျိုးအောင်** အဟ မင်းစီမံကိန်းက မက်လောက်တယ်။

**တိုးမောင်** (တိုးမောင်က ဆေးလိပ်ကို နှစ်ရှိုက်ဆင့်ဖွာလိုက်ပြီး ကမ်းပေးလိုက်ပြန်သည်။ ထိုအချိန် ခြင်းဝိုင်းမှ ထွက်လာသည့် ဦးဘစိန်က အနံ့ရဟန်ဖြင့် ရှူရှိုက်ဟန်ပြု၊ တိုးမောင်နှင့် မျိုးအောင်ကို မသင်္ကာသည့် မျက်လုံးနှင့်ကြည့်) မျိုးအောင်၊ ပစ္စည်းဖွက်ထားဦး။ တို့ဆရာကြီးအနံ့ရသွားပုံရတယ် (တိုးတိုးပြော)

**မျိုးအောင်** အဲ့လောက်တော့ ငါက အကင်းပါးပါတယ်။

(ဆရာကြီး ဦးဘစိန်က သူတို့ရှိရာ လျှောက်လာ . . .)

ဦးဘစိန် — တဲ့ ဟိုနှစ်ယောက်က ဘာလုပ်နေကြတာလဲ . . .။

မျိုးအောင် — သူများတွေ ကစားနေတာကို ထိုင်ကြည့်နေတာ ဆရာကြီး။

ဦးဘစိန် — ထိုင်ကြည့်နေတယ်၊ အားကစားကွင်းထဲလာပြီး ထိုင်ကြည့်နေရလား။ တစ်ခုခု ဝင်ကစားပါလား။

မျိုးအောင် — ဝါသနာမပါဘူး ဆရာကြီး။

ဦးဘစိန် — (အံ့ဩတန်ဖြင့်ကြည့်) ဝါသနာမပါဘူး။ တော်တော် ဟုတ်တဲ့နှစ်ယောက်၊ ကျန်းမာရေးအတွက် အားကစားလုပ်တာ ဝါသနာပါမှ လုပ်ရမှာလား၊ ဒီ ကိစ္စက လုပ်သင့်တဲ့ ကိစ္စကွ။

တိုးမောင် — ကျွန်တော်တို့က အကြမ်းပတမ်းမလုပ်နိုင်ဘူး ဆရာကြီးရဲ့။

ဦးဘစိန် — ဘယ်လို . . ဘယ်လို အကြမ်းပတမ်းမလုပ်နိုင်ဘူး။ အေးဟုတ်မယ်၊ မင်းတို့ပုံက ရောဂါသည်ပုံပေါက်နေတာကိုး။ ကိုယ်လက်ကျန်းမာမှ စိတ်ရွှင်လန်းမယ်၊ စိတ်ရွှင်မှ ကိုယ်နုတယ်၊ တပည့်တို့ရဲ့ အခုဒို့ကိုကြည့်စမ်း။ ခြင်းခတ်လိုက်တာ ကိုယ်လက်ပေါ့ပါးလာတဲ့အပြင် ချွေးလေးစို့နေတော့ နေလို့ထိုင်လို့ ကောင်းမှကောင်း။ ကျန်းမာရေးအတွက် အားကစားလုပ်ရမှာ အကြမ်းပတမ်းမလုပ်နိုင်လည်း နုနယ်နယ်လှုပ်ရှားလို့ရပါတယ်၊ တော . . . ဟိုမှာ



တွေ့လား။ (ကခွင်အထက်တွင် ဖွဖွလေးပြေးနေသည့် မိန်းကလေးတစ်စုကိုပြလျက်ပြော) မိန်းကလေးတွေတောင် ပြေးနေတယ်။

တိုးမောင် — သက်သက်မဲ့ အချိန်ဖြုန်းနေတာပါ ဆရာကြီးရယ်။

ဦးဘစိန် — ဘယ်လိုကွဲ့။ အချိန်ဖြုန်းတယ်ဟုတ်လား။ ဒါဆိုမင်းတို့က ဒီမှာဘာလို့လာထိုင်ရင်း အချိန်ဖြုန်းနေတာလဲ။

တိုးမောင် — လေကောင်းလေသန့် ရှူနေတာပါ။

ဦးဘစိန် — ဘာရယ် . . . လေကောင်းလေသန့်ရှူတယ်၊ (ဦးဘစိန်က လေကိုရှူရှိုက်ဟန်ပြု၊ စောစောက ရထားသောအနံ့ကို ရှူမိဟန်ဖြင့် မျက်နှာရှုံ့သွား) ဒီမှာ လေသန့်တော့မရဘူးထင်တယ်။

တိုးမောင် — (မလုံမလဲဟန်ဖြင့်) ရပါတယ်၊ ဆရာကြီးရဲ့။

မျိုးအောင် — ဒီနေရာက ကျွန်တော်တို့ အမြဲထိုင်ပြီး လေရှူရှိုက်နေကျပါ။

ဦးဘစိန် — (ရိပ်စားမိဟန်ဖြင့် လျှောက်လာ) ဟုတ်လား။ ဒီနေရာကလေးတောင် လေကောင်းလေသန့် ရတယ်။

(ပြောပြောဆိုဆို ဝင်လာပြီး သူတို့ထိုင်နေသည့် တန်းလျားတွင် ဝင်ထိုင်လိုက်၍ တိုးမောင်နှင့် မျိုးအောင်အခက်တွေ့သွား။ တိုးမောင်က မျိုးအောင်ကိုကြည့်လျက် ဘယ့်နှယ်လုပ်မလဲ မင်းလုပ်လို့

ဝိုဆိုးသွားပြီဟူသော အမူအရာဖြင့် အချက်ပြ။ တိုးမောင်အချက်ပြသည်ကို မြင်ပေမယ့် မမြင်ဟန်ဆောင်လျက် ခပ်တည်တည်ထိုင်နေ . . .)

**ဦးဘစိန်** အင်း . . . ဟုတ်တော့ ဟုတ်သားကွ၊ ဒီနေရာလေးဂ လေရတာတော့အမှန်ပဲ၊ ဒါပေမဲ့ အဲ့ဒီလေထဲမှာ စိမ်းရွှေရွှေအနံ့ပါနေသလိုပဲ။

**မျိုးအောင်** (မျက်စိမျက်နှာပျက်လျက်) ဆရာကြီး စိတ်ထင်လို့ပါ။

**ဦးဘစိန်** ဘာကိုစိတ်ထင်ရမှာလဲ အဲ ဟောဟိုမှာ (ဦးဘစိန် မမြင်စေလို၍ မလှမ်းမကမ်းတွင် လွှင့်ပစ်ထားသော ဆေးလိပ်ကို တွေ့သွား။ ထိုင်ရာမှထလျက် ဆေးလိပ်ကိုကောက်ယူ) မင်းတို့ဆေးလိပ်နိုး သောက်နေတာဟေး . . .။

**မျိုးအောင်** မဟုတ်ပါဘူး ဆရာကြီးရာ . . . အဲ့ဒါ ကျွန်တော်တို့ သောက်တဲ့ ဆေးလိပ်မဟုတ်ပါဘူး။ တစ်ယောက်ယောက်ကသောက်ပြီး လွှင့်ပစ်ထားတာဖြစ်မှာပါ။

**ဦးဘစိန်** (အဓိပ္ပာယ်ပါပါ တစ်ချက်ပြုံးလျက်) မင်းတို့ကတော့ ဘူးကွယ်မှာပါပဲ၊ ဒါပေမဲ့ ငါ့စိတ်ထဲတော့ သိနေပါတယ်၊ အေးလေ . . . မင်းတို့နှစ်ယောက်နဲ့ ဆရာကြီးအေးအေးဆေးဆေး စကားပြောချင်သေးတယ် တစ်နေ့နေ့ တစ်ချိန်ချိန်ပေါ့ကွာ။

**တိုးမောင်** ဟုတ်ကဲ့ပါ ဆရာကြီး။



**မျိုးအောင်** ဟုတ်ကဲ့။

**ဦးဘစိန်** (ဆေးလိပ်ကို ကိုင်ထားပြီး) အေး . . . ဒီနေ့တော့ တို့ခြင်းဝိုင်းလေးက ပျော်စရာကောင်းနေလို့ ဆက်လုပ်ရှားလိုက်ဦးမယ်၊ သွားမယ်နော် တပည့်တို့။

**တိုးမောင်+ မျိုးအောင်** ဟုတ်ကဲ့ ဆရာကြီး။

(တိုးမောင်နှင့် မျိုးအောင်က သူတို့ဆရာကြီး၏ ကျောပြင်ကိုကြည့်လျက် မျက်လုံးများပြူးလိုက်ရင်း စိတ်မသက်သာလေဟန်ဖြင့် ခေါင်းခါရမ်းစဉ် ကားလိပ်ကြီး တဖြည်းဖြည်းကျလာ . . .။ နောက်ခံတေးသီချင်းကို ကျယ်လောင်စွာဖွင့်။ သီချင်းသံ အဆုံးတွင် တီးဝိုင်းမှ အခန်းပြောင်း တီးခတ်စေ။)

ဃ ❖ ❖ ဃ

# ပြကွက် (၄)

**နေရာ** မြို့လယ်လမ်းမကြီး၏ တစ်နေရာ။

**အချိန်** နံနက်ပိုင်း လူစည်ကားသည့် အချိန်။

**အခမ်းအနား** မြို့ပြ၏လမ်း သရုပ်သဏ္ဍာန်ပေါ်လွင်အောင် ပန်းချီကားရေးထားသည်ကို အထက်ခွင်တွင် နောက်ခံရှုခင်းအဖြစ်ချထား။ ကား၊ မြင်းလှည်း၊ စက်ဘီး၊ ဆိုက္ကားတို့ဟိုမှသည်မှ သွားလာနေဟန်ထိုးကား (သို့မဟုတ်) သရုပ်သဏ္ဍာန်တူ တကယ့်ပစ္စည်းများ ခွင်ပေါ်တင်ထား။

**မီး** နံနက်ခင်း၏ အလှပေါ်လွင်ရန်၊ ဇာတ်ရုပ်များ၊ လှုပ်ရှားထင်ရှားစေရန် ကွက်ထိုးလိုက်မီးသုံး။

**အသံ** အသံသွင်းတိတ်ခွေ၊ စီဒီပြားတွင် ကားသံ၊ လူသံ၊ စက်သံတို့ အဆင်သင့်သွင်းထားပြီး ရုပ်သေးကားချပ်များ အသက်ဝင်လှုပ်ရှားအောင် အချိန်ကိုက်ဖွင့်ပေး။ ဇာတ်ရုပ်များ၏ စကားပြောသံကို ရှင်းလင်းပြတ်သားစွာကြည့်နိုင်အောင် အသံဖမ်းခွက်များ အပြည့်အစုံတပ်ဆင်ထား။



**ဇာတ်ဝင်ပစ္စည်း** အမြန်ယာဉ်၊ အနှေးယာဉ်၊ ခေတ်မီအမျိုးသမီးဝတ်စုံ လူငယ်လေးတစ်စု၏ ခေတ်လွန်ဝတ်စားထားသည့် မိန်းမပျိုလေးနှစ်ဦး ဆပ်ကော့လပ်ကော့၊ ဖျတ်ဖျတ်လတ်လတ်ဟန်ဖြင့် ကိုယ်လုံးကိုယိမ်းနွဲ့၍ လမ်းလျှောက်လာ . . . သူတို့နှင့် မလှမ်းမကမ်းတွင် ပြေမောင်နှင့် နောက်တိုးလိုက်လာ . . . ယခုခေတ် လူငယ်များနှယ် ခေတ်လွန်အဝတ်အစား ဝတ်ဆင်ထား။ ကခွင်ဘယ်ခြမ်းတိုင်ဖုံး နောက်မှ ထွက်လာသည်နှင့် သူတို့ရှေ့တွင် ခါးလေးရမ်းခါသွားနေသော စန္ဒီလှမျိုးနှင့် သူဇာနွယ်တို့ကို မြင်၍ ဖျတ်ခနဲရပ်။ အချင်းချင်းလက်တို့သတိပေး။ နောက်တိုးက ပြေမောင်လက်ကိုဆွဲ၊ နားနားကပ်လျက် နှစ်ကိုယ်ကြား စကားပြော။ ပြေမောင်က နားလည်ကြောင်း သဘောပေါက်ကြောင်း ခေါင်းတညိတ်ညိတ် ရှင့်ရှင့် မြူးမြူးနှင့် တုံ့ပြန်။ သူတို့၏ အမူအရာကို ပွဲကြည့်ပရိတ်သတ်များ စိတ်ဝင်စားအောင် ဂျပ်(စ်) တင်း အသုံးပြုလျက်အသံနှင့် ပံ့ပိုးပေး။ နှစ်ယောက်သား တိုင်ပင်ပြီးသည်နှင့် ရှေ့ကသွားနေသူများနှင့် နီးနိုင်သမျှနီးအောင် ခြေလှမ်းကျဲနှင့် လိုက်သွားပြီး နောက်တိုးက အသံပြုလိုက်။

**နောက်တိုး** ဟေး . . . ဟေး။

**စန္ဒီနှင့်သူဇာ** (သူတို့ကိုခေါ်သည်ထင်၍ လက်ကိုင်အိတ်လေးများ

ပခုံးပေါ်ပစ်လွှဲတင်ပြီး ဟန်ပါပါရပ် လှည့်ကြည့်။ ထိုသို့ကြည့်ချိန်တွင် နောက်တိုးက သူတို့နှင့် မပတ်သက်လေဟန်ဖြင့် ပြေမောင်ဘက်လှည့်ပြီး အချင်းချင်း ပြော။)

နောက်တိုး ဟေး ဆိုတာသိလား။

ပြေမောင် အဟ၊ ဒါလား hay (ဟေး) မြက်ခြောက်ကွာ။ နွားစားဖို့မြက်၊ မြင်းစားဖို့မြက်။

နောက်တိုး မင်းကဖြေနိုင်သားပဲ။

ပြေမောင် ဘာမဖြေနိုင်ရမှာလဲ။ မင်းမေးခွန်းက လွယ်လွယ်လေး . . . ဆယ့်လေးနှစ်သမီးတောင် ဖြေနိုင်တယ်။

စန္ဒီနှင့်သူဇာ (သူတို့မလှည့်လှည့်ကြည့်အောင် အသံပြုပြီး၊ လှည့်ကြည့်မှ သူတို့ကိုမခေါ်သလိုလုပ်၊ အချင်းချင်း စကားတွေတွန်းပြောနေသည် နောက်တိုးနှင့် ပြေမောင်၏ စရိုက်ကိုသိသည်။ ဒေါကန်သွားသည်) နင်တို့နှစ်ကောင် ဘာကြောင်တာလဲ။

နောက်တိုး အလိုဗျာ . . . မဆီမဆိုင် လက်ပံသားဓားနဲ့ လာချိုင်နေပြန်ပြီ။ အမိတို့ကို ဘယ်သူခေါ်လို့လဲ။

စန္ဒီ နင်ခေါ်တာလေ။

နောက်တိုး မဆိုင်လိုက်တာ . . . တို့က အင်္ဂလိပ်စာကြွယ်ဝအောင် မီးနင်းတွေကျက်နေတာ . . အချင်းချင်း ဉာဏ်စမ်းနေတာ။

သူဇာ အဲဒါပြောင်လိမ်တာ . . . ဟဲ့ကောင် နောက်တိုး



မိသူဇာအကြောင်း နင်သိတယ်နော် . . . လူပါးဝမယ်မကြံနဲ့ (လက်ကိုင်အိတ်ဖြင့် ပေါက်တန်ရွယ်၍ နှစ်ယောက်သား ခေါင်းပုသွားကြ) သူဇာနှင့် စန္ဒီက မကျေနပ်သည့် အကြည့်ဖြင့်ကြည့်ပြီး နောက်လှည့်ခြေဆောင့်ထွက်သွား။ ခေါင်းပုသွားသည့် နောက်တိုးနှင့် ပြေမောင်က သဘောကျဟန်ဖြင့် ခပ်တိုးတိုးရယ်လျက် ဆက်လိုက်ပြီး နောက်ပြောင်ပြန်။

နောက်တိုး ဟိုး . . . ဟိုး။

သူဇာ (ဖျတ်ခနဲရပ်၊ ဒေါသဖြစ်ဟန်ဖြင့် ဆတ်ခနဲလှည့်) ဘာဟိုးလဲ။

နောက်တိုး (သူအသံပြုသည်မှာ သူတို့နှင့် မဆိုင်လေဟန် အချင်းချင်းခေါင်းချင်းဆိုင်လျက်မေး) ဟိုးကွာ . . . မသိရင်မသိဘူးပြော။

ပြေမောင် သိတယ် ငါ့လူ။ hole (ဟိုး) အပေါက်။

သူဇာ ဘာအပေါက်လဲ . . . ကဲဟာ၊ ကိုင်းဟာ (သူဇာက ပြေမောင့်ခေါင်းကို လက်ကိုင်အိတ်ဖြင့်ရိုက်။ ပြေမောင်က လက်နှင့်ကာရင်း ခုန်ဆွခုန်ဆွဖြစ်နေ)

ပြေမောင် လွှန်မယ် . . . နင်လွှန်မယ်နော်။

သူဇာ ဘာလွှန်မယ်လဲ။ ခေါင်းရှုစ်စိတ်ကွဲသွားအောင် ထုပေးမယ်။ ငါ့လက်ကိုင်အိတ်ကို မနာဘူးမထင်နဲ့။ အထဲမှာ သော့တွဲပါတယ်။ သံတုတ်နဲ့ ရိုက်သထက်နာမယ်သာမှတ်။

ပြေမောင် ငါ့သေရင် နင်ငိုမှာလား . . .။

သူဇာ ဘာပြောတယ် . . . အကောင်စုတ်၊ နင်သေတာ ငါကဘာမို့လို့ ငိုရမှာလဲ။ မငိုတဲ့အပြင် အမြှန်းဆုံး သချိုင်းပို့ပစ်မယ်။ (ပြောပြောဆိုဆိုနှင့် လက်ကိုင် အိတ်ဖြင့် တဖုန်းဖုန်းလိုက်ရိုက်နေ၍ ပြေမောင်က လှည့်ပတ်ပြေးနေ။ ထိုစဉ် ကခွင်အောက်ဘက် ညာခြမ်း တိုင်ကွယ်နောက်မှ ဦးသက်ဦးထွက်လာ . . .။ ပြေမောင်က သူဇာရန်မှ လွတ်မြောက်ရန် ဦးသက်ဦးကို အကာအကွယ်ပြုလျက် လှည့်ပတ် ပြေး။ သူဇာကလည်း လှည့်ပတ်လိုက်ရင်း ရိုက် နေရာကြားထဲရောက်နေသည့် ဦးသက်ဦးက မဆီ မဆိုင် အရိုက်ခံရ။ သူဇာရိုက်တိုင်းခြေကားရား လက်ကားရားဖြင့် ရှောင်ရာ၊ ထိမိတိုင်းမျက်နှာရှုံ့မဲ့ နေ . . . ဆွဲသူကဆွဲ၊ ရိုက်သူကရိုက်နှင့် ကြားထဲ ရောက်နေသော ဦးသက်ဦးမှာ အခြောက်တိုက်ခံရ။ ပုဆိုးပင် ကျွတ်ကျသဖြင့် လက်တစ်ဖက်က ကျွတ် နေသော ပုဆိုးကိုင်ရင်း တဟဲ့ဟဲ့နှင့်တားနေ။)

ဦးသက်ဦး ဟဲ့ကလေးမ၊ တော် . . . တော်တော့။ ညည်းရိုက် တာက ဒီသူငယ်၊ ခံနေရတာက ငါဟ့။

သူဇာ (အော်လိုက်မှ သတိရသွားဟန်ဖြင့် သူဇာကရပ်) ကန်တော့ ကန်တော့နော်ဘဘ၊ ဒီအကောင် . . . အသေဆော်ချင်လောကြီးနေလို့ပါ။



ဦးသက်ဦး တော်ပြီကလေးမ။ အဲ့နဲ့ လမ်းလယ်ခေါင်မှာ ဘာဖြစ် ကြတာလဲ။

ပြေမောင် မဟုတ်ဘူးဘဘ၊ သက်သက်ရမ်းကားတာ . . .။

သူဇာ ဘာ . . . ဒီအကောင်တော့ နာချင်ပြီထင်တယ်။ (အိတ်နှင့်တစ်ချက်လွှဲရိုက်လိုက်ပြန်သဖြင့် ပြေမောင် က နောက်ရုန်ဆုတ်) ဒီငနာနှစ်ကောင်က သမီး တို့ကို လိုက်နှောင့်ယှက်နေတာ . . .။

ဦးသက်ဦး ဟုတ်လား။

ပြေမောင် ဘယ်ကနှောင့်ယှက်ရမှာလဲ ဘဘရယ် . . . ကျွန်တော် တို့သူငယ်ချင်း နှစ်ယောက်စကျက်နေတာပါ။

ဦးသက်ဦး ဘယ်လို . . . ဘယ်လို။ စကျက်နေတာ ဟုတ် လား။ (ပြေမောင်နှင့် နောက်တိုးကို စူးစမ်းဟန်ဖြင့် ကြည့်။ ထို့နောက် ဂျင်းဘောင်းဘီတိုဝတ်လျက် ခြေပေါ်၊ ပေါင်ပေါ် အမြင်မတော်လောက်အောင် ဝတ်စားထားသည့် စန္ဒီနှင့်သူဇာကိုလှည့်ကြည့်သည်)

ပြေမောင် ဟုတ်တယ်ဘဘ။ အင်္ဂလိပ်စာ မီးနင်းကျက်ပြီး အချင်းချင်းဆွေးနွေးနေတာ သူက အသလွတ် တွယ်တာ . . .။

သူဇာ နင်ဘာလို့ ပေး . . . ပေးနဲ့ နောက်ကအသံပေးလဲ။

ပြေမောင် မဆိုင်တာ . . . ငါကပေးဆိုတာဘာလဲလို့မေးတာ။ နောက်တိုးက ပေးဆိုတာ မြက်ခြောက်လို့ဖြေ တယ်။ တို့အချင်းချင်း အေးအေးဆေးဆေးနေတာ နင်ဝင်ပါလို့။

**သူဇာ** ခုမှဘာစကားလမ်းလွှဲတာလဲ၊ သေသွားမယ် (သူဇာ ကလက်ကိုင်အိတ်နှင့် ရမ်းလိုက်၍ ပြေမောင်၊ ဦးသက်ဦး နောက်ကပ်ထားရပြန်သည်)

**ပြေမောင်** တွေ့ . . . တွေ့လားဘကြီး။ ရမ်းကားနေတာ . . . မိုက်မဲနေတာ။

**ဦးသက်ဦး** တော်ပြီနှစ်ယောက်စလုံးရပ်ကြတော့။ မင်းတို့လေးတွေ ဘာကြောင့်ဖြစ်တယ်ဆိုတာ ငါသိပြီ။ စတဲ့သူကလည်း စတာအမှန်။ အေးလေ . . . ညည်းတို့ပုံတွေကလည်း စချင်စရာ ဝတ်စားထားတာကိုး။

**ပြေမောင်** အမှန်ပဲဘကြီး။

**သူဇာ** (ပြေမောင်က သူတို့ကို အပြစ်ပုံချနေရာဒေါ်ကန်သွား) ဒီတစ်ခါတော့ အသေတွယ်မှာနော် . . .

**ဦးသက်ဦး** ကဲကဲ၊ အားလျှော့လိုက်။ စိတ်ပြေလိုက်ကြ။ ဒီသူငယ်တွေကိုယ်စား ဘဘကပဲတောင်းပန်တယ်။ မင်းတို့ကလည်း နောက်မစနဲ့။

**နောက်တိုး** သူတို့ပုံတွေက စချင်စရာ ဘဘရဲ့။

**သူဇာ** အောင်မာ . . . ပြေးကာပြနေပြန်ပြီ။ ကိုယ်ဝတ်ထားတာလဲ ပြန်ကြည့်ဦး။ လူက ဖောင်ရိုးခြောက်။ ဝတ်ထားတဲ့ ဂျင်းဘောင်းဘီ အင်္ကျီကအစုတ်။

**နောက်တိုး** တို့က ယောကျ်ားလေး။

**သူဇာ** အောင်မာ . . . ယောကျ်ားငါ့ဒလာပြီး ထူထောင်မနေနဲ့။ နင်တို့လိုကောင်တွေရှိသမျှတို့ တိုင်းပြည်ဘယ်တော့မှ မတိုးတက်ဘူး။



**နောက်တိုး** နင်တို့ချည်းရှိနေရင်တော့ . . .။ (စဉ်းစားဟန်ပြု) မိန်းကလေးပီပီ အပေါက်များတယ် . . .။

**သူဇာ** ဟင်၊ ကောင်စုတ်၊ သေမယ့်သာပြင်တော့။

**ပြေမောင်** ဟော . . . ဘဘ၊ လုပ် . . . လုပ်ပါဦး။ (ပြေမောင်နှင့် နောက်တိုးက ဘကြီး ဦးသက်ဦးကို ဖက်ထားပြီး လှည့်ပတ်ပြေးနေသဖြင့် ဦးသက်ဦးပါ ချာချာလည်နေစဉ် ပြည်ဖုံးကန့်လန့်ကာကြီး တလိပ်လိပ်ကျ။ အခန်းပြောင်း တီးလုံးကို ဗိုင်းတော်သားများက မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်လိုက်သည်နှင့် ပြည်ဖုံးကန့်လန့်ကာကြီး တရွေ့ရွေ့ကျလာစေ။)

၉ ❖ ❖ ၉

# ပြကွက် (၅)

**နေရာ** — အထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်း၏ စာသင်ခန်းမ။

**အချိန်** — နံနက်ပိုင်း စာသင်ချိန်။

**အခင်းအနား** — စာသင်ခန်းမ၏ အင်္ဂလိပ်နှင့်အညီ ဆရာထိုင်ခုံ၊ စားပွဲ၊ ကျောင်းသားများထိုင်ခုံ၊ နံရံထက်၌ ဗိုက်ဘုတ်ကြီး တစ်ခု။ စာအုပ်ထည့်စီရို သင်ထောက်ကူပစ္စည်းများ။

**မီး** — စာသင်ခန်းမကို အာရုံစိုက်စေရန် အပြောက်အမွမ်း များ မီးဖြင့်ကစားပေး။ လှုပ်ရှားဇာတ်ရုပ်ကို အကွက်လိုက်မီးဖြင့် လိုက်ပေး။

**အသံ** — မြန်မာ့ကျောင်းသားသီချင်းကို အသံသွင်းတိတ်ခွေ (သို့မဟုတ်) စီဒီပြားတွင် အသင့်သွင်းထားပေးပြီး ကန့်လန့်ကာဖွင့်သည်နှင့် တိုးညှင်းစွာဖွင့်ပေး။ သင်ခန်းစာစသည်နှင့် အသံရပ်လိုက်။ ဆရာနှင့် တပည့်များပြောစကား ကြားနိုင်စေရန် အသံဖမ်းခွေ များတပ်ဆင်ထား။ လိုအပ်လျှင် ဇာတ်ကောင်များ အနီး၌ အသံဖမ်းချွက်များ အသင့်တပ်ဆင်ထားပါ။

**ဇာတ်ဝင်ပစ္စည်း** — နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းကမ်းနှင့်



အညီ ကျောင်းဝတ်စုံများ။ စာသင်ခုံ၊ စားပွဲ၊ ကုလား ထိုင်၊ ကမ္ဘာလုံးမြေပုံ၊ သိပ္ပံနှင့် သချာဆိုင်ရာ အထောက်အကူပစ္စည်းများ။

**အဝတ်အစား** — သီးသန့်ကျောင်းဝတ်စုံ။

**ဇာတ်ညွှန်း** — အခန်းပြောင်းတီးလုံးဆုံးသည်နှင့် စီဒီပြားတွင် အသင့်ထည့်ထားသော မြန်မာ့ကျောင်းသားသီချင်း ဖွင့်ပေး။ ပြည်ဖုံးကန့်လန့်ကာဖွင့်၊ တဖြည်းဖြည်းချင်း တက်သွားသည့် ပြည်းဖုံးကန့်လန့်ကာနှင့်အတူ ကျောင်းသားများက မြန်မာ့ကျောင်းသားသီချင်းသံ ပြိုင်ဆိုနေစေ။ (''မြန်မာ့ကျောင်းသား ×× ဝီရိယ လည်းရှိရမည် ×× ကိုယ်ကျင့်တရား ×× ကောန်မှန် ပေသည်)၂

အများရှုစရာ ××သနားကရုဏာ ×× တရားမှုမှာ ဝိုပါသည် ×× ယဉ်ယဉ်ကျေးကျေး ×× လွန်သိမ် မွေ့ရမည်။ ×× တို့ အမျိုးဇာနည် ဝီပါပေသည်။)၂ မြန်မာ့ကျောင်းသား ×× ပညာရေး ×× ကျန်းမာရေး ညီ ×××

**ဒေါ်မြင့်မြတ်** — (သီချင်းသံဆုံးသည်နှင့် အသိအမှတ်ပြုသည့်အပြုံး ဖြင့် ခေါင်းညိတ်လျက်) အားလုံးထိုင်လို့ရပါပြီ။ (ကျောင်းသားများထိုင်၊ ရှေ့ဆုံးတန်းမှ ကျောင်းသား/ ကျောင်းသူများ ထွက်ခွာရထိုင်သော်လည်း နောက် ဆုံးခုံမှ ကျောင်းသားများက အချင်းချင်း စနောက် လျက် တွန်းထိုးပုတ်ခတ်။ ကျောင်းသားတစ်ဦးက

အခြားတစ်ဦးကို အတင်းလက်ဆွဲထိုင်ခိုင်း၍ အဆိုပါ ကျောင်းသားယိမ်းယိုင်သွားသည်ကို ဆရာမ လှမ်းမြင်) ဟဲ့ . . . ဟိုနှစ်ယောက် ဘာဖြစ်နေတာလဲ။ (ဆရာမကဝေါက်၍ အခြားကျောင်းသားများသည် ပြန်လှည့်ကြည့်။) အဲ့ဒီနှစ်ယောက်ထစမ်း၊ နောက်တိုးနှင့် ကောင်းဆုမဟုတ်လား။

(ဆရာမက လေသံထန်ထန်နှင့်ပြောလိုက်၍ အပြစ်လုပ်သော ကျောင်းသားနှစ်ယောက် မျက်နှာပျက်ပျက်နှင့် ထရပ်။ သူတို့ ရှေ့တန်းထိုင်နေသည့် ပြေမောင်က လည်ပြန်လှည့်ကြည့်ပြီး တစ်စုံတစ်ရာ ပြောလျက် သိုသိုဝှက်ဝှက်ရောင်ရယ်) မင်းတို့ဘာဖြစ်နေတာလဲ။

**နောက်တိုး** မဖြစ်ပါဘူး ဆရာမ။

**ဒေါ်မြင့်မြတ်** ဟဲ့ မဖြစ်ပါဘူးလို့ ဘာကြောင့် ပြောင်လိမ်တာလဲ၊ မင်းက လက်ဆွဲလိုက်လို့ ဟိုတစ်ယောက် ယိုင်လဲသွားတာ ငါမြင်တယ်လေ။

**နောက်တိုး** ဒီလိုပါဆရာမ၊ ထိုင်လို့ရပြီ ထိုင်တော့လို့ အသိပေးတာပါ။

**ဒေါ်မြင့်မြတ်** အဲလိုအသိပေးမှ ကောင်းဆုကသိမှာလား . . . ဆရာမက ထိုင်လို့ပြောတာ သူလည်းကြားနေတာပဲ။ (နောက်တိုးနှင့် ကောင်းဆုပြန်ပြောရန် စကားမရှိ၍ ခေါင်းငုံ့ပြီးငြိမ်နေ) မောင်နောက်တိုး။



**နောက်တိုး** ဗျာ . . . ဆရာမ။

**ဒေါ်မြင့်မြတ်** မင့်ကို ဆရာမ အကဲခတ်နေတာကြာပြီ။ ပြောမယ် ပြောမယ်နဲ့ ကြံနေတာလည်း ကြာပြီ။ မင်းအသိနဲ့ မင်းပြောင်းလဲလာမလားဆိုပြီး စောင့်နေတာ . . .။

**နောက်တိုး** ကျွန်တော် ဘာလုပ်မိလို့လဲ ဆရာမ။

**ဒေါ်မြင့်မြတ်** ဩော် . . . ဘာလုပ်မိလို့လဲဟုတ်လား . . . မင်းကိုယ်မင်းပြန်ငုံ့ကြည့်စမ်း

(နောက်တိုးကငုံ့ကြည့်)

မင်းဝတ်စားထားတာ ကျောင်းကသတ်မှတ်ထားတဲ့ ဝတ်စားဆင်ယင်မှုဟုတ်ရဲ့လား၊ အင်္ကျီအဖြူရောင် ဆိုပေမယ့် ဘုရားစူးအဖြူရောင်။ ကြည့်လေ . . . တခြားကျောင်းသားတွေဝတ်တာက အဖြူရောင် ပလိန်း၊ မင်းက ရွှေရောင်အစင်းတွေပါတဲ့အဖြူရောင် ဝတ်ထားတယ်၊ အဝေးကကြည့်ရင် ထင်ထင်ရှားရှား မတွေ့ရပေမယ့် အစင်းကွက်တွေပါတဲ့ ပိတ်ဆိုတာ အနီးကပ်ကြည့်ရင် တွေ့ရတယ်။

**နောက်တိုး** သိပ်မသိသာပါဘူး ဆရာမ။

**ဒေါ်မြင့်မြတ်** အေး . . . သိသာတာ မသိသာတာ အကြောင်းမဟုတ်ဘူး။ ဒါဟာ ကျောင်းစည်းကမ်းချိုးဖောက်တာ၊ တစ်နိုင်ငံလုံးရှိ ကျောင်းသားတွေ၊ ဆရာ ဆရာမတွေလုံချည်စိမ်း အင်္ကျီအဖြူဝတ်ရမယ် . . . အဲ့ဒီအင်္ကျီကလည်း မြန်မာဆန်ဆန် ချုပ်ထားတာ

မျိုးဖြစ်ရမယ်၊ တတ်နိုင်ရင် လည်ကတုံး၊ လက်ရှည် အဖြူဝတ်ရမယ်လို့ ညွှန်ကြားထားပြီးသား . . . ဒါကို မင်းက အဖြူပေါ်မှာ အစင်းကွက်တွေပါတဲ့ ပိတ်စဝယ်ချုပ်ထားတယ်၊ ဘာလဲ သူများနဲ့ မတူမှ လှမယ်ထင်လို့လား . . .။

နောက်တိုး — အဲ့လို မဟုတ်ပါဘူးဆရာမ။

ဒေါ်မြင့်မြတ် — အဲ့လိုမဟုတ်ရင် ဖို့မိဘကချမ်းသာတယ်၊ ငွေကို ထင်တိုင်းဖြုန်းလို့ရတယ်၊ ဒီတော့ သူများနဲ့ မတူအောင်ဝတ်မယ်လို့ စိတ်ကူးတာလား . . .။

နောက်တိုး — မဟုတ်ပါဘူးဆရာမ။

ဒေါ်မြင့်မြတ် — မင့်ပါးစပ်ကသာ မဟုတ်ဘူးလို့ ငြင်းနေတာ၊ လုပ်ရပ်ကတော့ ဒီသဘောချည်းပဲ၊ ကိုင်း . . . မင်းလည်ပင်းက ဝှက်ပြီး ဆွဲထားတဲ့ ဆွဲကြိုးအပြင်ထုတ်လိုက်စမ်း။

(နောက်တိုးက အံ့ဩသည့်အမူအရာဖြင့် တစ်ချက်ပြန်ကြည့်ပြီး စိတ်မသက်မသာတန်ဖြင့် ဆွဲကြိုးဆွဲထုတ်)

ကဲကြည့် ဘယ်ကျောင်းသား/ ကျောင်းသူမှ လက်ဝတ်ရတနာမဆင်ရဘူးလို့ ညွှန်ကြားထားတယ်။ ကိုယ့်မိဘတတ်နိုင်လို့ ဝတ်ချင်ရင် ကျောင်းချိန်ပြင်ပမှာဝတ်။ ဆရာမ မပြောဘူး၊ ပြောပိုင်ခွင့်လည်း မရှိဘူး၊ ခုတော့ ဖို့မိဘတတ်နိုင်တယ်ဆိုပြီး ဆွဲကြိုးကို



ဝှက်ပြီး ဝတ်လာတယ်၊ ဒါကိုရော ဘယ် လို ဆင်ခြေပေးမလဲ။

နောက်တိုး — ညက ဝတ်ထားတာမေ့ပြီး မဖြုတ်မိခဲ့လို့ပါဆရာမ။

ဒေါ်မြင့်မြတ် — မင်းမေ့တာက နေ့တိုင်းပဲလား . .. မင်းဆွဲကြိုးဝတ်ထားတာ ဆရာမမမြင်ဘူးထင်နေလား၊ မပြောချင်လို့ကြည့်နေတာ သိလား၊ မောင်နောက်တိုး–

နောက်တိုး — (ခေါင်းငုံ့နားထောင်နေရာမှ နာမည်ခေါ်လိုက်၍ အထိပ်အလန့်အမူအရာဖြင့် ခေါင်းထောင်ကြည့်) ခင်ဗျာ . . .

ဒေါ်မြင့်မြတ် — စောစောက မင်းတို့အားလုံး မြန်မာ့ကျောင်းသားသီချင်းသံပြိုင်ဆိုကြတယ်၊ စည်းကမ်းသေဝပ်ခြင်း အရင်းပြုသည်ဆိုတဲ့စာသားက မင်းနဲ့မပတ်သက်ဘူးထင်လား မောင်နောက်တိုး။

နောက်တိုး — မထင်ပါဘူး ဆရာမ။

ဒေါ်မြင့်မြတ် — ဒီဆို ကျောင်းစည်းကမ်းသတ်မှတ်ထားတဲ့ ဝတ်စားဆင်ယင်မှုကို ဘာကြောင့် ချိုးဖောက်ချင်တာလဲ (ခေါင်းငုံ့လျက် ငြိမ်ပြီးနားထောင်နေသည့် နောက်တိုးကို စေ့စေ့ကြည့်ပြီးငြိမ်နေ) ကောင်းပြီမင်းထိုင်ပါ။ (စည်းကမ်းဖောက်သည့် နောက်တိုးကို အကြောင်းပြုပြီး အတန်းသားများကို ပြောလိုက်ရသဖြင့် ဆရာမ တော်တော်မောသွားရသည်။ စိတ်လှုပ်ရှားဟန် ရင်ကိုဖိလျက်) အင်း . . . စည်းကမ်း

ဆိုတာ လူတိုင်းတန်ဖိုးထားလိုက်နာသင့်တဲ့ကိစ္စ။ စည်းကမ်းမရှိတဲ့အိမ် စည်းကမ်းမရှိတဲ့ကျောင်း၊ စည်းကမ်းမရှိတဲ့ တိုင်းပြည်ဟာ ဘယ်တော့မှ မတိုးတက်ဘူး။ ဆုတ်ယုတ်စရာ အကြောင်းပဲရှိတယ် . . . အားလုံးနားလည်လား။

**ကျောင်းသားများ** နားလည်ပါတယ်ဆရာမ။

**ဒေါ်မြင့်မြတ်** "စည်းကမ်းအစ စာသင်ကျောင်းက" ဆိုတဲ့ ဆောင်ပုဒ်ဟာ မလိုအပ်ဘဲနဲ့ ချိတ်ထားတယ်ထင်လား။

**ကျောင်းသားများ** မထင်ပါဘူးဆရာမ။

**ဒေါ်မြင့်မြတ်** ယနေ့ နိုင်ငံတော်က သတ်မှတ်ပေးထားတဲ့ မြန်မာ့ကျောင်းသားသီချင်းဟာ စံပြကျောင်းသားတစ်ယောက်ဖြစ်ဖို့ အချက်အလက်တွေပဲ၊ ဦးဆုံးက စည်းကမ်းကောင်းဖို့ လိုတယ်၊ နောက်ဝီရိယရှိဖို့ လိုတယ်၊ နောက်ကိုယ်ကျင့်တရားကောင်းရမယ်၊ ဒါတွေဟာ စံပြကျောင်းသားတစ်ယောက်မှာ ရှိရမယ့်အချက်တွေ . . . (ဆရာမက ကျောင်းသားများ ဂရုစိုက်နားထောင်ခြင်းရှိမရှိ စေ့စိုက်ကြည့်၍ အကဲခတ်လိုက်သည်။ တစ်တန်းလုံး ငြိမ်သက်နားထောင်နေမှ စကားဆက်) အေး ကျောင်းသားဘဝက စည်းကမ်းကျနရင် အလုပ်ခွင်ဝင်တော့လည်း



စည်းကမ်းကျနတဲ့ အလုပ်သမားဖြစ်မယ်၊ ဝီရိယရှိတဲ့ အဲလို ဝန်ထမ်းကောင်း၊ နိုင်ငံသားကောင်းဖြစ်ကြောင်း ခုကတည်းက တည်ဆောက်ပေးတာပါ။ အားလုံးနားလည်လား။

**ကျောင်းသား** နားလည်ပါတယ်။

**ဒေါ်မြင့်မြတ်** မောင်နောက်တိုး။

**နောက်တိုး** နား . . . နားလည်ပါတယ်ဆရာမ။

**ဒေါ်မြင့်မြတ်** ဒါဆို စည်းကမ်းတကျနေမလား။

**နောက်တိုး** နေပါမယ်ဆရာမ။

**ဒေါ်မြင့်မြတ်** စံပြထိုက်တဲ့ကျောင်းသားတစ်ယောက်ဖြစ်အောင် ကြိုးစားမလား။

**နောက်တိုး** ကြိုးစားပါမယ်ဆရာမ။

**ဒေါ်မြင့်မြတ်** ကိုင်း အားလုံးလိုက်ပြောစမ်း၊ ကျွန်တော်တို့ကျွန်မတို့ . . .။

**ကျောင်းသားများ** ကျွန်တော်တို့ ကျွန်မတို့

**ဒေါ်မြင့်မြတ်** စည်းကမ်းရှိပြီး ကိုယ်ကျင့်တရားကောင်းတဲ့။

**ကျောင်းသားများ** စည်းကမ်းရှိပြီး ကိုယ်ကျင့်တရားကောင်းတဲ့။

**ဒေါ်မြင့်မြတ်** စံပြကျောင်းသားတစ်ယောက်ဖြစ်အောင်

**ကျောင်းသားများ** စံပြကျောင်းသားတစ်ယောက်ဖြစ်အောင်

**ဒေါ်မြင့်မြတ်** ကြိုးစားပါမည်။

**ကျောင်းသားများ** ကြိုး . . . စား . . . ပါ . . . မည်။

**ဇာတ်ညွှန်း** (ထိုအော်သံဆုံးသည်နှင့် နောက်ခံသီချင်း "မြန်မာ့ကျောင်းသား" သီချင်းကို အသံမြှင့်ပြီး ဖွင့်ပေးစဉ် ပြည်ပုံးကန့်လန့်ကာကြီးတလိပ်လိပ်ကျလာစေ။)

အခန်းပြောင်းတီးလုံးဝင်

ဆ ❖ ❖ ဇ

## ပြကွက် (၆)

**နေရာ** ကျောင်းရှေ့လမ်းမ။

**အချိန်** ညနေကျောင်းလွှတ်ချိန်။

**အခင်းအနား** (က) အထက်ခွင်တွင် အထက ကျောင်းတစ်ကျောင်း ပုံရေးဆွဲထားသည့် နောက်ခံပန်းချီကားချပ်ချထား။
(ခ) အောက်ခွင်တွင် လူသွားလမ်း၊ ကားမှတ်တိုင်၊ အချက်ပြမီးပွိုင့်တို့ကို ထိုကားများဖြင့် သရုပ်ပေါ်လွင်အောင် ခင်းကျင်းထား။

**မီး** အချက်ပြမီးတိုင်တွင် စိမ်း၊ နီ၊ ဝါရောင်စုံ အချက်ပြမီးဖြင့် ယာဉ်အသွားအလာ လူအသွားအလာကို ထိန်းထား။ ကခွင်တစ်ခုလုံးကို ထင်လင်းစွာမြင်နိုင်ရန် အပေါ်မီးဖြင့် ဖြန့်ထား။ အထက်ခွင်ရှိ ကျောင်းရှင်းကို ပွဲကြည့်ပရိသတ် အာရုံစိုက်စေရန် အောက်မှ ဆလိုက်မီးဖြင့် ပင့်ထိုးထားစေ။

**အသံ** အသံသွင်းခွေဖြင့် လူသံ၊ ကားသံတို့ကို ကြိုသွင်းထားပြီး ဇာတ်ရုပ်များ၏ လှုပ်ရှားမှုနှင့် အံဝင်ခွင်ကျရှိအောင် ထိန်းသိမ်းဖွင့်ပေး။ ဇာတ်ရုပ်များ၏ စကား

ပြောသံ ပီပြင်စွာကြားရအောင် စကားပြောခွက်များ သင့်လျော်သလို တပ်ဆင်ပေးထား။

**ဇာတ်ဝင်ပစ္စည်း** ကျောင်းတက်/ကျောင်းဆင်းတွင် တီးခတ်ရမည့် ခေါင်းလောင်း။ လမ်းပေါ် ပြေးလွှာနေသည့် ယာဉ် ပေါင်းစုံ။ ထိုးကား၊ ဆွဲကားဖြင့် သရုပ်သဏ္ဌာန် ပေါ်လွင်ပြီ။

**အဝတ်အစား** ကျောင်းသူကျောင်းသားဝတ်စုံ။ ဖြတ်လျှောက်ခရီး သွားတို့၏ သာမန်ဝတ်စုံ။ မီးအချက်ပြတိုက်တွင် စောင့်ကြည့်သည့် ယာဉ်ထိန်းရဲဝတ်စုံပြည့်။

**ဇာတ်ညွှန်း** အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ကျောင်းဆင်း ခေါင်းလောင်းသံထွက်ပေါ်လာ။ ပြည်ပုံးကားဖွင့် သည်နှင့် ကခွင်အထက်၊ နောက်ခံကားချပ်အနီး အထက်ခွင်ညာဘက်မှ ကျောင်းသူကျောင်းသား ပျော်ပျော်ရွှင်ရွှင်ထွက်လာ။ ကျောင်းတံခါးမကြီးမှ ထွက်လာပြီး အချို့ကတောင်ဘက်၊ အချို့က မြောက်ဘက်၊ အချို့က ကားမှတ်တိုင်ဆီလျှောက်၊ ကျောင်းသူကျောင်းသားများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်အောင် ယာဉ်ထိန်းက လမ်းကြောရှင်း ပေးထား။ ထိုအချိန် အခြားအရပ်သူ အရပ်သားများ က ကိုယ့်ကိစ္စနှင့် ကိုယ်သွားလာနေဟန်ဖြင့် တောင် မြောက်ဦးတည်လျှောက်နေ။ ယာဉ်ထိန်းရဲက ကား အသွားအလာကို ထိန်းချုပ်လျက်ကျောင်းသားများ



လွတ်လွတ်လပ်လပ်သွားနိုင်အောင် ထိန်းချုပ်ပေး ထား။ နောက်တိုး၊ ကောင်းဆု၊ ပြေမောင်တို့ သုံးယောက်က ရှင်းပေးထားသည့်လမ်းအတိုင်း တစ်ဖက်သို့ ဖြတ်ကူးဟန်ဖြင့် ကခွင်အထက်မှ၊ အောက်ခွင်ဘက်လျှောက်လာ။ ဘတ်(စ်) ကား မှတ်တိုင်တွင် အများနည်းတူရပ်လျက် ယာဉ်အလာ ကိုစောင့်။ မျက်နှာပျက်ကာ မှိုင်နေသည့်နောက်တိုး ကို ပြေမောင်က ဖြေသိမ့်စကားပြော။

**ပြေမောင်** ဘာလဲဟေ့ကောင်၊ အဆူခံရလို့ စိတ်ညစ်နေလား . . . ညြဝါအပျို့သင်ရတယ်လို့ သဘောထားလိုက်စမ်းပါ။

**နောက်တိုး** (ကြောင်တောင်တောင်အမူအရာဖြင့် လှည့်ကြည့်) တကယ်ပဲကွာ . . . ဒီနေ့တော့ တွတ်ပီကံမကောင်း ဘူး၊ ကျောင်းမှာ ဆွဲကြိုးဆွဲတာအပြစ်လား . . . ရွှေမဝတ်ရဘူးဆိုရင် အာခံတဲ့အနေနဲ့ ရွှေသွားစိုက် ဦးမယ်။

**ပြေမောင်** ဒီအကြံမဆိုးဘူးနောက်တိုး။ ဆွဲကြိုးဆွဲလို့ လက်စွပ် ဝတ်လို့ အပြစ်ပြောပေမယ့် ရွှေသွားတော့ ရန်ရှာလို့ မရဘူး။ အဟက်၊ ကောင်းတယ်၊ ဗီဆန်တယ်ဆို လည်း ပညာသားပါပါ ဗီဆန်ရင် ဘာပြောနိုင်မှာလဲ။

**ကောင်းဆု** မင်းကလည်းမင်းပဲ နောက်တိုး။ မင်းဆောင့်ဆွဲလို့ ငိုလဲကျသွားတော့မလို့။ ဆရာမချည်း အပြစ်တင် မနေနဲ့ ငိုလူ၊ တို့ကလည်းတို့ပဲ။

**နောက်တိုး** အဖြစ်လုပ်လို့ အဖြစ်တင်ခံရတာ ငါမပြောပါဘူး။ တစ်ခါလာကျောင်းစည်းကမ်း။ တစ်ခါလာ လူကျင့်ဝတ်၊ တစ်ခါလာ နိုင်ငံသားကောင်း။ ပြောတဲ့စကားလုံးတွေက အောက်ထပ်ဘယ်တော့မှ မဆင်းဘူး။

**ကောင်းဆု** ဒါလည်း တို့အတွက်ပြောတာပဲ မဟုတ်လား နောက်တိုးရာ . . .။

**နောက်တိုး** တော်စမ်းပါ၊ မင်းကပါ ဆရာမဘက်ကပါနေပြန်ပြီ။ ဒီမယ်ပြေမောင် လောကမှာ အကောင်းအဆိုးဆိုတာ အွန်တွဲနေတာ . . . လူကောင်းလူတော်နဲ့ လူဆိုးလူမိုက်ဆိုတာ ရှိစမြဲပဲ။ အေး . . . ဆယ်ယောက်စလုံး လူဆိုးဖြစ်ချင်ဖြစ်မယ်၊ လူကောင်းဆယ်ယောက်လုံး မဖြစ်နိုင်တာတော့ အသေအချာပဲ။

**ကောင်းဆု** မင်းဆိုလိုတာက

**နောက်တိုး** လူဆိုးနဲ့ လူကောင်းခွဲခြားရင် လူဆိုးများတာအသေအချာပဲ။ တို့လိုဆိုးတွေ များတဲ့ဒီလောကမှာ အထီးကျန်မဖြစ်အောင် လူဆိုးပဲ လုပ်မယ်ငါ့လူ။

**ကောင်းဆု** မင်းစကားက ဆရာမရဲ့ အဆုံးအမကို ဥပေက္ခာပြုတာပဲ။

**နောက်တိုး** ဥပေက္ခာပြုတာမဟုတ်ဘူး။ သဘောကိုမကျတာ . . . ဘယ့်နှယ်ကွာ . . လိမ္မာကြပါ၊ ကြိုးစားကြပါ၊ လူတော်လူကောင်းဖြစ်အောင် လုပ်ပါလို့ဆုံးမနေလည်း တကယ်ဖြစ်ချင်မှဖြစ်တာ . . .



**ကောင်းဆု** ဒါကြောင့် ဆရာမက ဆုံးမတာပေ့ါ။ မင်းမလုပ်နိုင်ရင်နေပါ။ ဆရာမရဲ့ စေတနာတော့ မစော်ကားသင့်ဘူး။

**နောက်တိုး** (နောက်တိုးနှင့်ကောင်းဆုက အချင်းချင်းအချက်ပြပြီး တိုးတိုးပြောတုသော အမူအရာဖြင့် နှုတ်ခမ်းနှစ်လွှာပေါ်လက်ညှိုးလေးဖြတ်တင်းပြီးပြော) ကျွတ် . . . ကျွတ် . . . ကျွတ်။ တကယ်သနားစရာကောင်းတဲ့ပုဂ္ဂိုလ်တစ်ယောက်ကို ခုမှအရှင်လတ်လတ်တွေ့ရတာပဲ။ အံ့ဩစရာကောင်းလိုက်တာ၊ ဒီမှာကောင်းဆု။

**ကောင်းဆု** ပြော . . . .။

**နောက်တိုး** မင်းကငါ့လို အပြောမခံရတော့ နာကျင်ရမှန်းမသိဘူးပေ့ါကွာ။ ငါကတော့ လူကြားထဲ အဆူခံရတော့ ဖြောင်လိမ်ချင်တာလျှာကို ယားနေတာပဲ။

**ကောင်းဆု** မင်းကတော့ တော်တော်ရဲကြီးမယ့်ကောင်။ ဟိုက စေတနာနဲ့ဆုံးမတဲ့ဥစ္စာ။

**နောက်တိုး** တော်ပြီကောင်းဆု၊ လူလိမ္မာလေးနဲ့တို့က အသွင်မတူဘူးတော့။ (သူ့စကားကို သူ့ဘာသာသဘောကျဟန်ပြောပြီး ထိုးဆိုက်လာသည့် ဘတ်(စ်)ကားပေါ်ပြေးတက်။ ကားပေါ်ရောက်မှ ကောင်းဆုကိုနှုတ်ဆက်ပြီးထွက်သွား။ ကောင်းဆုကစိတ်ပျက်လက်ပျက် ညည်းညူရင်းကျန်ခဲ့။

**ကောင်းဆု** ခက်တယ် . . . တော်တော်ခက်တဲ့ကောင်တွေ . . . မိဘအရှိန်အဝါနဲ့ ဆိုးချင်တိုင်းဆိုး၊ ပေချင်တိုင်းပေနေကြတာ . . . ညွှန်း (ကောင်းဆုသည် သူ့ရှေ့က ဖြတ်မောင်းသွားသည့် ဘတ်(စ)ကားကို ငေးကြည့်နေစဉ် ပြည်ဖုံးကားလိပ်ကြီးတဖြည်းဖြည်းကျလာ . . . တီးဝိုင်းမှ မြန်မာ့ကျောင်းသားသီချင်း တီးခတ်ပြီးအခန်းပြောင်း။

# ပြကွက် (၇)

**နေရာ** မြို့စွန်ရပ်ကွက်တစ်ခုရှိ ချောင်ကျကျလက်ဖက်ရည်ဆိုင်။

**အချိန်** နေ့လည်ပိုင်း၊ ဆိုင်တိုင်းဆိုင်တိုင်း လူသူပြတ်လပ်ချိန်။

**အခမ်းအနား** ကခွင်၏ အထက်ပိုင်း ဘယ်ဘက်ထောင့်တွင် ထိုကားဖြင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ပုံခင်းကျင်းထား။ ဆိုင်၏ပတ်ဝန်းကျင်သည် အလင်းအားနည်းပြီး အရိပ်အာဝါသများ စိုးမိုးစေရန် သစ်ပင်ဝါးပင်များ ပေါက်နေဟန်ကို ဖောက်ကားဖြင့် အုံ့ထိုင်ချထားရမည်။ ကောင်တာ၏ ညာဘက် မလှမ်းမကမ်းတွင် ခုံမြင့် တစ်ခုပေါ်၌ ၁၄ လက်မရောင်စုံတီဗီ၊ အောက်စက် တို့တင်ထား။ လူငယ်များ သဘောကျသည့် နိုင်ငံခြားကားများ တစ်နေကုန် ဖွင့်ပေးထား။

**မီး** လက်ဖက်ရည်ဆိုင်နှင့် လိုက်လျောညီထွေစွာ မှုန်ပျပျအလင်းရောင်တွင် အရောင်ပြောက်မှုန်း၍ ရောင်ပြေးမီးများဖြင့် ဖမ်းစားထားပါ။

**အသံ** — လက်ဖက်ရည်ဆိုင်ထဲရှိ တီဗီမှ နိုင်ငံခြားခွေကို လိုအပ်သည်ထက်ပိုကျယ်ထားသဖြင့် အသံပလံများ ဆူညံစွာကြားနေရစေ . . .။

**ဇာတ်ဝင်ပစ္စည်း** — (က) အပေါ်စား၊ အညံ့စား လက်ဖက်ရည်ဆိုင်တွင် ခင်းကျင်းပြင်ဆင်ထားသည့် စားပွဲလေးလုံး ခွေးခြေ ဆယ့်လေးငါးလုံး။

(ခ) တီဗီ၊ အပေါ်စက်အောက်စက်။

(ဂ) နိုင်ငံခြားပောာလိဝုဒ်မင်းသမီးများ၊ မော်ဒယ်များ၏ မလုံ့တလုံပုံများ၊ ဒေးဗစ်ဘက်ခမ်း၊ စီရော်နယ်ဒို၊ ရှန်နီတို့၏ ပုံများ။

**အဝတ်အစား** — ဇာတ်ဆောင်များ၏ သာမန်ဝတ်စားဆင်ယင်မှု အဝတ်အစား။

**ဇာတ်ညွှန်း** — အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ပြည်ဖုံးကန့်လန့်ကာဖွင့်။ လက်ဖက်ရည်ဆိုင်ကောင်တာတွင် တစ်ယောက်တည်းထိုင်လျက် ပျင်းရိစွာ ငိုက်မျဉ်းနေသည့် ဆိုင်ရှင်ရာကွတ်သည် ခါးဆန့်လက်ဆန့်လျက် သန်းဝေစေ . . ထိုအခိုက်မှာပင် ကခွင် အောက်ညာဘက်တိုင်ဖုံးအကွယ်မှ လူငယ်တစ်ဦးက ရေးကြီးသုတ်ပျာအမူအရာဖြင့် ဝင်လာ . . . ထောင့်ကျကျစားပွဲတွင် ဝင်ထိုင်လိုက်ပြီး ဆိုင်ရှင်ရာကွတ်ကို လှမ်းမေး။

**တိုးမောင်** — ဟေ့ ဗိုလ်ရာ . . . ဟိုကောင်တွေ မလာကြသေးဘူးလား။



**ရာကွတ်** — (အဆုံးအစမရှိသည့် အမေးကြောင့် ဘာပြန်ဖြေရမှန်းမသိသော ရာကွတ်က စိတ်မရှည်သည့် အမူအရာဖြင့် ပြန်မေး) ဘယ်ကောင်တွေလဲ ငါ့ဆိုင်လူလာတာ သောင်းချောက်ထောင်၊ ဟိုကောင်တွေဆိုလို့ ငါက ဘာပြန်ပြောရမလဲ။

**တိုးမောင်** — အရေးထဲ ခင်ဗျားက ရစ်နေပြန်ပြီ၊ ကျုပ်မေးရင် ကျုပ်သူငယ်ချင်းတွေပေါ့ဗျာ . . မျိုးအောင်တို့ နောက်တိုးတို့ပေါ့။

**ရာကွတ်** — အဲ့လိုမေးပေါ့၊ မလာသေးဘူး (တိုတိုတောင်းတောင်းဖြေပြီး စိတ်မဝင်စားဟန် ရီမုခ်ကိုင်လျက် ချန်နယ်ပြောင်းဖို့ ကြိုးစားနေစေ)

**တိုးမောင်** — ဒီနေ့တစ်နေ့လုံး မလာသေးတာလား . . (မေးပြီး အဝေးမျှော်ကြည့်၊ စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကုတ်)

**ရာကွတ်** — (လည်ပြန်လည်ကြည့်ရင်း စိတ်မရှည်ဟန်ဖြင့်) ငါဗမာလိုပြောတာပါ တိုးမောင်ရာ . . မလာပါဘူးဆို ခုချိန်ထိမလာသေးလို့ပေါ့။

**တိုးမောင်** — သေသေချာချာ ချိန်းထားတာဗျ။ ခက်တာပဲ၊ ဒီကောင်တွေက အချိန်ကို မလေးစားဘူး။ (ဘာအလုပ်မှ မလုပ်ဘဲ၊ လမ်းပေါ်လျှောက်သွားနေသူက အချိန်တိတိကျကျဟု ဆိုလိုက်၍ ရယ်ချင်စိတ်ဖြင့် ပြုံးလိုက်ရင်း စိတ်ကြိုက်ချန်နယ်ကို ဆက်ရှာနေ) ကိုင်းဗျာ သူတို့ကို မစောင့်နိုင်တော့ဘူး၊ တစ်လိပ်ကြိုပေးထား။ နောက်တိုးလာတော့ ရှင်းခိုင်းမယ်။

ရာကွတ် ဘာရယ် . . . . တစ်လိပ်ဟုတ်လား . . .။

တိုးမောင် ဟုတ်ပါတယ်ဆိုဗျာ . . .

ရာကွတ် (ပိုက်ဆံတောင်းဟန်ဖြင့် လက်ဖြန့်ရင်း) လာလေ . . .

တိုးမောင် ခင်ဗျားက ရစ်နေပြန်ပြီ။ နောက်တိုးလာရင် ပေးပါလိမ့်မယ်။

ရာကွတ် (ပြုံးလျက်ခေါင်းရမ်းပြီး) ဒါဆိုနောက်တိုးလာမှယူ။

တိုးမောင် ခင်ဗျားက မကတ်သတ်သင့်တာ ကတ်သတ်နေပြန်ပြီ။ ဒီကောင်တွေနဲ့ အသေအချာချိန်းထားတာပါ။ လာမှာပါဗျာ။ နောက်တိုးလာလာချင်း တောင်းပေးမယ်။ ဒီမှာ စိတ်မရှန်မလန်းဖြစ်နေလို့ တောင်းနေတာ . . .။

ရာကွတ် စိတ်မရှင်ရင် ရှင်သွားအောင် တီဗီကြည့်။ (ရီမုမ်ဖြင့် တီဗီဖန်သားပြင်ပေါ်ထိုးပြ။ မလုံ့တလုံ အဝတ်အစားများ ဝတ်ဆင်လျက် မဖွယ်မရာလုပ်ပြသည့် မိန်းမထောင်ကားကို ရာကွတ်က နှစ်လိုစွဲမက်စွာကြည့်နေ)

တိုးမောင် ဒီလောက်ငွေစကားပြောတဲ့လူကို တစ်နေ့ကျငွေထုပ်နဲ့ကိုင်ပေါက်ပစ်ဦးမယ်။

ရာကွတ် (သဘောကျဟန်ဖြင့်ရယ်) အဟက်ဟက်၊ ငွေထုပ်နဲ့ပေါက်မယ်။ မင်းက ဟိုလူရှင်တော် မော့(စ်)လို ပြက်လုံးပြောတတ်သားပဲ။ အလုပ်မလုပ်ဘဲ မင်းက ဘယ်လိုငွေရမှာလဲ။ ငွေရှိအောင် အလုပ်လုပ်ရတယ်



ကွ။ ရာကွတ်နော် . . . ဟိုအိန္ဒိယကလာတော့ လက်ထဲဘာမှမရှိဘူး။ ရာကွတ် အလုပ်လုပ်တယ်။ ရတဲ့ပိုက်ဆံ ကျစ်ကျစ်ပါအောင် စုတယ်။ အတော်အတန်ရှိတော့ လူမနေတဲ့ ဒီနေရာကို ဈေးချိုချိုနဲ့ ဝယ်တယ်။ ရာကွတ်မှာ အိမ်ရှိတယ်။ မင်းမှာ နေစရာအိမ်ရှိလား . . .။

တိုးမောင် ဘာကွ။ မြန်မာပြည်ဟာတို့ပြည်။ ကိုယ့်ပြည်မှာ ဘယ်နေရာနေနေ ရတယ် . . .။

ရာကွတ် အဟဲဟဲ . . . အဲဒါပြောတာ . . . ကိုယ်ပိုင်တဲ့နိုင်ငံမှာ ကိုယ်ပိုင်မြေတစ်ကွက်၊ အိမ်တစ်လုံးမရှိဘူး။ ရာကွတ်နော် . . သူများတိုင်းပြည်လာနေတယ်၊ ဒီမြေပေါ်မှာ ရာကွတ်ပိုင်တဲ့ မြေကွက်ရှိတယ်။ ရာကွတ် နေဖို့အိမ်ရှိတယ်။ ရာကွတ်မှာ ဘာမှလိုအပ်ချက်မရှိဘူး။ လိုချင်တာ အဆင်သင့်ဝယ်ဖို့ ငွေရှိတယ်။

တိုးမောင် တော်စမ်းပါ၊ အဲဒါတို့ပိုက်ဆံတွေပါ။

ရာကွတ် အဟဟ၊ ဟုတ်လိုက်လေ . . . မင်းတို့ငွေတွေ . . မင်းတို့အိတ်ထဲကငွေကို ငါက အရယူထားတာ . . . အဲဒါပညာပဲ။ တစ်ပါးသူဆီက ပစ္စည်းကို ကြည်ကြည်ဖြူဖြူပေးလာအောင် အရယူနိုင်တာပညာ . . အတတ်ပညာကွ။

တိုးမောင် ကဲပါ၊ ငါ့ကိုဆေးတစ်လိပ်သာ ပေးစမ်းပါ။

ရာကွတ် ငွေပေးလေ . . . ဒီမျိုးက ဘယ်တော့မှ အကြွေးတောင်းလို့ မရနိုင်ဘူး။ တရားဥပဒေနဲ့ မလွတ်ကင်းတဲ့အလုပ်ကို သက်စွန့်ဆံဖျား လုပ်ရပြီး၊ ငွေမရဘဲ အလွယ်တကူ ရောင်းလောက်အောင် ငါမမိုက်ရိုင်းဘူး။

တိုးမောင် တောက် . . . မင်းကွာ (လိုအပ်ချက်မရ ဒေါပွဟန်ဖြင့် အော်သည်။ တောင့်တမှုပြင်းသဖြင့် ဝေဒနာကို ကျိတ်မှိတ်ခံစားရင်း အဝေးသို့လှမ်းမျှော်ကြည့်လိုက်စဉ် . . .) ဟော . . . ဟိုမှာ နောက်တိုးလာပြီ။ ပေးစမ်းတစ်လိပ်။

ရာကွတ် သေချာလား . . . ။

ရာကွတ် သေချာလာ . . . (လှမ်းမျှော်ကြည့်ပြီး ပြုံးလျက်) အိုကေ . . . အိုကေ၊ နောက်တိုးလာရင် မင်း ဆေးလိပ်ရမယ်။

တိုးမောင် မင်းတော်တော်လူလည်ကျတယ်။

ရာကွတ် လူလည်လုပ်တာ မဟုတ်ဘူးတိုးမောင်။ သေသေချာချာ အလုပ်လုပ်တာ . . . ဒီကဒီပစ္စည်းကို လမ်းပေါ်က ကောက်လာတာမဟုတ်ဘူး။ ငွေပင်ငွေရင်း စိုက်ထုတ်လုပ်ထားတာ . . . အမြတ်ရချင်လို့ရောင်းတာ . . . အမြတ်မရချင်နေပစေ . . . အရင်းတော့ ဆုံးရှုံးလို့မဖြစ်သေး။ (သိမ်းထားသည့် ဆေးလိပ် ထုတ်ပေးစဉ်ပင် နောက်တိုး၊ မျိုးအောင်နှင့် ပြေမောင် တို့ ဆိုင်ထဲဝင်လာ . . .)



တိုးမောင် မင်းတို့ဘာဖြစ်လို့ နောက်ကျနေတာလဲ . . . ဒီမှာ ဒုက္ခရောက်နေလို့ ဆေးတစ်လိပ်တောင်းပန် ဝယ်တာမရဘူး။ မင်းလာမှပေးမယ်ဆိုလို့

နောက်တိုး အဟဲဟဲ၊ ပေးလိုက်ရောပေ့။

ရာကွတ် သူဌေးသားလေးဆီက အမိန့်မရတော့ မပေးဝံ့ဘူးလေ . . . ကျုပ်မှာ အဲလိုမျိုးဆုံးရှုံးတာတွေများပြီ။

နောက်တိုး ဟုတ်မှာပါလေ . . . ကဲကဲ၊ နောက်ထပ်သုံးလိပ်ပေး။ အားလုံးဘယ်လောက်ကျလဲ . . .။

ရာကွတ် ဒီနေ့ ဈေးနည်းနည်းတက်တယ် ဆရာ။

တိုးမောင် ဘာကွ၊ အလကားနေရင်း မင်းကဈေးတက်နေပြန်ပြီ။

ရာကွတ် အမှန်ပဲမိတ်ဆွေရာ . . . ပစ္စည်းဝင်တဲ့လမ်းကြောမှာ အဖမ်းအဆီးများတော့ ပုံမှန်ဝင်နေကျအတိုင်း မဝင်နိုင်ဘူး။ ပစ္စည်းရှားသွားပြီ။

တိုးမောင် ပစ္စည်းရှားတယ်၊ ဈေးတက်တယ်ဆိုတာ မင်းပါးစပ်ထဲမှာပဲရှိနေတာပါကွာ . . .။

နောက်တိုး (ဘာကိုမျှ မမှုသည့် မျက်နှာပေးဖြင့် ပြုံးလျက်) ကဲပါ။ ကျငွေသာပြော။

ရာကွတ် ရှစ်ထောင်သူဌေးသားလေး။

တိုးမောင် ဘာကွ၊ တစ်လိပ်နှစ်ထောင်ဟုတ်လား။ မင်းတော်တော်လူပါးဝပါလား . . . ဟိုကာစင်ဆိုင်မှာ အဲလောက်မရှိဘူး။

**ရာကွတ်** ဒါဆို ကာစင့်ဆိုင်သွားပေါ့။ ဒီမှာလို လွတ်လွတ်လပ်လပ်မနေရဘူး။ ပတ်ဝန်းကျင်ကိုလည်း ကိုးကန်းကောင်းမွေးကြည့်နေရမယ်၊ ဒီကိစ္စမျိုးက ပတ်ဝန်းကျင်ကောင်းတဲ့နေရာမှာ ဗိမ်ရှိရှိနဲ့ သုံးဆောင်ရမှာ . . .

**နောက်တိုး** ကဲပါရာကွတ်ရာ . . . သူနဲ့စကားပြောမနေနဲ့ ဒီမှာ ပိုက်ဆံလာယူ၊ တို့နှစ်ယောက်အတွက် အာဟာရလေးပွဲစီစဉ်ထား။ လောလောဆယ်ကြည့်ရအောင် ဘာအခွေရှိလဲ . .။

**ရာကွတ်** ပူး လား . . . ဟပ်(ဗ်)လား . . . ။

**နောက်တိုး** ယဉ်ယဉ်ကျေးကျေးပဲကောင်းတယ်။

**ရာကွတ်** ရှိတယ် ရှိတယ်၊ အသစ်ဝင်ထားတဲ့ ကိုရီးယားတစ်ခွေရှိတယ်၊ ဆရာလေးသဘောကျမှာပါ။ ဒီဘက် လာပါလားဆရာ။ ကျွန်တော်အရင်းပက်ခင်းပေးထားမယ် . . .

**တိုးမောင်** ခွေးမသား၊ ငွေမျက်နှာတော်တော်ကြည့်တယ်၊ ထို့(ရွံ့ရှာစက်ဆုပ်ဟန်ဖြင့် တံတွေးပစ်ထွေး။ ထိုစဉ်မှာပင် အခြားအုပ်စုတစ်စု ဝင်လာပြန်၊ တစ်ဦးနှင့်တစ်ဦး အထာသိဟန်ဖြင့် လက်ပြနှုတ်ဆက်။

**ရာကွတ်** ကြွပါ ကြွပါ၊ ဘာသုံးဆောင်မလဲဆရာ၊ လက်ဖက်ရည် . . . ကော်ဖီလား။ နားမလည်ရင် နားရှုက်ဆွဲဆုံးမနိုင်ပါတယ်၊



**အခြား** ဘယ်လို . . . ဟောဒီလို နားရွက်ဆွဲဆုံးမရမှာလား . . ရတယ်၊ ရတယ်
ကိုင်း . . လာစမ်း။

**ရာကွတ်** အား . . ယို့ယို။ ကယ်တော်မူပါ တမန်တော်အရှင်မြတ်။

ရာကွတ်ဖြစ်နေပုံကိုကြည့်ပြီး တိုးမောင်တို့အုပ်စု သဘောကျဟန်ဖြင့် ရယ်နေစဉ် ကားလိပ်ချ။
အခန်းပြောင်းတီးလုံးဝင်။

❖ ❖

## ပြကွက် (၈)

**နေရာ** မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်း။

**အချိန်** နံနက် ၀၈း၀၀ နာရီခန့်။

**အခင်းအကျင်း** ရဲတပ်ဖွဲ့မှူးအဆင်အပြင် သရုပ်ဖော်ရေးဆွဲထားသည့် နောက်ခံကားချပ်ကို ကခွင် (အထက်)၌ ချထား။

အစိုးရဌာနရုံးများနှင့် အညီ မျက်စိပသာဒလှပစေရန် အဝင်လမ်းကို မွမ်းမံထားပြီး ရုံးမျက်နှာစာ၌ မြက်ခင်းစိမ်းစိမ်းနှင့် ရောင်စုံပန်းပွင့်များ ပွင့်နေသည့် ပန်းပင်များ စိုက်ထားပုံကို ထိုကားဖြင့် သရုပ်ဖော်ထား။

**မီး** ကခွင်တစ်ခုလုံးမြင်နိုင်ရန် ခွဲပြည့်အလင်းတင်ပေးထားပေးရမည်။

**အသံ** အသင့်အသံသွင်းယူထားသော တိတ်ခွေ (သို့) စီဒီပြားမှ "ကူညီပါရစေ" ဟူသော နောက်ခံတေးအသင့်ဖွင့်နိုင်အောင် စီစဉ်ထား။

**ဇာတ်ဝင်ပစ္စည်း** ရဲအရာရှိနှင့် ရဲသားများကိုင်သည့် လက်နက်များ။ လက်ထိပ်များ။



ရုံးသုံးစာရေးကိရိယာများ။ ဘုတ်တွင် ကပ်ရိုက်ထားသည့် နိုင်ငံတော်အလံနှင့် ဆောင်ပုဒ်များ။

**အဝတ်အစား** ရဲအရာရှိ ဦးဘသော်၊ ဝင့်မိုး၊ ဇော်ဝင်းတို့ ဝတ်ဆင်သည့်အရာရှိ ဝတ်စုံပြည့်။

ရဲတပ်သားနိုင်ကြီး၊ ပေါက်စ၊ အေးချိုတို့ ဝတ်ဆင်သည့် တပ်ဖွဲ့ဝင်ဝတ်စုံပြည့်။

**ဇာတ်ညွှန်း** ပြည်ဖုံးကန့်လန့်ကာဖွင့်လျှင် "ကူညီပါရစေ" ဟုသော ရဲတပ်ဖွဲ့ဝင်ဂုဏ်ပြုတေးသီချင်းကို ပရိသတ်ကြားနိုင်အောင် ဖွင့်ပေး။ ကားလိပ်ပွင့်သည်နှင့် စားပွဲခုံတွင်ထိုင်နေသည့် မြို့နယ်တပ်ဖွဲ့မှူး ဦးဘသော်အား ပရိသတ် အာရုံစိုက်စေရန် ဆလိုက်မီးဖြင့် ကွက်ထိုးပေးထား။ ဦးဘသော်က စားပွဲပေါ်ရှိ ကြိုးဖုန်းကို အသုံးပြုလျက် တစ်နေရာရာသို့ စကား ပြောနေ။ ထိုစဉ် ရဲအရာရှိ ဝင့်မိုးနှင့် ဇော်ဝင်းလာပြီး မလှမ်းမကမ်းမှရပ်လျက် အလေးပြု။ ဦးဘသော်မှ သိကြားခေါင်းညိတ်၊ ထိုင်ပါဟူသော အမူအရာဖြင့် ကုလားထိုင်များညွှန်ပြ။ ဝင့်မိုးနှင့် ဇော်ဝင်း ကုလားထိုင်ဆွဲထိုင်၊ နောက်ခံတေးသီချင်းသံတိုးပြီး၊ တီးဝိုင်းမှ ထိုသီချင်းကို စန္ဒရားတစ်ခုတည်းဖြင့် တိုးတိုးညှင်းညှင်း လိုက်တီးပေး။

ဦးဘသော်၏ စကားပြောသံပိုမြှင့်တင်လိုက်။

**ဦးဘသော်** (ခေါင်းတညိတ်ညိတ်နှင့်ပြော) ဟုတ်ကဲ့၊ မှန်ပါတယ်

. . . ဒီကိစ္စဟာ လျစ်လျူရှုထားလို့မရတဲ့ကိစ္စတွေပါ။ မှန်ပါတယ် . . . မှန်ပါတယ်၊ လူ့ဝယ်တွေအရေးက အင်မတန်ရှင်လေးစရာပါ။ ဒါ့အတွက် နိုင်ငံတော်က လည်း စီမံချက် အမျိုးမျိုးရေးဆွဲပြီးဟန့်တား အကောင်အထည်ဖော်နေပါတယ်။ ဟုတ်ကဲ့ပါ . . . မှန်ပါတယ်ခင်ဗျာ။ ဟုတ်ကဲ့လုပ်မှာပါ။ ကျွန်တော့် တပ်ဖွဲ့ဝင်တွေကို အမြန်ဆုံး စေလွှတ်ဆောင်ရွက်မှာ ပါ။ ဟုတ်ကဲ့၊ ကျွန်တော်တို့မှာလည်း တာဝန်တွေ ကများ။ ရှိတဲ့အင်အားက မလုံလောက် နည်းနည်းနဲ့ ကျဲကျဲပိုင်းနေရတော့ လစ်ဟာချက်ရှိကောင်းရှိ ပါမယ်။ မှန်ပါမယ်၊ ရှိပါတယ်။ အခုလို ကူညီသတင်း ပေးတာဟာ ကျွန်တော်တို့ကို ကူညီတာပါပဲ။ စိတ် ချပါ၊ ကျွန်တော်တို့ကို ကူညီသူတွေရဲ့သတင်းကို မပေါက်ကြားအောင်အမြဲ ထိန်းသိမ်းပါတယ်။ ဟုတ်ပါတယ် . . . ဟုတ်ကဲ့၊ ကျေးဇူးအထူးတင်ပါ တယ် ခင်ဗျား။

**(ဇာတ်ညွှန်း)** ဦးဘသော်ကစကားပြောခွက်ကို ပုခက်ပေါ်လေး ပင့်စွာပြန်ချရင်း ရဲအုပ်ဝင့်မိုးနှင့် ဇော်ဝင်းကိုကြည့်။ (စိတ်ရှုပ်ထွေးသွားဟန်ဖြင့် ပင့်သက်ချပြီးမှ စကား ပြော)

**ရဲအုပ်များ** (သတိစွဲ၊ အလေးပြုပြီး) ဟုတ်ကဲ့ဆရာ . . . ။

**ဇာတ်ညွှန်း** (ဒုရဲအုပ်နှစ်ယောက် အလေးပြုပြီး ကခွင်အောက်



ဘက် ညာခြမ်းပုဏ္ဏားကွယ်နောက်သို့ဝင်သွား။ ထိုအချိန်မှ ဦးဘသော်က ညှိသည်များ ဘက် မျက်နှာမူပြုံးလိုက်)

**ဦးဘသော်** အကြောင်းထူးများရှိသလား အန်ကယ်။

**ဦးဘစိန်** မြို့နယ်မှူး အလုပ်ရှုပ်နေသလားမသိဘူး။ အားနာ စရာတော့ကောင်းတယ်။

**ဦးဘသော်** အားမနာပါနဲ့ ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေက ပြည်သူ့ ကိုကူညီဖို့ ပြည်သူ့ကို စောင့်ရှောက်ဖို့ တာဝန်ယူ ထားတာပါ။

**ဦးဘစိန်** ဒီလိုမြို့နယ်မှူးရဲ့၊ လွန်ခဲ့တဲ့ နှစ်ရက်သုံးရက်က ဖြစ် တဲ့လုယက်မှုကိစ္စ။

**ဦးဘသော်** သြော် . . . ဟုတ်ကဲ့။ ဦးသွင်ရဲ့ညီမနဲ့တူမအလုခံရ တာ . . . ဒီကိစ္စကိုခုပဲ ကျွန်တော်ညွှန်ကြားနေတာ ပါ။ တရားခံတွေ ဖမ်းဆီးနိုင်တော့မှာပါ။

**ဦးဘစိန်** အဲဒီကိစ္စ ဆွေးနွေးချင်လို့မြို့နယ်မှူး။ ကျွန်တော်တို့ ကြားထားတဲ့ သတင်းအရတရားခံတွေက လမ်း ဘေးလေလွင့်နေတဲ့ ကလေကချေလေးတွေ . . . ပြောရရင်ဆေးသုံးတဲ့ ကလေးတွေပါ။ ကိုယ်တင်ကြဲ စည်တာမဟုတ်ဘဲ၊ စားရကံကြုံလို့ မုတ်ဆိတ်လာစွဲ တဲ့ ပျားကိုဖွပ်ယူလိုက်တာပါ။

**ဦးဘသော်** (တွေးတောဟန်ဖြင့် မျက်မှန်ကုပ်နားထောင်ရင်း ခေါင်းညိတ်) ဟုတ်ပါတယ် . . . ကျွန်တော်တို့လည်း

သတင်းရထားပါပြီ။ တင်ဦးနဲ့ ပေစီဆိုတဲ့ လူငယ်လေးနှစ်ယောက်ပါ။ ဆေးဝယ်ဖို့စရိတ်ပြတ်နေချိန်မှာ အခွင့်ကြုံတာနဲ့ လုပ်သွားတဲ့သဘောပါ။

**ဦးသက်ဦး** ဒီဆို အက်ရှင်မယူသေးဘူးလား ဆရာ . . .။

**ဦးဘသော်** ယူမှာပါ။ ဒီကလေးနှစ်ယောက်ကိုဖမ်းရင် အဓိကတရားခံလွတ်သွားမှာစိုးလို့ စောင့်ကြည့်နေပါတယ်။ ကျွန်တော်တပ်ဖွဲ့ဝင်တစ်ယောက်ကို စောင့်ကြည့်ခိုင်းထားပါတယ်။ လစ်မယ်ကြံရင် ဆွဲလိုက်ဖို့ အသင့်စီစဉ်ထားပြီးပါပြီ။ ဒါပေမယ့် ငါးကြီးဖမ်းချင်တော့ ငါးသေးနဲ့မျှားရသလို အစာကျွေးထားတာပါ။

**ဦးသက်ဦး** မြို့နယ်မှူးဆိုလိုတာက . . .

**ဦးဘသော်** ဒီကိစ္စမှာ လူငယ်တွေကိုပျက်စီးအောင် ဖျက်ဆီးနေတဲ့မူးယစ်ဆေးငါးဂိုဏ်းရှိတယ်။ မြို့မှူးတဲ့နေရာက ကွက်သစ်ရပ်ကွက်၊ နိဗ္ဗာန်ကဗီးပါ။

**ဦးသက်ဦး** ဒါဆိုမြို့နယ်မှူးတို့လည်း သတင်းတော့ရထားပြီးပြီပေါ့။

**ဦးဘသော်** ဟုတ်ကဲ့ ရတာတော့ရနေပါတယ်။ ဒါပေမယ့် နောက်ကွယ်ကကြိုးကိုင်လုပ်ရှားနေတဲ့ ပုဂ္ဂိုလ်ကို ဖော်ထုတ်မရသေးဘူး။ သူတို့လှုပ်ရှားပုံက တော်တော်ပိရိတယ်။ အဆင့်ဆင့်ထားပြီး လှုပ်ရှားနေတဲ့ သဘောရှိတယ်။

**ဦးဘစိန်** မြို့နယ်မှူးလိုအပ်ရင် ကျုပ်သားကိုလည်း အကူအညီတောင်းရင်ရပါတယ်။ ကျုပ်သားက အထူးစုံစမ်းစစ်ဆေးရေးတပ်ဖွဲ့မှာရှိတယ်။



**ဦးဘသော်** ဘယ်သူပါလိမ့်။

**ဦးဘစိန်** မောင်ထင်ပေါ်လေ . . . သူက ရုံးချုပ်မှာတာဝန်ကျနေတာ . . . သူတို့သမီး ကျုပ်မြေးမလေးကတော့ ကျုပ်တို့နဲ့ အတူနေတယ်။

**ဦးဘသော်** ဟုတ်လား . . . ဦးထင်ပေါ်ကို ကျွန်တော်ကောင်းကောင်းသိတာပေါ့။ စီးပွားရေးလုပ်ငန်းတွေဆိုတော့ သူ့ဆီက သတင်းအချက်အလက်ရနိုင်ပါတယ်။ တိုတစ်လောက မှောင်ခိုကိစ္စနဲ့ပတ်သက်ပြီး သူ့ဆီ အကူအညီတောင်းရသေးတယ်။

**ဦးဘစိန်** ဒီကိစ္စမျိုးတွေ သူ့ဆီမှာ အချက်အလက်တော်တော်များများရှိမယ်။ မူးယစ်ဆေးနဲ့ ပတ်သက်လို့ ပင်မလုပ်နေတဲ့ဂိုဏ်းရာဇာကြီးတွေ သူတို့ဆီမှာ အပြည့်အစုံရှိတယ်။

**ဦးဘသော်** ဟုတ်တယ် . . . အစဆွဲထုတ်လို့ရအောင် ပင်မဇစ်မြစ်ကို ရှာဖို့လိုတယ်။ အန်ကယ် ကူညီနိုင်ရင်တော့။

**ဦးဘစိန်** အဟဲဟဲ၊ ကူညီချင်လို့ ဒီရောက်လာတာပေါ့ မြို့နယ်မှူးရယ်။ ဒါနဲ့ပတ်သက်ပြီး ဖော်ထုတ်အရေးယူဖို့၊ ဖမ်းဆီးဖို့ကိစ္စက မြို့နယ်မှူးတို့တာဝန်။ တရားခံဖမ်းဆီးနိုင်အောင် ပံ့ပိုးရမှာက ကျွန်တော်တို့ ပြည်သူတွေရဲ့တာဝန်။ ဒါနဲ့ပတ်သက်ပြီး အစီအစဉ်တစ်ခုတောင် လုပ်ထားတယ်။

ဦးဘသော် — ဟုတ်လား . . . ဘယ်လိုများပါလိမ့်။

ဦးဘစိန် — မူးယစ်ဆေးဝါးအန္တရာယ်ကို အသိပညာပေးဖို့ မာနာ အဖွဲ့က လုပ်နေတယ် . . . လူငယ်တွေ ကျန်းမာရေး အသိရှိရှိနဲ့ အားကစားဘက်ရောက်လာဖို့ တရိတ္ထ ဖွံ့ဖြိုးဖို့ မကောင်းမှုရှောင် ကောင်းမှုဆောင်ဖို့ အားကစားတွေလုပ်ပေးမယ် . . . ဘာသာရေးနဲ့ ပတ်သက်တဲ့ တရားပွဲတွေလုပ်ပေးမယ်၊ ဟောပြောပွဲ၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပွဲတွေ လုပ်ပေး မယ်၊ ကျုပ်နဲ့ ကိုသက်ဦးက စံပြလူကြီးငါးယောက် လောက်နဲ့ လုပ်သွားမယ်လို့ စိတ်ကူးတယ်။

ဦးဘသော် — အချိန်က မရနိုင်စရာ အကြောင်းမရှိဘူး။ ကျုပ်တို့က အငြိမ်းစားတွေလေ . . . အဲ၊ ကျုပ်တို့အဖွဲ့မှာ မြို့နယ် မှူးတို့လို တာဝန်ရှိသူတွေလည်း ပါဖို့တော့လိုမယ်။

ဦးဘသော် — ဟာ . . . ပါရမှာပေါ့။ ဒီမျိုးမှမပါရင် ကျွန်တော်ညံ့ရာ ကျမှာပေါ့။ အဲ . . . အဲဒီကိစ္စနဲ့ပတ်သက်ပြီး မြို့နယ် ဥက္ကဋ္ဌနဲ့လည်း တိုင်ပင်ပါမယ်။ လိုအပ်ရင် အစည်း အဝေးခေါ်လိုက်မှာပေါ့။

ဦးဘစိန် — ဒီဆို အတိုင်းထက်အလွန်ပေါ့ဗျာ။ ကျုပ်တို့အဖွဲ့မှာ ဘယ်သူတွေပါသင့်တယ်ဆိုတာ စာရင်းပေးပါမယ်။ မြို့နယ်မှူး မြင်ထားတာရှိရင်လည်း စဉ်းစားထားပေါ့။

ဦးဘသော် — စိတ်ချပါ။ ဒီကိစ္စလုပ်သင့်တဲ့ကိစ္စပဲ။ ဘာတွေလုပ် သင့်တယ်ဆိုတာ ညှိနှိုင်းဖို့လိုတယ်။



ဦးဘစိန် — ကျုပ်တို့နှစ်ယောက် စဉ်းစားထားတာရှိပါတယ်။ ဒီကိစ္စက ကျုပ်တို့ချည်းလဲ မဖြစ်ဘူး။ လူလေးငါး ဆယ်ယောက်နဲ့ တက်ကြွနေလို့လဲမရဘူး လူတိုင်း လူတိုင်း အသိရှိဖို့လိုတယ် . . . အဲ . . . လွယ်လွယ် နဲ့တော့ မဖြစ်ဘူးပေါ့။

ဦးဘသော် — ကိုယ်ကလမ်းပြရုံပေါ့ လိုက်လုပ်ရမှာက နောင်းလူ တွေတာဝန်လေ . . . ဒြော် စကားကောင်းလို့မေ့နေ တာ၊ နေဦး . . . ကျွန်တော်လက်ဖက်ရည်တိုက် ဦးမယ်။ (ပြောပြောဆိုဆိုနှင့် စားပွဲပေါ်ရှိ လူခေါ် ခေါင်းလောင်းနှိပ်ရန်ကြံစဉ်၊ ဦးဘစိန်တို့ကတား။)

ဦးဘစိန် — ကျုပ်တို့သောက်လာပြီးသားပါ။ ကျုပ်တို့စိတ်ကူး အကောင်အထည်ဖော်နိုင်ရင် ဘဲဝမ်းသာလှပြီ။ ကဲ . . . ပြန်ခွင့်ပြုဦး။

ဦးဘသော် — ဘာမှဧည့်မခံလိုက်ရတာ စိတ်မကောင်းဘူး။

ဦးဘစိန် — ရတယ် . . . နောင်လည်းတွေ့ကြရဦးမှာပဲ။ သွားမယ်နော် . . ။

ဇာတ်ညွှန်း — (လက်ဆွဲနှုတ်ဆက်နေစဉ် ပြည်ပုံးကန့်လန့်ကာကြီး တလိပ်လိပ်ကျလာ . . အခန်းပြောင်းတီးလုံးတီး)

❖ ❖

# ပြကွက် (၉)

**နေရာ** မြို့လယ်လမ်းတစ်နေရာ။

**အချိန်** နေ့လည်။

**အခမ်းအနား** လူစည်ကားသည့် လမ်းထောင့်တစ်နေရာတွင် "မြို့နယ်တစ်ခွင် မူးယစ်ဆေးဝါး ကင်းစင်စေရမည်" ဟူသော ဆိုင်းဘုတ်ကြီးစိုက်ထူထား။ ရပ်ကွက်တွင်း လမ်းသိမ်လမ်းမများ၌ "မူးယစ်ဆေးဝါး ဆန့်ကျင်ကြ" ဟူသည့် ဆိုင်းဘုတ်ငယ်များ ကပ်ထား။

**မီး** ကခွင်နောက်ပိုင်း အဝေးအနီး အသွေးအရောင်မီး ဖန်တီး။ ရှေ့ပိုင်းအလင်းပြည့်။

**အသံ** တိတ်ခွေတွင် အသင့်သွင်းထားသည့် "မူးယစ်ဆေး ဝါး အန္တရာယ်" ဟူသော သံပြိုင်တေးကို နောက်ခံ ဖွင့်လျှင်ကြားနိုင်အောင် အသင့်ပြင်ဆင်ထားရမည်။
- တီးဝိုင်းမှ စကားပြောနေစဉ် လိုအပ်သော တီးခတ်မှုဖြင့် ပံ့ပိုးထားရမည်။
- ဇာတ်ကောင်များ၏ စကားပီပြင်စွာကြားနိုင် အောင် စကားပြောခွက်များ တပ်ဆင်ထားရမည်။

**ဇာတ်ဝင်ပစ္စည်း** ပြည်သူလူထုတစ်ရပ်လုံးက မူးယစ်ဆေးဝါးကို



တစ်ခဲနက် ဆန့်ကျင်သည့် သရုပ်ဖော် ပန်းချီ ကားချပ်အား နောက်ခံပန်းချီအဖြစ် ရေးဆွဲထား ရမည်။

**အဝတ်အစား** ရဲအုပ်ဖော်ဝင်းနှင့် ရဲတပ်သားပေါက်စ၏ ယူနီဖောင်း အပြည့်အစုံ။
- မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး အမှုဆောင် ဒေါ်ခင်စပယ်စိုး၏ အသင်းဝတ်စုံ၊ အသင်းတံဆိပ်တပ်ဆင်ထားသည့် ဝတ်စုံ။
- ဖြတ်လျှောက် ဇာတ်ကောင်များ၏ သာမန်ဝတ်စုံ။

**ဇာတ်ညွှန်း** အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ပြည်ဖုံးကန့်လန့် ကာဖွင့်။ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း များက လမ်းထောင့်တစ်နေရာတွင် အသင်း၏ ဆောင်ပုဒ်ဆိုင်းဘုတ်ကို အင်တိုက်အားတိုက် စိတ်ပါ လက်ပါ စိုက်ထူနေဟန်။ အတွင်းရေးမှူး ဦးသိန်းလွင် နှင့် ဒေါ်ခင်စပယ်စိုးက ကြီးကြပ်နေ
ထိုအချိန် မြို့နယ်အသင်းသားများ သီဆိုထားသည့် "မူးယစ်ဆေးဝါးအန္တရာယ်" ဟူသော သီချင်းကို နောက်ခံဖွင့်ပေးထား။ ထိုအချိန် အောက်ခွင်ဘယ် ဘက် ပုဏ္ဏားကွယ်မှ ရဲအုပ်ဖော်ဝင်းနှင့် ရဲတပ်သား ပေါက်စတို့လမ်းလျှောက်လာ . . . လူအုပ်စုကို မြင်သဖြင့် ရဲအုပ်ဖော်ဝင်းရပ်ကြည့်။ ထိုအချိန်လည်

မြန်လှည့်ကြည့်သော ဦးသိန်းလွင်နှင့် အကြည့်ချင်းဆုံး၍ လက်ပြနှုတ်ဆက်။ ဦးသိန်းလွင်က ရဲအုပ်ဇော်ဝင်းထံ လျှောက်လာစကားပြော။

**ကိုသိန်းလွင်** ဟော . . . ဆရာတပည့်နှစ်ယောက် ဘယ်ကလှည့်လာတာလဲ။

**ရဲအုပ်ဇော်ဝင်း** ကွက်သစ်ကလာတာ . . . ဘယ်လိုလဲ အုပ်စုများလှချည်လား။

**ကိုသိန်းလွင်** ဟုတ်တယ် . . . ကျွန်တော်တို့ မာနာ အဖွဲ့လှုပ်ရှားမှုတစ်ရပ်ပေါ့။ ဒီမျိုးတွေ လူစုံတဲ့နေရာမှာ အနှံ့စိုက်ထူရမယ်။ ရပ်ကွက်တိုင်းလမ်းတိုင်းမှာလဲ အလားတူ ပိုစတာ ဆိုင်းဘုတ်တွေ စိုက်ထူထားတယ်။ တစ်ကြိမ်မဟုတ်တစ်ကြိမ်ဖမ်းမိရင် လူထုကို သတိပေးသလိုဖြစ်တာပေါ့။

**ဒုရဲအုပ်ဇော်ဝင်း** ဟုတ်တာပေါ့။ ဒါနဲ့ ဦးသိန်းလွင်တို့ ကျောင်းတွေမှာ ဟောပြောတယ်နော် . . .

**ကိုသိန်းလွင်** ဟုတ်တယ် . . . အရင်အပတ်ကတောင် အလက (၅) မှာ ပညာပေးဟောပြောပွဲ ဖြစ်သေးတယ်။ စာရေးဆရာချစ်နိုင် (စိတ်ပညာ)နဲ့ မြင်းမူမောင်နိုင်မိုး ရေနံ့သာမောင်ကျော်ညွန့်တို့ကို ဖိတ်ပြီးဟောပြောခဲ့တာ . . ။

**ကိုဇော့်လွင်** ကိုဇော်ဝင်းနဲ့သာ မဆုံဖြစ်တာ . . . အ,ထ.က (၁) တုန်းက မြို့နယ်မှူး ဦးဘသော်ရယ် . . . တရားရေး



ဝန်ထမ်း ဦးမြင့်သိန်းရယ် . . . မာနာဗဟိုက ပုဂ္ဂိုလ်တွေရယ် ဟောပြောခဲ့တယ်။ ကျွန်တော်တို့ အသင်းက မူးယစ်ဆေးဝါးအကြောင်းအသိပေး၊ ဒီအခွင့်ရယ်က ကမ္ဘာသူကမ္ဘာသားကို ဘယ်လောက်ဒုက္ခပေးနေတယ်၊ လူတွေရဲ့ အသက်ကို ခြွေနေတဲ့ ဘေးဆိုးကြီးတစ်ခုလို မြင်ကြပါ၊ ရှောင်ကြပါလို့ အသိပေးတာပေါ့။

**ကိုဇော်ဝင်း** ကျွန်တော်စိတ်ဝင်စားပါတယ်၊ နောင်အလျဉ်းသင့်ရင် ကျွန်တော်လည်း ဖိတ်ပါဦး။

**ကိုသိန်းလွင်** ဟာ . . . ဖိတ်မှာပေါ့။ ကျွန်တော်တို့အသင်းက ကိုဇော်ဝင်းတို့ရဲ့ အကူအညီအများကြီး လိုပါတယ်။ အများကြီးလည်း ဆက်စပ်မှုရှိပါတယ်။

**ကိုဇော်ဝင်း** ဒါနဲ့ မြို့နယ်အတွင်း တော်တော်ခရီးရောက်နေပြီလား . . ။

**ကိုသိန်းလွင်** ရောက်တာပေါ့။ ဒီလိုကိုဇော်ဝင်းရာ . . . ကျွန်တော်တို့မြို့နယ်မှာ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းစဖွဲ့တာ ၂၀၀၄ ခုနှစ်၊ ခုဆို ၄ နှစ်ကျော် ၅ နှစ်ပေါ့။ ပထမနှစ်က မူလတန်းကျောင်း (၂၀)၊ ကျောင်းသူ ကျောင်းသား ၈၀၀၀ ကျော်ကို အသိပညာပေး နိုင်ခဲ့တယ် . . . ။

**ကိုဇော်ဝင်း** ဟောပြောပွဲပေါ့နော် . . . ။

**ကိုသိန်းလွင်** အား . . . မဟုတ်ဘူး။ မူလတန်းအဆင့်ဆိုတော့

ဟောပြောမှုကို ခံယူနိုင်မှုမရှိဘူးလေ . . . လက်ထိုးရုပ်သေးရုပ်နဲ့ ပညာပေးရတာ . . .။

**ကိုဇော်ဝင်း** ကဲ စကားပြောရတာ အားမရဘူးဗျာ . . ဟောဟို လက်ဖက်ရည်ဆိုင်မှာ ပြောကြရအောင်၊ ကျွန်တော် ဒကာခံပါမယ်။

**ဇာတ်ညွှန်း** (မလှမ်းမကမ်းရှိ လူစည်ကားသည့် သရဖီလက်ဖက်ရည်ဆိုင်ကို ညွှန်ပြပြော . . . ကိုဇော်ဝင်းက နာရီငုံ့ကြည့်ပြီး စဉ်းစားဟန်ပြုပြီးမှ ခေါင်းညိတ်။ လေးယောက်သား လက်ဖက်ရည်ဆိုင် လျှောက်သွား ဆိုင်ထဲရောက်ပြီး ထိုင်လိုက်စဉ်)

**ကိုဇော်ဝင်း** ကျွန်တော်က ကျဆိမ့်။

**တပ်သားပေါက်စ** ကျဆိမ့်ပဲလုပ်ပါ။

**ကိုသိန်းလွင်** (စားပွဲထိုးကောင်လေးကို လက်နှစ်ချောင်းထောင်ပြလျက်) ကျဆိမ့်နှစ်ခွက်၊ ဆရာကချိုပေါ့။
ကိုဇော်ဝင်းတို့ ဆေးလိပ်သောက်ချင်ရင်တော့မှာ . . . ကျွန်တော်တို့ကို အားမနာနဲ့။

**ကိုဇော်ဝင်း** အဟ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့နဲ့ တစ်စားပွဲတည်းထိုင်ပြီး ဆေးလိပ်သောက်ရင် ပြောစရာဖြစ်ရောပေါ့၊ အဟဲဟဲ။

**ကိုသိန်းလွင်** သောက်လို့တော့ရပါတယ် . . . အဟဲဟဲ၊ ဒီဝတ်စုံတွေဝတ်၊ ဆေးလိပ်၊ အရက်၊ ဘိန်းဘင်းကစော် မကောင်းကြောင်း လိုက်ဟောပြောနေသူတွေက



ဆေးလိပ်တကားကားနဲ့ဆိုရင် မတော်တော့ဆင်ခြင်ရတာပေါ့။ အဟဲ ကျွန်တော်တို့နဲ့ ပေါင်းလို့ ကိုဇော်ဝင်းတို့လည်း ဆေးလိပ်မသောက်ဖြစ်ဘူးဆို ကျွန်တော်တို့ စည်းရုံးရေးအောင်မြင်တာပေါ့။

**ကိုဇော်ဝင်း** ဒါပေါ့ . . . ဒါပေါ့။

ဇာတ်ညွှန်း (စားပွဲထိုးလူငယ်လေးကမှာထားသော လက်ဖက်ရည်ပွဲများလာချ။ ဦးသိန်းလွင်က သောက်ရန်တိုက်တွန်း။ ကိုဇော်ဝင်းက လက်ဖက်ရည်ဆိုင်တွင်းရှိ လူတွေကို အကဲခတ်ဟန်ကြည့်)

**ကိုသိန်းလွင်** အဲ . . . သောက်ရင်းစားရင်း ခုနစကားပြန်ဆက်ရအောင်။

**ဇော်ဝင်း** လုပ်ပါ . . လုပ်ပါ။ ကျွန်တော်တို့လည်း ဗဟုသုတဖြစ်တာပေါ့။

**ကိုသိန်းလွင်** ဒီလို ကိုဇော်ဝင်းရဲ့၊ ကျွန်တော်တို့အသင်းကို လက်ထိုးရုပ်သေးလှူထားတာက အမေရိကန်နိုင်ငံသား လင်မယား။ မူးယစ်ဆေးဝါးအန္တရာယ် ဘယ်လောက်ကြီးမားတယ်ဆိုတာ သိနေတဲ့ပုဂ္ဂိုလ်တွေက တီထွင်ထားတယ်။ ပြီးတော့ ထိရောက်တဲ့ ပညာပေးမှုကို ဇာတ်လမ်းလုပ်ထားတယ်။ ဆေးလိပ်ကြောင့် အန္တရာယ်ရှိတာကို အရုပ်က ပြောတာ . . . . ။

**ကိုဇော်ဝင်း** ကလေးတွေ သဘောကျမှာပေါ့။

**ကိုသိန်းလွင်** ကျတာပေါ့။ ဇာတ်လမ်းထဲမှာ သီချင်းတွေလည်း ပါတယ်။ ပညာပေးကဏ္ဍတွေလည်း သံပြိုင်ရွတ်ရတယ်။ အဲဒီဇာတ်ညွှန်း၊ စကားလုံး၊ သီချင်းတွေက အင်္ဂလိပ်လိုလာတာ . . . ဒီကျမှ မြန်မာဘာသာပြန်၊ မြန်မာမှုပြုရတာပေါ့။

**ကိုဇော်ဝင်း** ကောင်းတယ်ဗျာ . . . ။

**ကိုသိန်းလွင်** မူးယစ်အစ ဆေးလိပ်က . . . သေရည်အရက် လူကိုဖျက် . . . ရှောင်လေဝေးဝေး မူးယစ်ဆေး . . . စတဲ့ဇာတ်လမ်းတွေပေါ့။ အဲ . . . . အရက်နဲ့ပတ်သက်တဲ့ မကောင်းကျိုးပြကွက်ကြတော့ ကလေးတွေနဲ့ သူတို့မိသားစုအကြောင်းပါ ဆက်စပ်ပါလာတော့ ကလေးတွေဆို ပျော်နေတာပဲ။

**ကိုဇော်ဝင်း** ဟုတ်မယ်၊ ကျွန်တော်တောင် မျက်စိထဲမြင်ကြည့်ပြီး စိတ်ဝင်စားလာတယ်။

**ဇာတ်ညွှန်း** (ထိုစဉ် အသင်းဝင်တစ်ယောက်ရောက်လာပြီး ဆိုင်းဘုတ်ထူနေပြီဖြစ်ကြောင်း သတင်းပို့ လုပ်ငန်းထမြောက်သဖြင့် ပြန်နိုင်ကြောင်း အသိပေး)

**ကိုသိန်းလွင်** ကိုဇော်ဝင်း မြင်တဲ့အတိုင်းပဲ။ ကျွန်တော်တို့အသင်းက လူမှုရေးကိစ္စ သက်သက်၊ ကိုယ်ကျိုးမဖက် စေတနာသက်သက်နဲ့ လုပ်နေကြတာပါ။ ဒီအဖွဲ့ဝင်လာတဲ့ လူငယ်တွေမှာ ဘာခံစားခွင့်မှ မရှိဘူး။ ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်စရိတ်ကိုယ်စိုက်၊ လူထုအကျိုးပြုလုပ်ငန်း စိတ်ဝင်တစားလုပ်ကြတာ . . .



**ကိုဇော်ဝင်း** လေးစားပါတယ်။

**ကိုသိန်းလွင်** ကျောင်းတွေမှာ အသိပညာပေးဟောပြောဖို့ကိုလည်း သက်ဆိုင်ရာပညာရေးမှူး၊ ကျောင်းအုပ်ကြီးတွေနဲ့ ညှိရတယ်။ သူတို့က အခမ်းအနားတာဝန်ယူ ပညာရှင်တွေအတွက် ကုန်ကျငွေကို ကျွန်တော်တို့အသင်းကကျခံ။ အဲလိုကျခံနိုင်အောင်လည်း အလှူရှင်ရှာရတယ် . . . ။

**ကိုဇော်ဝင်း** အင်း . . . ခင်ဗျားတို့ လွယ်တော့မလွယ်ပါလား။

**ကိုသိန်းလွင်** စေတနာလေ ကျွန်တော်တို့မှာ စေတနာရှိတယ်။

**ကိုဇော်ဝင်း** ဟုတ်ပြီ ပိုလေးစားသွားပြီ။

**ကိုသိန်းလွင်** ဒီနေ့ဆိုင်းဘုတ်ထူတာ စရိတ်စက တစ်သိန်းလောက်ကုန်တယ်။ ကျွန်တော်တို့အသင်းမှာ ရန်ပုံငွေ မရှိဘူး၊ စေတနာရှင်၊ အလှူရှင်ရှာရတယ်။ လှူချင်အောင် ဟောပြောပြီးလုပ်ရတာ . . ဒီနေ့ကုန်ကျစရိတ်ကို ဆီကုန်သည်ကြီးအသင်းက ဦးကျော်စန်းလွင်လှူတာ . . . ။

**ကိုဇော်ဝင်း** ဟုတ်လား . . . ။

**ကိုသိန်းလွင်** ကျောင်းတွေမှာ အသိပညာပေး ဟောပြောဖို့ကိုလည်း သက်ဆိုင်ရာ ပညာရေးမှူး၊ ကျောင်းအုပ်ဆရာကြီးတွေနဲ့ ညှိရတယ်၊ သူတို့က အခမ်းအနားတာဝန်ယူ ပညာရှင်တွေအတွက် ကုန်ကျငွေကို ကျွန်တော်တို့အသင်းက ကျခံ။ အဲလိုကျခံနိုင်အောင်လည်း အလှူရှင်ရှာရတယ် . . . ။

ကိုဇော်ဝင်း — အင်း . . ခင်ဗျာတို့ မလွယ်ပါလား။ ဘာမှမရှိဘဲကို။

ကိုသိန်းလွင် — စေတနာလေ . . . ကျွန်တော်တို့မှာ စေတနာရှိတယ်။

ကိုဇော်ဝင်း — ဟုတ်ပြီ။ ဝိုလေးစားသွားပြီ။

ကိုသိန်းလွင် — အဲ . . အလယ်တန်းအဆင့်ကျတော့ ပေါပြောဖို့ရှိတာ ခံယူနိုင်ပြီ။ မြို့နယ်မှာ အထက်တန်း ၅ ကျောင်း၊ အလယ်တန်း ၉ ကျောင်းရှိတယ်။ ကျောင်းသားလေးသောင်းလောက် ပညာပေးနိုင်ပြီးပြီ။

ကိုဇော်ဝင်း — တော်တော်အလုပ်ဖြစ်တာပဲ။

ကိုသိန်းလွင် — အဲ . . . ဒီကိစ္စက ဘယ်လိုပြောရမလဲ။ မူးယစ်ဆေးနဲ့ ထိတွေ့ခဲ့တာ ကျွန်တော်တို့လူမျိုးက နှစ်တစ်ရာကျော်ပြီလေ . . . ချက်ချင်းကြီးတော့ ပပျောက်သွားမှာမဟုတ်ဘူး။ ဒီနေရာမှာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တိုက်ဖျက်ရေး အသင်းကြီးလည်းရှိတယ်။ ဒီအသင်းကတော့ နိုင်ငံတော်အဆင့်ပေါ့နော် . . အာဏာပိုင်အဖွဲ့အစည်းတွေ ဖွဲ့ထားတာ။ ထုတ်လုပ်မှုကျဆင်းရေး စားသုံးသူပပျောက်ရေး၊ ရောင်းဝယ်မှုချုပ်ငြိမ်းရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ထားတာ . . . ။

ကိုသိန်းလွင် — အဲဒီအဖွဲ့ကတော့ ဥပဒေနဲ့တားမြစ်မယ်။ အရေးယူဆောင်ရွက်မှုနဲ့ ပပျောက်အောင် ထိန်းသိမ်းမယ်ပေါ့။ ကျွန်တော်တို့အသင်းကတော့ သဘောတရားရေးနှင့် သိမ်းသွင်းပြီး ချုပ်ငြိမ်းအောင်လုပ်နေတာပါ။



ကိုဇော်ဝင်း — ထိထိရောက်ရောက်လုပ်နိုင်ရင် တော်တော်ကောင်းမှာပါ။

ကိုသိန်းလွင် — ဘယ့်နှယ်ပြောပါလိမ့်။ ဥပဒေနဲ့ တားမြစ်တာကလုံးဝဥသုံချုပ်ငြိမ်းဖို့ မဖြစ်နိုင်ဘူးလေ . . . ကိုယ်တိုင်အသိနဲ့ ဆန့်ကျင်ရှောင်ရှားမှ ဒီမျိုးက အမြစ်ပြတ်မှာ . . . ။

ကိုဇော်ဝင်း — မှန်တာပေါ့။ အခုလို ကိုသိန်းလွင်တို့က လူထုထဲ စိမ့်ဝင်ပညာပေးတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ သတင်းအချက်အလက်တွေလည်း ရထားမှာပေါ့။

ကိုသိန်းလွင် — ရထားတာပေါ့။ ကျွန်တော်တို့ ဘယ်နေရာမှာ ဘယ်အခြေအနေရှိတယ်။ မူးယစ်ဆေးဝါးဝင်ပေါက်၊ ထွက်ပေါက်ဘယ်လိုရှိတယ်။ ဘယ်ရပ်ကွက်မှာ ဘယ်လောက်အန္တရာယ်ရှိနေပြီဆိုတာ အမြဲလေ့လာနေရတာ။ တတ်နိုင်သမျှ စာရင်းဇယားစုထားရတာပေါ့။

ကိုဇော်ဝင်း — အဲ့ကေပဲဗျာ . . . အဲဒီကိန်းဂဏန်းရရင်လိုချင်တယ်။

ကိုသိန်းလွင် — ဒါကြောင့် ပြောတာပေါ့။ ကိုဇော်ဝင်းတို့က ကျွန်တော်တို့နဲ့ လာပူးပေါင်းစမ်းပါပြောတာ . . . သတင်းအချက်အလက်လည်းပေးမယ်။ အသိပေးသင့်တာလည်းပေးမယ်။ ကျွန်တော်တို့ ရုံးခန်းလာခဲ့ဦးဗျာ . . . ။

**ကိုဇော်ဝင်း** ဟာ . . လာမယ်။ မလာလို့ကို မဖြစ်ဘူး။ ဒီကိစ္စအတွက်ပဲ ကွက်သစ်ဘက်ကပြန်လာတာ . . . ကျေးဇူးပဲ ကိုသိန်းလွင်ရာ . .။

**ဇာတ်ညွှန်း** ( ဦးဇော်ဝင်းက ဝမ်းသာသွားဟန်ဖြင့် လက်ကမ်းလိုက်ချိန် ဦးသိန်းလွင်က လက်ဆွဲနှုတ်ဆက်လျက် ပြုံးနေစဉ်၊ ကခွင်တစ်ခုလုံး မီးမှောင်ချ။ တီးဝိုင်းမှ အခန်းပြောင်းတီးလုံး တီးစေ။)

ဆ ❖ ❖ ဇ

# ပြကွက် (၁၀)

**နေရာ** မြို့လယ်လမ်းတစ်နေရာ။

**အချိန်** ညနေနေဝင်ရီသရောအချိန်။

**အခင်းအကျင်း** ကခွင်အထက်ပိုင်းတွင် ဖောက်ကားဖြင့် သစ်တောသစ်ပင်များ သရုပ်ဖော်ထားသည့် ကားချပ်ချထား။ ကခွင်အောက်ပိုင်းတွင် လမ်းဘေးမှတ်တိုင်များ ယာဉ်အသွားအလာ အန္တရာယ်မဖြစ်နိုင်စေရန် အသီးအတားများချထား။

**အသံ** ဇာတ်ရုပ်များက အမှုအရာဖြင့် ချောက်ချားအောင် သရုပ်ဆောင်မည်ဖြစ်ရာ၊ တီးဝိုင်းမှာ လုံးဝတီးခတ်ခြင်းမပြုဘဲ ဆိတ်ငြိမ်သည့်ပတ်ဝန်းကျင် သရုပ်ပေါ်လွင်စေ . . .။ ဇာတ်ရုပ်များထိုးကျိတ်ခန်းတွင် အရိပ်ဖြစ်နေစေရန် မီးရောင်ဖျောက်။ ကခွင်အောက်ပိုင်းတွင်မူ ညနေခင်း၏ မှုန်ပျပျအလင်းရောင်သာ ဖျန်းပေးထား။

**အဝတ်အစား** (က) လူကုံထံအမျိုးသမီး သားအမိက အထက်တန်းကျကျဝတ်စားထား။ မိန်းမငယ်၏လက်တွင် လက်ကိုင်အိတ်ကိုင်ထား။

(ခ) ဆိုးသွမ်းလူငယ်တစ်စုက ခေတ်ဆန်ဆန် ကြောင်ကြောင်ကျားကျား အဝတ်အစား။ ဘောင်းဘီ ကျပ်ကျပ်ဝတ်ထား။

(ဂ) ရဲတပ်သားတို့၏ ယူနီဖောင်းဝတ်စုံ။

**ဇာတ်ဝင်ပစ္စည်း** (က) ဆိုးသွမ်းလူငယ်များကိုင်ဆောင်သည့် ဓားမြှောင်၊

(ခ) ရဲတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သည့် လက်ထိပ်။

**ဇာတ်ညွှန်း** အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ကခွင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ . . .။ တင်ဦးနှင့် ပေစိက စိတ်ပျက်သည့်အမူအရာဖြင့် ကခွင်အောက်ပိုင်း ဘယ်ဘက်ပုဏ္ဏားကွယ်နောက်မှ ခေါင်းငိုက်စိုက်ချလျက် မလှမ်းချင် လှမ်းချင် လှမ်းလာ . . ကခွင် အလယ်လောက်ရောက်သည်နှင့် ပေစိကလှမ်းခေါ် . . .

**ပေစိ** ဟေ့ကောင်တင်ဦး . . . တင်ဦး . . . ဟေ့ကောင်။

**တင်ဦး** (စိတ်မရှည်ဟန်ဖြင့် လှည့်ကြည့်ပြီး ခေါ်သံနှင့်မေး) ဘာလဲဟ ဒီလောက်တကြော်ကြော်ခေါ်နေတာ . . .။

**ပေစိ** မင်းက ဘာစိတ်ကူးနဲ့ ဒီလောက်လျှောက်နေတာလဲ။

**တင်ဦး** ဘာလုပ်ရမှန်းမသိလို့ လျှောက်နေတာပေါ့ကွာ . . . နောက်တိုးမလာတာ တစ်ပတ်လောက်ရှိပြီဆိုတော့ တို့များရေပြတ်မီးပြတ်ဖြစ်နေပြီလေကွာ . . .။

**ပေစိ** အေးကွာ၊ ဒီကောင် ဒီလောက်ကြာကြာတစ်ခါမှ မပျောက်ဖူးပါဘူး။ ဘာဖြစ်နေလဲမသိဘူး။

**တင်ဦး** ငါကြားတဲ့သတင်းမှန်ရင် ဒီကောင်တို့ဆီလာတော့မှာမဟုတ်ဘူး။



**ပေစိ** ဟေ . . . ဘယ်လို။

**တင်ဦး** ဒီလိုပေစိ၊ ဒီကောင့်အခြေအနေကို သူ့မိဘတွေ ရိပ်စားမိတာကြာပြီတဲ့၊ နောက်ယောင်ခံစောင့်ကြည့်နေတာ လက်ဆုပ်လက်ကိုင်နဲ့ မိသွားတယ်ဆိုပဲ။

**ပေစိ** ဟေ . . . အဲ့တော့။

**တင်ဦး** သူ့အဖေက တစ်ခါတည်းရဲစခန်းပို့ဖို့လုပ်တာ မအေလုပ်သူက ငိုယိုတောင်းပန်သတဲ့။ ဒါဆို ငါစီစဉ်တာ နာခံကြဆိုပြီး ဝက်ထီးကန်ပို့ပစ်သတဲ့။

**ပေစိ** ဝက်ထီးကန် အဲဒီကိုဘာလုပ်ဖို့လဲ။ ရှိတယ်၊ ဆေးစွဲတဲ့လူငယ်တွေ ဆေးဖြတ်တဲ့နေရာ . . . ပြုပြင်ပေးတဲ့နေရာ။

**ပေစိ** ဟင် . . . ဒါဆို တော်တော်နဲ့ ပြန်မလာဘူးပေါ့။

**တင်ဦး** နှစ်နှစ် သုံးနှစ်ပဲ၊ အဲဒီက ပြန်လာရင်လည်း နောက်တိုးကတို့ဆီလာမှာ မဟုတ်တော့ဘူး။

**ပေစိ** (နားမရှင်းဟန်ဖြင့်) ဘာဖြစ်လို့ မလာမှာလဲ။

**တင်ဦး** ဒီကောင်ပြန်လာရင် ဆေးဖြတ်သွားပြီး တို့နဲ့ ပြန်လာပေါင်းမှာ မဟုတ်တော့ဘူး။

**ပေစိ** သေပြီကွာ . . . တို့အတွက် ရွှေတွင်းကြီး ပိတ်သွားပြီ။ ဒီကောင်ရှိနေလို့ တို့များအဆင်ပြေနေတာ သူ့မိဘရဲ့ မီးခံသေတ္တာထဲက ငွေကိုလိုသလောက် ယူသုံးနိုင်တော့ တို့များလိုအပ်တာ သူပဲဖြည့်ဆည်းနေတာ၊ ကိုင်း တို့ဘာလုပ်ကြမလဲ။

တင်ဦး — တဟဲဟဲ . . . (သဘောကျဟန်ရယ်ပြီး မျက်နှာတည်လိုက်၊ ထို့နောက်ခါးကြားတွင် ထိုးထားသော ဓားကိုဆွဲထုတ်) ဒါဘာလဲ။

ပေစီ — ဓား . . . ဓားလေ . . . အဲဒါဘာဖြစ်လဲ။

တင်ဦး — ဓားရှိရင် ငွေဖြစ်ပြီလေ။

ပေစီ — ဘာလဲ ဓားပြပြီးလုမလို့လား။

တင်ဦး — (မထိတထိ ပြုံးလျက်ခေါင်းညိတ်) ငွေရနိုင်တဲ့နည်းက ဒါပဲရှိတယ်လေ . . . ငွေမရှိရင် တို့အတွက်က ပြဿနာဖြေရှင်းဖို့က ဒီနည်းပဲရှိတော့တယ်။

ပေစီ — ဖြစ်ပါ့မလား . . . ။

တင်ဦး — ဟ၊ ငွေလိုရင်တော့ အလျှုံခံသင့်ရင်ခံ။ တောင်းသင့်ရင်တောင်း။ တောင်းမရရင်လု၊ ခုခံရင် ဓားနဲ့ထိုး။ ဒါပဲရှိတာပဲ။

ပေစီ — အဲဒီအလုပ်မင်းလုပ်မလို့ပေါ့။ လုပ်ရောလုပ်ရဲလို့လား။

တင်ဦး — (အားရပါးရရယ်) တင်ဦး မလုပ်ရဲတာဘာမှမရှိဘူး။

ပေစီ — (ဓားတဝင့်ဝင့်ဖြစ်နေသော တင်ဦးကိုတစ်လှည့်၊ ပတ်ဝန်းကျင်ကို တစ်လှည့်ကြည့်စဉ် မျက်နှာဝင်းပသွား)

တင် . . . တင်ဦး။ ဟော ဟို . . . ဟိုမှာ . . . ။

တင်ဦး — ဘာလဲ . . . ။

ပေစီ — (ကားလိပ်ကြား လက်ညှိုးညွှန်ပြ။ တင်ဦးကသဘော



ကျဟန်ဖြင့် ပြုံးနေစဉ် ပေစီက ပခုံးပုတ်ပြီး။ ခေါင်းဆတ်ခေါ်။ နှစ်ယောက်သား သစ်တောထဲမြေးဝင်ဟန်ဖြင့် ဖောက်ကားနောက်ထဲဝင်သွား။ မြေးအဘွားနှစ်ဦးက အောက်ခွင်ညာဘက်မှ ဟန်နှင့် ပန်နှင့် လျှောက်လာ . . . ။) (ကခွင်အလယ်လောက်အရောက်တွင် ပုန်းနေရာမှ တင်ဦးကခုန်ထွက်၊ အမျိုးသမီးနှစ်ယောက် ရှေ့ရပ်၊ ဓားပြ)

တင်ဦး — ကိုယ့်အသက်ကို နှမြောရင် လက်ထဲကအိတ်ပေး။

မြတ်ကေသီ — (အဘွားဖြစ်သူကို နောက်ဆွဲပို့။ လက်ကိုင်အိတ်ကို နောက်ပို့လိုက်ပြီးပြော) နင်တို့ကို ဘာဖြစ်လို့ ပေးရမှာလဲ။

တင်ဦး — ဩော် . . မဟာဓါက အာဇာနည်မလေးဖြစ်မယ်ထင်တယ်။ အသာတကြည်တောင်းတာ မပေးချင်ဘူးပေါ့။

မြတ်ကေသီ — မပေးဘူး။ နင်တို့ ချောင်သမားတွေကို အလကားမပေးနိုင်ဘူး။

တင်ဦး — (မျက်နှာရှေ့ ဓားတစ်ချက်ဝင့်ပြ) ဒီဓါးကသံမဏိနဲ့လုပ်ထားတဲ့ဓား။ ပလတ်စတစ်ဓားမထင်နဲ့။ မျက်နှာလှလှလေး မပျက်စီးချင်ရင် အသာတကြည်ပေး။

မြတ်ကေသီ — ဟင် . . . ဝံ့ပစ္စည်းလိုချင်ရင် အသာတကြည်တော့ မရဘူး။ ဒီလိုပဲရမယ်။

(နောက်ပစ်ထားသော အိတ်နှင့် လွှဲရိုက်။ တင်ဦးက

လက်အနာခံတားလိုက်ပြီး၊ မြတ်ကေသီ၏လက်ကို ဖမ်းလိမ်) အား . . . မသာကောင်၊ ယောကျ်ားမဆန် တဲ့နွား)

**တင်ဦး** ဘာ . . . ယောကျ်ားမဆန်ဘူးဟုတ်လား။ ကိုင်း ယောကျ်ားဆန်ဆန်ပြလိုက်ရသေးတာပေါ့ (ပြော လျက်ပြန်ရိုက်ချ)

**မြတ်ကေသီ** အား . . . မသာကောင်၊ ဟောဒီမှာရှင်၊ လုနေပါတယ်၊ ကယ်ကြပါ။

**ပေစိ** ဟာ . . . သွားပြီ။ (ပြောပြောဆိုဆိုနှင့် တောထဲပြေး ဝင်၊ တင်ဦးက လက်ကိုင်အိတ်ကိုလုပြီး နောက်မှ လိုက်ပြေး)

**မြတ်ကေသီ** ဓားပြပါရှင် . . . ဓားပြ ဓားပြ။

**(ဇာတ်ညွှန်း)** (အော်သံကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ယောက် ပြေးဝင် လာ . . . မြတ်ကေသီတို့မြေးအဘွားနား ပြေးလာ)

**ရဲတပ်သား** ဘာဖြစ်သွားလဲ။

**မြတ်ကေသီ** လူဆိုးတွေ . . . ကျွန်မတို့ လမ်းလျှောက်လာတာ ဝင်လု လို့။

**ရဲတပ်သား** ဘာပါသွားလဲ။

**မြတ်ကေသီ** ဟောဟိုတောထဲ ဝင်ပြေးသွားတယ်။

**ရဲတပ်သား** (လူဆိုးတွေဘက်ပြေးလိုက်သွား၊ သတိရဟန်ဖြင့် နောက်ပြန်လှည့်လာ . . .)

**ပေါက်စ** မင်းဒီမြေးအဘွားကို အိမ်အရောက်လိုက်ပို့ပေး လိုက်။ ငါဒီကောင်တွေနဲ့ ပြေးလိုက်သွားမယ်။



**ရဲတပ်သား** တစ်ယောက်တည်းဖြစ်ပါ့မလား . . . ။

**ပေါက်စ** ရတယ် . . . မင်းသာ ဂရုစိုက်ခေါ်သွား။

**ရဲတပ်သား** အေး . . . အေး။ လာအဘွား။ လူဆိုးတွေကို မကြာခင်ဖမ်းပေးပါမယ်။

**အဘွား** အေးကွယ်၊ ရိုးရိုးတဲ့ကောင်တွေ . . . နေ့လည်ခင်း ကြီးတောင် လုရဲကြတယ်။ တော်တော်လက်ရဲ ဇက်ရဲနိုင်တာပဲ။

**ရဲသား** ရာဇဝတ်ဘေး ပြေးမလွတ်ပါဘူး အဘွားရယ်။

**ဇာတ်ညွှန်း** (မြေးအဘွားနှစ်ယောက်ကိုလက်တွဲခေါ်စဉ် ကခွင် တစ်ခုလုံး မီးမှောင်ချ။ ပြည်ဖုံးကန့်လန့်ကာပိတ်။ တီးဝိုင်းမှ ကူညီပါရစေသီချင်းဖြင့် အခန်းပြောင်း။)

# ပြကွက် (၁၁)

နေရာ — ဦးသက်ဦး၏ အိမ်၊ ညေ့ခန်း။

အချိန် — နေ့လယ်ပိုင်း

အခင်းအနား — လူကုံထံအသိုင်းအဝိုင်းတို့၏ အိမ်နှင့်လျော်ညီစွာ ခေတ်မီသပ်ရပ်၊ သန့်ရှင်းသည့် ညေ့ခန်းအဆင် အပြင်၊ ဆက်တီစားပွဲကုလားထိုင်၊ တီဗွီအပေါ်စက် အောက်စက်၊ ဗီရို စာအုပ်စင်အားလုံး မဟော်ဂနီ သားဖြင့် လုပ်ထား။ နေ့စဉ်နေ့တိုင်း သ ထားသဖြင့် ပြောင်လက်နေ. . .။

မီး — ကခွင်တစ်ခုလုံး အလင်းရအောင် အားကောင်း သည့် မီးဖြိုဖြိုန်းပေးထား။ တီဗီစက် ဖွင့်ထားသဖြင့် ဖန်သားပြင်ကထွက်နေသည့် အလင်းတန်းက အခန်းတစ်ခုလုံး အလင်းရောင်ထွက်နေစေ။

အသံ — ဇာတ်ရုပ်များ ပြောစကားကြားနိုင်အောင် စကား ပြောခွက်များ တပ်ဆင်ထား။

ဇာတ်ဝင်ပစ္စည်း — ညေ့ခန်းစားပွဲပေါ်တွင် အလှတင်ထားသည့် နှင်းဆီ



ပန်းအိုး။ စားပွဲပေါ်တွင် အင်္ဂလိပ်ဘာသာဖြင့် ရေး ထားသည့် ရသစာပေစာအုပ်များ။ နေ့စဉ်ထုတ် သတင်းစာနှင့် ဂျာနယ်တချို့။

ဇာတ်ဝင် အဝတ်အစား — အငြိမ်းစားအရာထမ်းများ ဝတ်ဆင်သည့် မြန်မာ အဝတ်အစား။

ဇာတ်ညွှန်း — အခန်းဖွင့်တီးလုံးဆုံးလျှင် ညေ့ခန်းရှိ တစ်ယောက် ထိုင်လက်တင်ကုလားထိုင်၌ ပရိသတ်ဘက် မျက်နှာ မူလျက် ဦးသက်ဦးက နေ့စဉ် ထုတ်သတင်းစာတစ် စောင် ဖတ်နေ။ တီဗွီမှ မြန်မာဆန်ဆန် တေးသီချင်း များ လွှင့်ထုတ်ပေးထား။ ဦးသက်ဦး၏ သမီး ဆရာမ ဒေါ်မြင့်မြတ်က လက်ဖက်ရည်နှင့်မုန့်ကိုငွေ လင်ပန်းနှင့် အတူ ယူလာပြီး ပခ်ဖရှုရှုပေးပြီးပြော. . .။

ဒေါ်မြင့်မြတ် — သမီးကျောင်းသွားလိုက်ဦးမယ် အဖေ၊ မနက်စာ ပြင်ဆင်အုပ်ဆိုင်းထားခဲ့တယ်၊ ဆာတဲ့အချိန် အသင့် လှုပ်စားရုံပဲ၊ သိပ်နောက်ကျမခံနဲ့နော် အဖေ. . .။

ဦးသက်ဦး — အေး. . .အေးပါ၊ ဒါနဲ့ ဒီနေ့ ကျောင်းပိတ်တယ်မို့လား သမီးရဲ့။

ဒေါ်မြင့်မြတ် — ကျောင်းတော့ပိတ်တယ်အဖေ ဒါပေမဲ့ ဆိုကရေးတီး ပြိုင်ပွဲဝင်မယ့် ကလေးတွေ လေ့ကျင့်ပေးဖို့ရှိလို့ပါ။

ဦးသက်ဦး ဪ . . အေး အေး။ သမီးတို့ကျောင်းက အနုပညာဘက်ထူးချွန်သူတွေတော့ ထွက်သားပဲ။

ဒေါ်မြင့်မြတ် ဟုတ်တယ် အဖေ အသက် (၁၅) နှစ်အောက်ဆိုဗဟိုအဆင့်လွှတ်ဖို့ နှစ်ယောက်အရွေးခံရတယ်။ ကျားတစ်ယောက်မတစ်ယောက်ပေါ့။ မိန်းကလေးက အရင်နှစ်က ဗဟိုအဆင့်မှာ ငွေတံဆိပ်ရတယ်။

ဦးသက်ဦး ဒီလိုအစွမ်းအစရှိတဲ့ ကလေးတွေနေရာမှန်ရောက်အောင် လမ်းပြပေးရမယ်၊ လမ်းကြောင်းမှန်ပေါ်ရောက်သွားရင် ဟုန်းခနဲ အောင်မြင်မှာပဲ။

ဒေါ်မြင့်မြတ် ဟုတ်တယ်အဖေ . . . အဝီးပိုင်းကလည်း ပတ္တလားတစ်ယောက်နဲ့ စန္ဒရားတစ်ယောက်ရှိတယ်၊ ဆုတံဆိပ်မျှော်လို့ရတဲ့ ကလေးတွေပါ။

ဦးသက်ဦး သူတို့ကို ဘယ်သူနည်းပြနေတာလဲ။

ဒေါ်မြင့်မြတ် စန္ဒရားဦးသက်လေ. . . ယဉ်ကျေးမှုတက္ကသိုလ်ကဝါရင့်ပညာရှင်ကြီးပဲ။

ဦးသက်ဦး အေး . . ကြားဖူးတယ်၊ လူချင်းတော့မဆုံဖူးပါဘူး။ ဒီလိုပညာရှင်ကြီးတွေထဲက အနုပညာအမွေရထားဖို့ လိုတယ်၊ ကဲ . . . သွားစရာရှိတာ သွားသွား။ ဪ . . . ဘတ်(စ်) ကားလည်းဂရုတစိုက်စီးနော်သမီး။ ကားသေးသေးလေးတွေရှောင်နိုင်ရင်ရှောင် . . . ကားကြီးတွေက ဖြစ်ခဲတယ်၊ ဖြစ်လဲထိခိုက်ဒဏ်ရာ သိပ်မရဘူး။

ဒေါ်မြင့်မြတ် စိတ်ချပါအဖေ။



ဇာတ်ညွှန်း (ဖခင်ကို နှုတ်ဆက်ပြီး ကခွင်ဘယ်ဘက်ကိုပြန်ဝင်သွား။ ဦးသက်ဦးက မြန်မာ့အသံတေးဂီတအစီအစဉ်ကို ပြောင်းလျက် CNN သတင်း ဖွင့်လိုက်၏။ ထိုင်းနိုင်ငံ တွင် လတ်တလော ဖြစ်ပျက်နေသည့်လူထုအုံ ကြွမှုသတင်း၊ ရှန်းရင်းဆန်ခတ်ဖြစ်နေမှုကို စိတ်ဝင်တစား ကြည့်နေစဉ် အောက်ခွင်ဘယ်ဘက် ပုဏ္ဏားကွယ်ဘက်မှ ဦးဘစိန်ထွက်လာတီဗီကို စိတ်ဝင်တစား ကြည့်နေသည့် ဦးသက်ဦးကို မြင်ရ၍သဘောကျဟန်ဖြင့် တစ်ချက်ပြုံး၊ ဦးဘစိန်က ချောင်းဆိုး အသံပြုလိုက်သဖြင့် ဦးသက်ဦး လှည့်ကြည့်။)

ဦးသက်ဦး ဟော . . . ကိုဘစိန်၊ ဘယ်ကလှည့်လာလဲ လာဗျာ . . . ကျုပ်လည်းတစ်ယောက်တည်းမို့ ပျင်းပျင်းနဲ့သတင်းနားထောင်နေတာ . . .

ဦးဘစိန် (အမိဖွာယ်ပါပါတစ်ချက်ပြုံးလိုက်ပြီး ထိုင်ခုံအလွတ်တွင်ဝင်ထိုင်) လူဟာ အနီးကို သတိမပြုတာတ်ပေမယ့် အဝေးကိုတော့ မြင်တတ်၊ စိတ်ဝင်စားတတ်တာမမှတာပဲ။

ဦးသက်ဦး အဟဲ အပြစ်တင်တာလား . . . သတင်းထူးရှိလို့အသိပေးချင်တာလား။

ဦးဘစိန် နှစ်ခုစလုံးပဲ (ပြောပြီးရယ်)

ဦးသက်ဦး ခင်ဗျားအပြစ်တင်ရင်ခံရမှာပဲ၊ ကျုပ်တို့မှာက

ဖအေတစ်ခု သမီးတစ်ခုရှိတာ . . . သမီးကျောင်းသွားရင် ကျုပ်က အိမ်စောင့်လေ၊ ဒီတော့ ပတ်ဝန်းကျင်သတင်းမကြားနိုင်ဘူး။ အိမ်ထဲမှာနေပြီး ဟိုနိုင်ငံ ဒီနိုင်ငံက အဖြစ်အပျက်ပဲ ကြည့်နေရတယ် . . .

ဦးဘစိန် ကျုပ်လည်း ခင်ဗျားလိုပါပဲ၊ ခု ကြားလားတဲ့ သတင်းက နံနက်စောစောလမ်းလျှောက်ရင်း ဦးသွင်ပြောလို့ သိရတာ . . .

ဦးသက်ဦး ဦးသွင် . . . ဘယ်ဦးသွင်လဲ သစ်စက်ပိုင်ရှင်ဦးသွင်လား . . . ။

ဦးဘစိန် အင်း . . . သူပေါ့၊ မနေ့ကညနေစောင်းမှာ သူ့ညီမနဲ့ တူမ အလုခံရတယ်လေ လက်ဆွဲအိတ်လုပြေးခံရတာ ငွေလေးသောင်းကျော်ပါသွားသတဲ့။

ဦးသက်ဦး ဘယ်လိုဖြစ်တာလဲ ဘယ်နေရာမှာအလုခံရတာလဲ . . . တရားခံတွေဖမ်းမိလား။ လူရောဘာဖြစ်သွားသေးလဲ။

ဦးဘစိန် ခင်ဗျားမေးခွန်းကို ဘယ်ကစဖြေရမလဲ . . . (နှစ်ယောက်သားရယ်)

ဦးသက်ဦး အလုခံရတဲ့လူသိပြီ . . . ဘယ်နေရာမှာ အလုခံရတာလဲ။

ဦးဘစိန် မြို့ရှောင်လမ်း၊ ပန်းဥယျာဉ်နားမှာ အလုခံရတာတဲ့။

ဦးသက်ဦး လူတွေဘာဖြစ်သွားသေးလဲ။

ဦးဘစိန် ကြီးကြီးမားမားတော့ မဖြစ်ပါဘူး။ လက်ထဲက အိတ်



ဆွဲလုခံရတော့ လူက ဟပ်ထိုးလဲသွားလို့ ဒူးတွေ လက်တွေလောက်ပဲ ပွန်းပဲ့သွားတယ်၊ ဓားပြလို့ အော်တဲ့ အချိန်မှာ ပတ္တုယောင်လှည့်လာတဲ့ ရဲတွေနဲ့တွေ့လို့ လူကိုဘာမှ မလုပ်နိုင်ဘူး။

ဦးသက်ဦး တရားခံဖမ်းမိပြီတဲ့လား . . .။

ဦးဘစိန် ဖမ်းမိမဲ့သဘောရှိပါတယ်၊ လုယက်မှုလုပ်တာက လူငယ်နှစ်ယောက်တဲ့။ သူတို့လက်ထဲ ဓားမြှောင်ပါတယ်၊ ပုံပန်းသဏ္ဍာန်အရ သံသယရှိတဲ့လူတွေကို ရဲကလိုက်နေတယ်တဲ့။

ဦးသက်ဦး နေ့လယ်ကြောင်တောင်ကြီးမှာ ဒီမျိုးတွေဖြစ်တာ သိပ်မဟုတ်ဘူးဗျ။

ဦးဘစိန် ဒီဖြစ်ရပ်ရဲ့ အခြေခံကို လိုက်ကြည့်တယ်၊ ကြားထားတဲ့သတင်းအရကတော့ လုယက်သူတွေက ဆေးသမားတွေဖြစ်လောက်တယ်တဲ့ . . . ။

ဦးသက်ဦး အင်း . . .

ဦးသက်ဦး ဖြစ်တန်ရာချေရှိတယ် ကိုဘစိန်ရဲ့ ဟိုနေ့က ကျုပ်သမီးပြောပြတယ်၊ သူတို့ကျောင်းကို မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတွေ လာဟောပြောသွားတယ်တဲ့။

**ဦးဘစိန်** အင်း . . . ။

**ဦးသက်ဦး** သူတို့ပြောပြောချက်၊ သူတို့ရဲ့သတင်းတွေ နားထောင်ရတော့ လူငယ်ထုအတွင်း ပျံ့နှံ့နေတဲ့မူးယစ်ဆေးဝါးကိစ္စက ကြောက်စရာအန္တရာယ်ဆိုးမှန်းသိရတယ်တဲ့။ အဲဒီပညာပေးပွဲမှာ ဆေးစွဲမှုအဆင့်ဆင့်၊ ဆေးစွဲနိုင်တဲ့ နည်းလမ်းတွေသိရတော့ ကျောင်းသားထုအတွင်းလည်း စောင့်ကြည့်ဖို့လိုပြီတဲ့ . . . ။

**ဦးဘစိန်** အမှန်ပေါ့ဗျာ၊ အဲဒီသတင်းပေးချင်လို့ ခင်ဗျားဆီ တမင်လာတာ၊ ခင်ဗျားက ပညာရေးဌာနက အငြိမ်းစားယူတော့ ပညာရေးမိသားစုအကြောင်း သိတယ်။ ကျောင်းသားကျောင်းသူတွေရဲ့ အလေ့အထသိတယ်။

ဒီ့အပြင် လူငယ်တွေကို ဘယ်လိုအသိပညာ ပေးရမယ်ဆိုတဲ့ နည်းလမ်းသိတယ် . . .

**ဦးသက်ဦး** အဟက်ဟက် . . . ခင်ဗျားစကားခံနေပုံက ဒီကိစ္စထဲကျုပ်ကိုဆွဲသွင်းချင်ပြီနဲ့တူတယ်။

**ဦးဘစိန်** ဟုတ်လိုက်လေဗျာ . . . လူငယ်တွေလမ်းမှားမရောက်အောင် ကျုပ်တို့ခင်ဗျားတို့က သတိပေးရမယ်၊ အသိပေးရမယ်။ ဒီကိစ္စမှာ ကျုပ်နဲ့အတူ လက်တွဲဖို့လာခေါ်တာ . . . ။



**ဦးသက်ဦး** ခင်ဗျားက ကျုပ်ကိုတာဝန်ပေးတာလား . . . ။

**ဦးဘစိန်** တာဝန်ပေးတာမဟုတ်ဘူး ကိုသက်ဦးရာ . . . တာဝန်သိလက်တွဲဖို့ လာပြောတာ . . . ဘယ့်နှယ်လဲ ကျုပ်တို့နဲ့အတူတူ လက်တွဲနိုင်မလား . . . ။

**ဇာတ်ညွှန်း** ဦးဘစိန်စကားကို သဘောကျဟန်ဖြင့် ပြုံးကြည့်နေပြီးမှ ထိုင်ရာကထ။ (လက်ဆန့်တန်းလိုက်ရာ ဦးဘစိန်က နှစ်လိုစွာပြုံးလျက် လက်ဆွဲနှုတ်ဆက်လိုက်စဉ် ပြည်ပုံးကန့်လန့်ကာကြီး တလိပ်လိပ်ကျလာ)

အခန်းပြောင်းတီးလုံးဝင်

❖ ❖

## ပြကွက် (၁၂)

**နေရာ** မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်း။

**အချိန်** နံနက်ပိုင်း။

**အခမ်းအနား** ရဲတပ်ဖွဲ့မှူးရုံးခန်း အဆင်အပြင်နှင့် လျော်ညီစွာ ပြကွက်(ရှစ်) အတိုင်း ခင်းကျင်းပြင်ဆင်ထား . . . နံရံတွင် ပိုက်ဘုတ်တစ်ချပ်ကပ်ထားပြီး မြို့နယ်အတွင်းဖြစ်ပွားသည့်မှုခင်းအခြေပြဇယား ရေးဆွဲထား။

**မီး** ကခွင်တစ်ခုလုံး အလင်းရစေရန် မီးဖြင့် ဖျန်းပေးထား။

**အသံ** ဇာတ်ကောင်များ၏အသံကို ပီပြင်ပြတ်သားစွာ ကြားနိုင်စေရန် စကားပြောခွက်များ တပ်ဆင်ထား။ နောက်ခံတေးအဖြစ် "ကူညီပါရစေ" သီချင်းဖွင့်ပေးထား။

**ဇာတ်ဝင်ပစ္စည်း** စားပွဲပေါ်တွင် အမှုတွဲဖိုင်များ၊ တပ်ဖွဲ့နှင့်ပတ်သက်သည့် ပစ္စည်းများစနစ်တကျ ခင်းကျင်းထား။

**အဝတ်အစား** (က) ရဲအရာရှိ ဝတ်စုံပြည့်။
(ခ) မြန်မာဆန်ဆန် ဝတ်စားဆင်ယင်မှု။

**ဇာတ်ညွှန်း** အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ပြည်ပုံးကန့်လန့်



ကာဖွင့်ချိန် အသံသွင်းတိတ်ခွေဖြင့် ဖွင့်ပေးထားသည့် "ကူညီပါရစေ" သီချင်းတီးသံစွာထွက်ပေါ်နေ . . . ရုံးခန်းတွင်း စားပွဲတွင် မြို့နယ်တပ်ဖွဲ့မှူးဦးဘသော်က ပရိသတ်ဘက်မျက်နှာ မူထိုင်နေပြီး ခုရဲအုပ်ဝင်းမိုးနှင့် ဇော်ဝင်းက ကျောပေးထိုင်ရင်း အပိန့်ညွှန်ကြားချက် နာခံနေစေ။

**ဦးဘသော်** ပြောတာရှင်းတယ်နော် . . . သေသေချာချာ ဂရုစိုက်လုပ်ရှားကြပါ။ မင်းကြီးက ဒီကိစ္စစိတ်ဝင်စားနေတယ် . . . တကယ်လည်း အရေးကြီးတဲ့ကိစ္စဖြစ်နေပြီ။ ဒီတော့ ရပ်ကျေးတာဝန်ရှိသူတွေ . . . သတင်းပေးသူ . . . ကိုယ့်အမာခံအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး တရားခံအမြန်ဆုံး ပေါ်ပေါက်အောင်လုပ်ပါ။

**ခုရဲအုပ်ဇော်ဝင်း** စိတ်ချပါဆရာ . . . ဒီကောင်တွေ ကျွန်တော်တို့လက်ထဲရောက်တော့မှာပါ။

**ဦးဘသော်** အရေးကြီးတာက ပင်မပုဂ္ဂိုလ်ကို ကုတ်နိုင်ဖို့လိုတယ် . . . အကိုင်းခုတ်ရုံနဲ့ အပင်မသေဘူး။ အမြစ်တူးပင်စည်ကို ဖြိုနိုင်မှကိစ္စလက်စတုန်းမှာ . . .

**ခုရဲအုပ်ဇော်ဝင်း** ဟုတ်ကဲ့ဆရာ . . . ဒါကြောင့်လည်း ကိုင်းဖျားကိုင်းနားတွေ ခုတ်မပစ်သေးဘဲ ရှင်သန်နိုင်အောင် ဆက်ထားတာပါ။ ပင်မဖြိုဖျက်လိုက်ရင် သူတို့လည်း ဖမ်းဆီးနိုင်မှာပါ . . .

ဇာတ်ညွှန်း (ထိုသို့ ဆွေးနွေးနေစဉ် ကခွင်အောက်ပိုင်း တိုင်ပုံး ကြားမှ ဦးဘစိန်နှင့် ဦးသက်ဦးဝင်လာစေ . . . ဦးဘသော်က မျက်မှန်ပေါ်မှ ကျော်ကြည့်လိုက်ပြီး။ မိတ်ဆွေဟူသော အသိဖြင့်ပြုံးပြ။ ရဲအုပ်ဝင်းမိုးနှင့် ဇော်ဝင်းက ထိုင်ခုံမှထလျက် တလေးတစား ဦးညွှတ်ကြိုဆို)

ဦးဘသော် ဟော . . . အန်ကယ်တို့ပဲ။ လာကြပါ။ ကျွန်တော်တို့ ဘာကူညီပေးရမလဲ။ (ဦးဘစိန်နှင့် ဦးသက်ဦးက လွတ်နေသည့် ထိုင်ခုံတွင်ဝင်ထိုင်ပြီး။ နေရာဖယ်ပေးသော ရဲအုပ်နှစ်ယောက်အား အသိအမှတ်ပြုသည့် အပြုံးပြုံးပြ။ ဦးဘသော်က သူ့လူများဘက်လှည့်ပြီး . . .)

ကဲ ကျွန်တော်ပြောတာ မှတ်မိတယ်နော် . . မေးစရာ မရှိရင် သွားလို့ရပါပြီ။

ကဲ အလုပ်တွေများတာတော့ များတာပဲ၊ များတယ် ဆိုပြီး ဥပေက္ခာပြုလို့လည်း မရဘူး။ ကျုပ်တို့ သတင်းပေး က အရေးကြီးတဲ့ သတင်းတစ်ခု ထပ် ပေးတယ်။

ဇော်ဝင်း ဟုတ်ကဲ့ ဘာများထူးလဲဗြို့နယ်မှူး။

ဦးဘသော် တိတိကျကျလက်ဆုပ်လက်ကိုင်တော့ မရှိသေးဘူး ပေါ့ဗျာ၊ ဒါပေမဲ့ သတင်းအဆင့်အတန်းကတော့ (က) ပါတဲ့။ နိုင်မာဖို့ပါ ရာနှုန်းရှစ်ဆယ်ရှိတယ်တဲ့။



ဦးဘသော် ယူနွတ်ဆိုတာ လိုင်စင်ကိုင်ထားတဲ့ခနဲ့တွေလား . . . သူတို့ကလည်း ကန့်သတ်ချက်ထက်ပိုပြီး နိုးသတ် ရောင်းချနေသူတွေဆိုတော့ သတင်းအမှန်ရပ်ပို့ မလား . . . ။

ဝင့်မိုး ရပါတယ်ဆရာ . . . အဲဒီမှာ နွားသတ်သမားလုပ်နေ တဲ့ သတင်းပေးကောင်လေးရှိပါတယ်၊ ကျွန်တော် တို့တာပည့်ပါ။ ယူနွတ်တို့ ညီအစ်ကို နွားဘယ်နှစ် ကောင် သတ်တယ်၊ သားရေကို ဘယ်ပုံထုတ်ရောင်း တယ်၊ အရိုးဘယ်လောက်ရတယ်။ တစ်နေ့ချင်း သတ်တဲ့နွားအရေအတွက် အထီးအမတစ်ကောင် ချင်းရဲ့ အရောင်အသွေးကအစ အတိအကျရပါ တယ်၊ ဒီကောင်လေးသတင်းပေးချက်အရ နွားရှင် ဦးရွှေရဲ့ နွားနဲ့တူတာ တစ်ကောင်မှမပါဘူး။

ဦးဘသော် ဒါဆို . . . ။

ဝင့်မိုး နွားတွေကို ပြည်ပမောင်းထုတ်သွားတာ . . . ။

ဦးဘသော် ဟုတ်ရဲ့လား ဒီကိစ္စက ပိုတောင်လေးနက်သွားပြီ။ နိုးမှုရော . . . တရားမဝင်သယ်ဆောင်မှုရော မှောင် ခိုရောင်းဝယ်မှုရော စုံနေတာပဲ၊ အဲဒါက ဘယ်အဖွဲ့ လဲ။

ဝင့်မိုး ကျွန်တော်တို့မြို့နယ်က မဟုတ်ဘူးဆရာ . . . တိုး မြစ်ဝကျွန်းပေါ်က အဖွဲ့။ ဒီအဖွဲ့တွေနဲ့ အချိန်အချက် လုပ်ပေးပြီး ဒီမှာတင်လက်လွှဲရောင်းလိုက်တာ။

ဦးဘသော် — ဒါဆို ကျုပ်တို့နယ်ထဲက ဖြတ်သွားတာပဲပေါ့။

ဝင့်မိုး — ကျွန်တော်တို့နယ်ထဲက ဖြတ်မသွားလို့ မသိလိုက်တာပေါ့ဆရာ။ နွားခိုးဂိုဏ်းက မြစ်ဝကျွန်းပေါ်မြို့ကြီးတစ်မြို့က။ အဲဒီဂိုဏ်းမှာ ငွေပင်ငွေရင်းစိုက်လုပ်နေတဲ့ တကယ့်ပိုက်ဆံရှိတဲ့ လူချမ်းသာတွေ သူတို့က မြို့ပေါ်မှာ လူကြီးလူကောင်းအမည်ခံ ဌာနဆိုင်ရာတွေနဲ့ပေါင်း အပေါ်ပိုင်းကိစ္စတွေသာ ကိုင်တွယ်ဖြေရှင်းတယ်၊ အဲဒီလူကြီးလူကောင်းတွေရဲ့အောက်မှာ သူဌေးအမည်ခံနေတဲ့ တပည့်က သုံးဆင့်လောက်ရှိတယ်။

ဦးဘသော် — ဟာ မသေးသိမ်ပါလား . . . ။

ဝင့်မိုး — လူရှေ့ထွက်ပြီး လူလုံးပြနေတာက အဲ့ဒီသူဌေး အမည်ခံသူတွေ သူတို့ကိုယ်တိုင် နွားမဆွဲဘူး။ နွားမဝယ်ဘူး၊ ငွေမချေဘူး၊ ထပ်ဆင့်မွေးထားတဲ့ တပည့်တွေကသာ တိုက်ရိုက်ဝယ်တယ်။

ဦးဘသော် — ဒါဆို ကျုပ်တို့ဖမ်းမိလည်း တတိယအဆင့် လူတွေပဲ ဖြစ်မှာပေါ့။

ဝင့်မိုး — တရားမဝင် ကျူးလွန်သူအနေနဲ့ကတော့ ဒီလူတွေပဲ ဖြစ်မှာပေါ့ဆရာ။ တစ်ချက်တည်းနဲ့ ဂိုဏ်းလုံးပြုတ် ဖော်ထုတ်ဖို့ကတော့ မလွယ်သေးဘူးဆရာ၊၊

ဦးဘသော် — ထားပါတော့ ဒီကိစ္စနဲ့ပတ်သက်လို့ ခင်ဗျားတို့ ခြေရာကောက်မိတာက . . . ။



ဝင့်မိုး — ယူနွတ်ရဲ့ ပြောပြချက်အရ အသေးအဖွဲ့ နွားခိုးဂိုဏ်း တစ်ဂိုဏ်းရှိတယ်၊ အဲဒါ ပေပင်ကုန်းရွာသား အုန်းသော်နဲ့ အဖွဲ့ဆရာ။ သူတို့လုပ်နေတာက နွားပွဲစားပါ။ တရားဝင်ဝယ်ရောင်းလုပ်နေကြတာပဲ နယ်တကာ အရပ်တကာလှည့်နွားဝယ်၊ ဈေးချရောင်း ကြိုက်ပေးကြိုက်ယူတွေ့ရင် ပစ္စည်းချင်းငွေလိုက်ခေါ် ပြီးလုပ်တာပေါ့။

ဦးဘသော် — အဲဒီအလုပ်က ဘယ်လောက်မြတ်မှာလဲ ဝင့်မိုးရာ၊ ထမင်းကြော်ဖိုး အရက်ဖိုးလောက်ပဲရမှာပေါ့ သူများ ပစ္စည်းခိုးရောင်းတာကျတော့ အရင်းမစိုက်ဘဲ လှေထိုးလိုက်တာလေ၊

ဝင့်မိုး — ဟုတ်တယ်ဆရာ၊ ခရီးသွားရင်း ဦးရွှေနွား တွေ့ အတွေ့၊ ဝယ်လက်ကလည်း လာနေ၊ အလုပ်ကလည်း လက်လွဲလိုက်ရုံဆိုတော့ ဖြူးခနဲ ဖျတ်ခနဲ ထလုပ်လိုက်တာ . . . ။

ဦးဘသော် — ဒါဆို နွားတွေပါသွားပြီပေါ့၊

ဝင့်မိုး — ဦးရွှေ လာတိုင်တဲ့အချိန်မှာ နွားတွေက နယ်စပ်ရောက်သွားပြီဆရာ၊ ခုဆို အမဲတင်းဘူးဖြစ်ပြီး ဘယ်နိုင်ငံတောင် တင်ပို့ပြီးပြီလဲ မသိဘူး။

ဦးဘသော် — ဒါဆို မင်းတို့ ဖော်ထုတ်နိုင်တယ်ဆိုတာ . . .

ဝင့်မိုး — စုဆောင်းထားတဲ့ သတင်းအချက်အလက်အရ ဒီတရားခံဟာ အုန်းသော်တို့ညီအစ်ကိုဆိုတာ သေချာတယ်ဆရာ . . . ဖမ်းစစ်လိုက်ရင် ဝန်ခံမှာ

ပဲ။ သက်သေခံပစ္စည်း မတင်ပြနိုင်တာကလွဲပြီး တရားခံရဲ့ ဝန်ခံချက်တော့ရမယ်။

ဦးဘသော် — အင်း . . အဲဒီ အလျှင်မလိုနဲ့ မင်းစစ်ဆေးတွေ့ရှိချက်ကို ဖိုင်ထဲ စာရေးတင်စမ်း။ ငါအသေးစိတ် လေ့လာရအောင်လို့၊ ဒါနဲ့ ဆရာဇော်ဝင်းကိစ္စတွေရော။

ဇော်ဝင်း — အခြေအနေကောင်းပါတယ်ဆရာ၊ နောက်အပတ်လောက် တရားခံဖမ်းနိုင်ပါလိမ့်မယ်။

ဦးဘသော် — မင်းက နောက်အပတ်၊ နောက်အပတ်နဲ့ ရွှေ့နေတာကြာပြီ။ ဒီကိစ္စအတွက် မင်းကြီးက မေးလှပြီနော် . . . ။

ဇော်ဝင်း — ဟုတ်ကဲ့ ကျွန်တော်အလေးအနက်ထားပြီး ဆောင်ရွက်နေတာပါ။ ထင်ယောင် ထင်မှားဖမ်း။ သက်သေမခိုင်လုံလို့ ပြန်လွှတ်ဆိုတာမျိုးမဖြစ်အောင် လေ့လာနေတာပါ။ လူဆိုးထိန်းတွေကိုတောင် ဒီကောင့်ကို စောင့်ကြည့်ခိုင်းထားပါပြီ။

ဦးဘသော် — အေးဗျာ . . ဒီမှာ ဖျတ်ဖျတ်လတ်လတ် ငယ်ငယ်နဲ့ အားကိုးရတာ ခင်ဗျားတို့ပဲရှိတယ် . . စခန်းမှူးက အသက်ကြီးပြီ၊ ပင်စင်ယူခါနီးတော့ သိပ်မတက်ကြွတော့ဘူး။ မောင်ခိုင်ကျတော့ စစ်ဆေးရေးဂိတ်တာဝန်ပေးထားရတယ်။ ကျုပ်အားကိုးစရာဆိုလို့ ခင်ဗျားတို့ပဲရှိတယ်။

ဇော်ဝင်း — စိတ်ချပါဆရာ . . ကျွန်တော်တို့ ကြိုးစားမှာပါ။



ဦးဘသော် — ကိုဇော်ဝင်းနယ်ထဲမှာ ဟိုဒင်း၊ မြို့စွန်သချိုင်းနားက ရပ်ကွက်ရှိတယ်မို့လား . . . ။

ဇော်ဝင်း — တိုးချဲ့ရပ်ကွက်ဆရာ။

ဦးဘသော် — အဲဒီရပ်ကွက်အဖျားက နိဗ္ဗာန်ဘုံကဇီးမှာ ဆေးသမားတွေ စုဝေးတယ်တဲ့။

ဇော်ဝင်း — ဟုတ်ကဲ့ မြို့နယ်မှူး။

ဦးဘသော် — လက်ဖက်ရည်ဆိုင်ပိုင်ရှင် ရာကွတ်က လက်လီရောင်းနေတာပေါ့၊ လက်လီရောင်းတယ်ဆိုပေမယ့် ဝင်စစ်ရင်တော့ ဘာတစ်ခုမှ ရှာတွေ့မှာမဟုတ်ဘူးတဲ့၊ သူ့လူနဲ့ သူအချိတ်အဆက်လုပ်ရောင်းတာဆိုတော့ ဝင်ဖမ်းလို့ ရောင်းလက်မမိနိုင်ဘူး။ စားသုံးသူပဲမိမယ်တဲ့။

ဇော်ဝင်း — ကျွန်တော်သဘောပေါက်ပြီဆရာ။ အဲဒီနေရာကိုလည်း ကျွန်တော်တို့စောင့်ကြည့်နေတာကြာပြီ။ မသင်္ကာစရာ အချက်အလက်တွေရှိပေမယ့် သက်သေခံမရှိတော့ စောင့်ကြည့်အဆင့်ပဲရှိနေတယ်။

ဇော်ဝင်း — ဟုတ်ကဲ့ ဆရာ၊ ဒါဆို တခြားညွှန်ကြားစရာမရှိရင် ကျွန်တော်တို့သွားမယ်။

ဦးဘသော် — ကောင်းပြီ ဆက်လုပ်ပါ။

(ရဲအုပ်နှစ်ယောက်က ထအလေးပြုဝဉ် ကခွင်တစ်ခုလုံး မီးမှောင်ချ။ အခန်းပြောင်းတီးဝိုင်းမှ ကူညီပါရစေ သီချင်းတီးခတ်ဝေ။)

❖ ❖

# ပြကွက် (၁၃)

**နေရာ** တိုးချဲ့ရပ်ကွက်တွင်းရှိ နိဗ္ဗာန်ဘုံကဖီး။

**အချိန်** ညနေ နေဝင်ရီသရောအချိန်။

**အခင်းအနား** ကခွင် အထက်ပိုင်းတွင် ထိုးကားဖြင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ပုံကို ညာဘက်တွင် ခင်းကျင်းထား။ နောက်ခံကားချပ်တွင် မြို့နယ်မြို့ပြများသရုပ်ပေါ်အောင် ရှုခင်းကားချပ်ချထား။ အထက်ခွင်၏ အလယ်တွင် စားပွဲကုလားထိုင်များ ခင်းကျင်းထား။ ပြကွက် (ခုနစ်) အတိုင်းရှိနေစေ။

**အသံ** လက်ဖက်ရည်ဆိုင်တစ်ဆိုင်၏ သရုပ်ပေါ်အောင် တီဗီစက်ကို ကျယ်ကျယ်လောင်လောင်ဖွင့်ထား။

**မီး** မှန်ပျပျအလင်းရောင်ဖြင့် လက်ဖက်ရည်ဆိုင်ပေါ်မီးဖျန်းပေးထား။

**ဇာတ်ဝင်ပစ္စည်း** လက်ဖက်ရည်ဆိုင်၏ အင်္ဂါရပ်နှင့် လျော်ညီအောင် စားပွဲ၊ ကုလားထိုင်။ လက်ဖက်ရည်အိုး။ အကြမ်းပန်းကန်၊ အချိုပန်းကန်များ စုံလင်စွာရှိနေစေ။

**အဝတ်အစား** သာမန်ဝတ်စားဆင်ယင်မှု။

**ဇာတ်ညွှန်း** အခန်းပြောင်းတီးလုံးသံဆုံးသည်နှင့် တီဗီစက်သံက



ကျယ်ကျယ်လောင်လောင်ပေါ်နေစေ။ ဆိုင်ကောင်တာထက်တွင် ဆိုင်ရှင်ရာကွတ်က မျဉ်းရိုလေးတွဲသည့် အမူအရာဖြင့် ငုတ်ကြီးထိုင်နေ . . . ဆိုင်အစွန်ထိုင်ခုံတွင် လူငယ်နှစ်ယောက်က ရေနွေးကြမ်းတစ်အိုး အလယ်ချလျက် ငုတ်တုတ်ထိုင်နေ။ ဘေးဘက်ရှိ စားပွဲတွင် စားသုံးသူတစ်ယောက်တည်း လက်ဖက်ရည်တစ်ခွက်မှာပြီး ဗိမ်ဆွဲသောက်နေ ခဏအကြာတွင် အခြားသုံးယောက်ဝင်လာ . . . စားပွဲထိုးကောင်လေးက နေရာခင်းကျင်းပေးပြီး အမှာကိုစောင့်ဆိုင်းဟန်ဖြင့် ရပ်နေ . . . ညေသည့်မှာသည့် ပစ္စည်းကို လူငယ်လေးက အော်ပြီးပြောလိုက်။ အဖျော်ဆရာ သီးသန့်မထား၍ ရာကွတ်ကိုယ်တိုင်ဖျော်ပေး။

**ရာကွတ်** ဆွဲ . . . ။

(ရာကွတ်က ကောင်တာတွင် ပြန်ထိုင်ပြီး ရီမုဖြင့် တီဗီလိုင်းပြောင်းရာ . . .

(ဘောလုံးပွဲလာနေသည်ကိုတွေ့။)

**တိုးမောင်** ဘာပွဲလဲဗျ။

**ရာကွတ်** မြန်မာနဲ့ အင်ဒိုလေ . . . တစ်ဂိုးအသွင်းခံထားရပြီ။

**တိုးမောင်** ဟ ဘယ်နှစ်မိနစ်ရှိသေးလို့လဲ။

**ရာကွတ်** ဆယ်မိနစ်တောင် မပြည့်သေးဘူး။ အနေအထားကတော့ အခြေမလှဘူးပေါ့ ကစားပုံကတခြားစီပဲ။

**တိုးမောင်** သုဝဏ္ဏမှာ ပညာပေးထားတာ လက်စားချေပြီထင်တယ် ကျုပ်တို့မြန်မာတွေကလည်း ကိုယ့်အရပ်ကျ ရပ်ကြက်ဖ၊ သူများအရပ်ဆို ကြက်မပဲ။

ရာကွတ်　ကြက်ဖြစ်မှတော့ အထီးပဲဖြစ်ဖြစ် အမပဲဖြစ်ဖြစ် မကောင်းဘူး။ အေး . . . တို့တိုးချဲ့က ကြက်တွေကတော့ ကောင်းပါတယ် ဖိုးလူရော . . . ။

ဇာတ်ညွှန်း　(ထိုစဉ် ကခွင်အောက်ပိုင်းညာဘက်မှ ခုရဲအုပ်ဇော်ဝင်းနှင့် ရဲတပ်ကြပ်ကြီးတစ်ဦးဆင်လာ . . . ရာကွတ်မျက်နှာတစ်ချက်ပျက်သွား။ ဆိုင်ထဲထိုင်နေသည့် လူရွယ်က ရာကွတ်အနားဖျတ်ခနဲရောက်သွားပြီး လက်ထိပ်ထုတ်လျက် ဖျောက်ခနဲမြည်အောင်ခတ်လိုက်)

ရာကွတ်　ကျုပ်ဘာအပြစ်ရှိလို့လဲ။

ခုရဲအုပ်ဇော်ဝင်း　နောက်တော့သိရမှာပေါ့၊ လောလောဆယ်တော့ ပေါ်ဘီက လူကြီးမင်းများကို သက်သေအဖြစ် ဖိတ်ခေါ်ပါရစေ ဗြော် တော့ညီလေးတွေ မင်းတို့လည်း မသွားကြနဲ့ဦး။

တိုးမောင်　ကျုပ်တို့နဲ့ ဘာဆိုင်လဲ။

ဇော်ဝင်း　ကိုယ့်နေရာကိုယ်ဆက်ထိုင်ပါ။ လူကြီးမင်းတို့က ကျွန်တော်တို့ကို အကူအညီပေးပါ။

ဇာတ်ညွှန်း　(ရဲတပ်ကြပ်ကြီးက ရာကွတ်ကို တစ်နေရာတွင် ထိုင်ခိုင်းထားပြီး ဦးဇော်ဝင်းနှင့် ရဲသားတစ်ဦးက လက်ဖက်ရည်ဆိုင်ကို ရှာဖွေရေးလုပ်။ ထိုအချိန် တိုးမောင်နှင့်အတူ ထိုင်နေသည့် တိုးထက်က တစ်စုံ



တစ်ခုကို လွှင့်ပစ်လိုက်သည်ကို ရဲကြပ်ကြီးမြင်သွား။ ဖျတ်ခနဲထလာပြီး တိုးထက်လက်ကို ဖမ်းဆွဲပြီး ပစ္စည်းလွှင့်ပစ်သည့် အနားထသွား။

ရဲကြပ်ကြီး　ဆရာ . . . ဒီမှာ

(ဦးဇော်ဝင်းနှင့် ရှာဖွေနေသူများ ခေါင်းတောင်ကြည့်ပြီး အားလုံးက ထိုနေရာ ပိုင်းရောက်လာ . . ပစ္စည်းထုပ်ကိုကြည့်လိုက်ကြ)

ဇော်ဝင်း　ဆေးခြောက်ထုပ်ပဲ။ ဒါမင်းဘယ်ကရလဲ မှန်မှန်ပြောစမ်း။

တိုးထက်　အဲဒါ ကျုပ်ဟာ မဟုတ်ဘူး။

ရဲကြပ်ကြီး　ဘာပြောတယ် မင်းလွှင့်ပစ်လိုက်တာ ငါမြင်နေတာပဲ။ (ပြောပြောဆိုဆိုနှင့် တိုးထက်နှင့် တိုးမောင်တို့ကို လက်ထိပ်ခတ်လိုက်)

တိုးမောင်　ကျုပ်က ဘာအပြစ်ရှိလို့လဲ။

ဇော်ဝင်း　အပြစ်မရှိရင် ပြန်လွှတ်မှာပါ။ လောလောဆယ်တော့ သည်းခံပေါ့ ဖိုးညီရာ၊ ကဲ ဖိုးညီတို့ ဒီပစ္စည်းဘယ်ကရလဲ။

တိုးမောင်　ကျွန်တော်တို့ဟာ မဟုတ်ဘူး။

ဇော်ဝင်း　ကောင်းပြီလေ မင်းတို့က ဘူးခံနေရင် မင်းတို့ပဲ တရားခံဖြစ်မယ်။ အမှန်ကိုဖော်ထုတ်ပေးရင် မင်းတို့ကို သက်သေအဖြစ် လုပ်ပေးမယ်၊ အမှုက ကွင်းလုံးကျွတ်လွတ်အောင် ကူညီမယ် . . . ။

**ဘိုးမောင်** ကျုပ်တို့ . . . ကျုပ်တို့

**ဇော်ဝင်း** ဆရာကြီး သူတို့နှစ်ယောက်ကို စခန်းသာခေါ်သွား။ ဒီမှာ ကျုပ်ဆက်ရှာလိုက်မယ်။ လိုအပ်တာ မေးထားပေါ့ဗျာ။

**ရဲကြပ်ကြီး** ကောင်းပြီဆရာ . . . ကဲ ဖိုးလူတို့ အေးအေးဆေးဆေး သာလိုက်ခဲ့တော့။

(ရဲအုပ်ဇော်ဝင်းနှင့် ရပ်ရွာလူကြီးများက ဆက်လက်ရှာဖွေနေစဉ် ရဲတပ်ကြပ်ကြီးက ပျာယီးပျာယာ ပြန်ဝင်လာပြီး တီးတိုးစကားပြောလိုက်။ ရဲအုပ်ဇော်ဝင်းက ကောင်တာအောက်ရှိ ပျဉ်ကိုခွာပြီး ဓားတစ်ချောင်းနှင့် တူးဆွဖော်ထုတ်လိုက်ရာ သိမ်းဆည်းထားသည့် ပစ္စည်းများရှာဖွေတွေ့ရှိ)

**ဇော်ဝင်း** ကိုင်း၊ ရာကွတ် မင်းငြင်းချင်သေးလား

**ရာကွတ်** ကျုပ်ဘာမှမသိဘူး။

**ဇော်ဝင်း** ဒီ မင်းဆိုင်နော်။

**ရာကွတ်** ကျုပ်ဆိုင်တော့ ဆိုင်ပေါ့။ ဒီပစ္စည်းတွေ ဘယ်က ရောက်လာတာလဲမသိဘူး။ ဒီကျုပ်ကို အကွက်ဆင်ဖမ်းတာ၊ ဒီပစ္စည်းတွေ ခင်ဗျားတို့ဝှက်ထားတာပဲဖြစ်မယ် . . .

**ဇော်ဝင်း** ကဲ လူကြီးမင်းတို့ မြင်သမျှ တွေ့သမျှကို အကုန်မှတ်တမ်းတင်ထားပါမယ်၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါ။ ကိုင်း . . ရာကွတ် မင်းပြောသနာကို တရားရုံးကျမှ ထုချေပေတော့။ လောလောဆယ်တော့ စခန်းသာလိုက်ခဲ့။



(ရာကွတ်ကို ဖမ်းဆီးလျက် သက်သေလူကြီးများနှင့်အတူ ပြန်ထွက်လိုက်စဉ် ပြည်ပုံးကန့်လန့်ကာကြီးက တဖြည်းဖြည်းကျလာ . . . အခန်းပြောင်းတီးလုံးဝင်)

## ပြကွက် (၁၄)

**နေရာ** အထက်ပိုင်းကျောင်း၏ မြရောခန်းမဆောင်။

**အချိန်** နံနက်ပိုင်းစာသင်ချိန်။

**အခင်းအနား** မြရောခန်းမဆောင်အတွင်း အခင်းအနားပြင်ဆင်ထား။ ကခွင်အထက်ပိုင်း၊ အလယ်တွင် ကတ္တီပါကားချလျက်။ "မူးယစ်ဆေးဝါးအန္တရာယ်တို့ကာကွယ်" ဟူသော ဖောက်စလုံးများကပ်ထား။ ကခွင်၏အောက်ပိုင်းဘယ်ဘက်စွန်းတွင် စကားပြောစင်၊ စကားပြောခွက်များပြင်ဆင်ထား။ စကားပြောစင်ဘက်မျက်နှာမူလျက် ထိုင်ခုံများချထား။

**မီး** ကခွင်တစ်ခုလုံးမြင်နိုင်သည့် အလင်းရောင်ဖျန်းထား။

**အသံ** ဇာတ်ကောင်များ၏ပြောစကား ပီသစွာကြားနိုင်စေရန် စကားပြောခွက်တပ်ဆင်ထား။

**ဇာတ်ဝင်ပစ္စည်း** စားပွဲ၊ ကုလားထိုင်၊ စကားပြောစဉ် နားထောင်သူများထိုင်ရန် ကုလားထိုင်များ စီချထား။ ပရိုဂျက်တာပိတ်ကားတစ်ခု။

**အဝတ်အစား** မြန်မာဆန်ဆန် အဝတ်အစား။ တိုက်ပုံ၊ အင်္ကျီဖြူ ပုဆိုး။ ကျောင်းသူ ကျောင်းသားများ၏ တူညီဝတ်စုံ



**ဇာတ်ညွှန်း** အခန်းပြောင်းတီးလုံးဆုံးသည်နှင့် အခမ်းအနားမှူး ဦးသိန်းလွင်မှ အခမ်းအနားစတင်ကြောင်း ကြေညာ။ တက်ရောက်နားထောင်သူများက လက်ခုပ်တီးကြ။ ကခွင်အလယ်တွင် စားပွဲပေါ်ရှိ ပရိုဂျက်တာတင်ထား။

**ဦးသိန်းလွင်** မြို့မိမြို့ဖများနဲ့ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့ ပူးပေါင်းစီစဉ်တဲ့ "မူးယစ်ဆေးဝါးအန္တရာယ်တို့ကာကွယ်" ပညာပေးဟောပြောမှု အစီအစဉ်မှာ အငြိမ်းစားပညာရေးအရာထမ်း ဦးဘစိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကျွန်တော်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပါမယ်။ အခမ်းအနားအစီအစဉ်အရ အစီအစဉ် (၇) ရပ်နဲ့ ကျင်းပသွားမှာဖြစ်ပါတယ်၊ ဦးစွာ သဘာပတိဦးဘစိန်က ဒီနေ့ အခမ်းအနားနဲ့ ပတ်သက်ပြီး အမှာစကားပြောကြားမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အန်ကယ်ဦးဘစိန်ကို အမှာစကားပြောပေးဖို့ ဖိတ်ကြားပါတယ်။

**ဦးဘစိန်** (ထိုင်ခုံမှ ထလာ၊ စကားပြောစင်မြင့်တွင်ရပ်၊ ပရိသတ်ကို ဦးညွှတ်အလေးပြုပြီး စကားပြော) အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်၊ ဒီနေ့ဟာ ကျွန်တော်တို့မြို့နယ်အတွက် ဂုဏ်ယူအပ်တဲ့ မင်္ဂလာရှိသောနေ့တစ်နေ့လို့ ပြောချင်ပါတယ်၊ ဘာဖြစ်လို့ ဒီစကားပြောရလဲဆိုရင် လူမှုဝန်ထမ်းစိတ်ရှိတဲ့ မြို့မိ

မြို့ဖလူကြီးများပါဝင်တဲ့ ဝံသာနုရက္ခိတအသင်းဖွဲ့စည်းပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်ကို ဒီနေ့ စတင်ဆောင်ရွက်နိုင်ခဲ့လို့ပါပဲ၊ ကြွရောက်လာကြတဲ့ လူငယ်မောင်မယ်များ။ ကျောင်းဆိုတဲ့လုပ်ငန်း အကောင်အထည်ဖော်ဖို့ ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်၊ ဒီနေရာမှာ အမျိုးဆိုတာ ဘယ်အမျိုးလဲ၊ ရှမ်းလား . . ကချင်လား . . . ဗမာလားလို့ မေးစရာရှိပါတယ်၊ လိုရင်းပြောရရင် မြန်မာ့ရေမြေတောတောင်တွင်းမှာ မရှိအတူ ရှိအတူ အေးအတူပူအမျှနေထိုင်ကြတဲ့ ဘယ်လူမျိုးမဆို အားလုံးအကျုံးဝင်ပါတယ်၊ ဒီ့ထက် ပိုမိုကျယ်ပြန့်တဲ့ အသွင်လည်းရှိပါတယ်၊ ပြောရရင်ကမ္ဘာပေါ်မှာ မှီတင်းနေထိုင်တဲ့ လူသားအားလုံးနဲ့သက်ဆိုင်ပါတယ်လို့ ပြောချင်ပါတယ်၊ ဒါပေမယ့်ဆင်လည်း ဆင်အထွာ၊ ကြွက်လည်း ကြွက်အထွာဆိုသလို ကိုယ့်အထွာနဲ့ကိုယ် တစ်နိုင်တစ်ပိုင်ကစလုပ်ရမှာဖြစ်လို့ ကျွန်တော်တို့နဲ့ ကျွန်တော်တို့ပတ်ဝန်းကျင်ရှိလူသားများအတွက် ရည်စူးပါတယ်ဆိုရင် ပိုပြီးသဘာဝကျပါလိမ့်မယ်၊ နောက်ဘာသာဆိုတာကတော့ ဗုဒ္ဓဘာသာကို မဏ္ဍိုင်ထားတာဖြစ်ပေမယ့် ဗြဟ္မာ့ဝိဟာရတရားစောင့်တဲ့ ကျွန်တော်တို့ လူမျိုးအနေနဲ့ ဘာသာတိုင်းအပေါ် အကောင်းမြင်ပါတယ်၊ ကောင်းမှုကို လမ်းညွှန်တဲ့ ဘာသာတရားလို့သာ ယေဘုယျ ရှုမြင်စေလိုပါတယ်၊



ယဉ်ကျေးမှုဆိုတာကလည်း ကိုယ့်တိုင်းပြည်၊ ကိုယ့်ရေမြေသဘာဝနဲ့ ကိုက်ညီတဲ့ ယဉ်ကျေးမှုကို ရည်ရွယ်ပါတယ်၊ ဒီတော့ ကျွန်တော်တို့အသင်းဟာ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုတိုးတက်ရေး၊ ဖွံ့ဖြိုးရေးအတွက် ကောင်းတာမှန်သမျှ စေတနာသဒ္ဓါစိတ်နဲ့လုပ်ဖို့ ဖွဲ့စည်းထားတဲ့ အသင်းတစ်သင်းလို့ ကြိုတင်မိတ်ဆက်ပါရစေ . . .။

**ဓာတ်ညွှန်း** (ဦးဘစိန်က ပရိသတ်စိတ်ဝင်စားခြင်းရှိမရှိ အကဲခတ်ကြည့်လိုက်သည်။ သူ့စကားအပေါ် အာရုံစိုက်နေမှန်းသိမှ စကားဆက်)

အခု ကျွန်တော်တို့အသင်းရဲ့ ပထမခြေလှမ်းအဖြစ် အမျိုးကိုဖျက်ဆီးမဲ့ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ ပတ်သက်လို့ အရေးကြီးတဲ့ ဆရာဝန်ကြီး ဒေါက်တာ ဘသောင်းဆိုတာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးရေးနဲ့ ပတ်သက်လို့ကျွမ်းကျင်သူ၊ လက်တွေ့ဆောင်ရွက်နေသူဖြစ်ပါတယ်၊ ဆရာကြီးက သူ့အတွေ့အကြုံနဲ့ လက်ရှိကမ္ဘာပေါ်မှာ ကြုံ တွေ့နေရမှုကိုပြော ဟောသွားပါလိမ့်မယ်၊ နောက်ဟောပြောမယ့် ဆရာအောင်ကျော်ဆန်းဆိုတာကလည်း သုတေသီပညာ ရှင်တစ်ဦးပါ။ သူလေ့လာထားကဲ့ သုတေသီလုပ်ငန်း၊ တွေ့လက်တွေ့တွေကို ပေါင်းစပ်ဟောပြောမှ ဖြစ်ပါတယ်၊ ဒီနေ့ ဒီအခမ်းအနားကို တက်ရောက်နားထောင်တဲ့ လူငယ်များ

ဟာ ပညာရှင်များရဲ့ ဟောပြောချက်ကို ဂရုတစိုက် နားထောင် မသိတာမရှင်းလင်းတာကို မေးမြန်းပြီးတော့ အသိစိတ်အာဝင် ပါဝင်ဆောင်ရွက်ကြပါလို့ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**ဇာတ်ညွှန်း** (ဦးဘစိန်အမှာစကားပြောပြီးသည်နှင့် လက်ခုပ်သံများ တဖြောင်းဖြောင်းထွက်လာ၊ အခမ်းအနားမှူးက နောက်ထပ်အစီအစဉ် ကြေညာ၊ ဆရာဝန်ကြီး ဒေါက်တာဘသောင်း ဟောပြောမှုကို အသံမှိန်ထားပြီး နောက်ခံသီချင်းကို ဖွင့်ပေး။ မူးယစ်ဆေးဝါး အကြောင်းကို တစ်ဆင့်ပြီးတစ်ဆင့် ပရိုဂျက်တာဖြင့် သရုပ်ပြ ဟောပြောရာ ရုပ်ပုံများ တစ်ခုပြီးတစ်ခုပေါ်လာ။ လူငယ်များ စိတ်ဝင်တစားလိုက်လံမှတ်သား)

ဟုတ်ကဲ့ အခု ကျွန်တော်ဟောပြောတာနဲ့ ပတ်သက်လို့ မရှင်းလင်းတဲ့ အချက်အလက်ရှိရင် မေးမြန်းနိုင်ပါတယ်။

**ကျောင်းသားတစ်ဦး** ဆရာကြီးရဲ့ ရှင်းလင်းချက်မှာ အပြင်းစား မူးယစ်ဆေးဝါးနဲ့ အပျော့စား မူးယစ်ဆေးဝါးလို့ ပါပါတယ် အဲဒီအပျော့စားမှာ ဆေးလိပ်၊ လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်ဆိုတာတွေ ပါပါတယ်၊ ဒါတွေက လူတွေနေ့စဉ်ထိတွေ့ စားသုံးနေတဲ့ ပစ္စည်းတွေလည်း ဖြစ်နေပါတယ်။ ဒါ ... ပ ရှောင်သင့်လား . . ရှောင်ဖို့လိုလား ဆရာကြီး။



**ဦးဘသောင်း** အမှန်တော့ မူးယစ်ဆေးဝါးဆိုရင် ရှောင်သင့်တာ အမှန်ပါ။

**ကျောင်းသူ** ကျွန်မတို့ မြန်မာ့ယဉ်ကျေးမှုမှာ ဧည့်သည်လာရင် ဧည့်ဝတ်ပျူငှာဧည့်ခံရတဲ့ ထုံးတမ်းတစ်ခုရှိပါတယ် ယဉ်ကျေးတဲ့လူမျိုးရဲ့ အလေ့အထတစ်ခုပေါ့။ အဲဒီလို ဧည့်ခံရာမှာ ကွမ်း၊ ဆေး၊ လက်ဖက်က အဓိကကျပါတယ်။ အခု ဆရာကြီးဟောပြောတဲ့အထဲမှာ မူးယစ်ဆေးဝါးအစ ဆေးလိပ်ကလို့ပါနေပါတယ် မသောက်သုံးသင့်မှန်းလည်း သိပါတယ်။ ဒါဆိုရင် အစဉ်အလာ ယဉ်ကျေးမှု ဖျက်မလား မူးယစ်ဆေးကို ရှောင်မလား ...။

**ကျောင်းသားတစ်ဦး** အမှန်ကတော့ မကောင်းမှန်းသိရင် အစဉ်အလာဆိုးကို ဖျက်သိမ်းသင့်တာ သဘာဝအကျဆုံးပါ။ ဆေးလိပ်ရဲ့ အန္တရာယ်သိပြီပဲ၊ဧည့်သည်ကို စေတနာနဲ့ ဧည့်ခံတယ်ဆိုပေမယ့် အဲဒီစေတနာက ဘယာဘက်ရောက်နေတော့ ဧည့်ဝတ်မပြုသင့်တာ အမှန်ပါ။

**လူငယ်တစ်ဦး** အစဉ်အလာတစ်ခုကို ချက်ချင်းပြုပြင်ပြောင်းလဲလို့က လွယ်တဲ့ကိစ္စမဟုတ်ဘူး၊ ဒါဆို ဆေးလိပ်သောက်သုံးခြင်းဟာ ရုတ်ခြည်းဖြတ်ဖို့ မလွယ်ပါဘူး။ ဆေးလိပ်ဖြတ်တဲ့ နည်းအကြံပေးနိုင်မလား ဆရာကြီး ခင်ဗျား။

**ဒေါက်တာဘသောင်း** အဆိပ်ကို အဆိပ်မှန်းမသိရင် လူတွေသုံးစွဲတာ

ပါ အဆိပ်ဖြစ်မှန်း လူကိုသေစေနိုင်မှန်းသိရင် ဖြတ် လို့မရစရာ အကြောင်းမရှိပါဘူး။ ဆိုပါတော့ ပုလင်း တစ်လုံးမှာ အဆိပ်ရည်ထည့်ထားတယ်။ ဒီပုလင်းမှာ ဘာထည့်ထားမှန်းမသိရင် ခပ်ရဲရဲကိုင်ဝံ့ ပါတယ်။ ပုလင်းပေါ်မှာ အဆိပ်လို့ ရေးထားရင် ဘယ် သူမှ မကိုင်ဝံ့တော့ဘူး။ တို့တောင်မတို့ဝံ့ပါဘူး။ နောက်ဥပမာ တစ်ခုမြင်လွယ်အောင်ပေးရရင် လျှပ် စစ်တိုင်တွေမှာ ဗို့အား ၁၀၀၀၊ သေနိုင်မည်လို့ ကပ် ထားတာမြင်ရင် အဲဒီနားလူတွေ မကပ်ဝံ့ပါဘူး။ ဆေး လိပ်လည်း အဆိပ်မှန်းမသိရင်သာဖြတ်ရခက် တာ . . . အဆိပ်လို့သိရင် ကိုင်ကြည့်ဝံ့တော့မှာ မဟုတ် ပါဘူး။

**လုံမငယ်တစ်ဦး** ဆရာတို့ ဒီနေ့ပြောတဲ့ရည်ရွယ်ချက်ကဘာလဲ။

**ဒေါက်တာတာသောင်း** ရှင်းပါတယ်ခင်ဗျာ . . . မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း သိစေချင်လို့ပါ။ ဗို့အားတစ်သောင်း လိုပဲ သေရုံမက ပြာဖြစ်သွားနိုင်တယ်လို့ အသိ ပေးချင်တာပါပဲ။

(လက်ခုပ်သံတဖြောင်းဖြောင်း မြည်တီးသွားချိန် မှာပင် မီးရောင်က တဖြည်းဖြည်းချင်း အမှောင်ကျ။ ကားလိပ်ချ။ တီးဝိုင်းမှ မူးယစ်ဆေးဝါးအန္တရာယ်တို့ ကာကွယ်ဟူသော တေးကို အတီးချည်းတီးခတ်၊ အခန်းပြောင်းစေ)

ဇာ ❖ ❖ ဇ

# ပြကွက် (၁၅)

**နေရာ** မြို့နယ်အားချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံး၊ အစည်းအဝေးခန်းမ။

**အချိန်** နံနက်ပိုင်း။

**အခင်းအကျင်း** ကခွင်အထက်ပိုင်းတွင် ရုံးပွဲစည်းပုံအတိုင်း တည် ဆောက်ထားသော အစည်းအဝေးခန်း သရုပ်ဖော် ပန်းချီကားချပ်ချထား။

ကခွင်အောက် အလယ်ကျကျတွင် စားပွဲကုလားထိုင် များခင်းကျင်းထား၊ နံရံတွင် နိုင်ငံတော်အကြီးအကဲ ပုံ၊ ကားချပ်ထားသည့် နိုင်ငံတော်အလံနှင့် မြို့နယ် တွင်း စီးပွားရေး၊ လူမှုရေး၊ အခြေပြဇယားကို ဖြတ် ပိုင်းပုံ ကခွင်၏အထက် ညာဘက်တွင် အရေးကြီး သော စာရွက်စာတမ်းများထည့်ထားသည့် မီးခံဗီရို တစ်လုံးချထား။ ယင်းအနီးရှိစားပွဲခုံတွင် စာရင်း ဇယားများ ထိန်းသိမ်းသည့် ကွန်ပျူတာတစ်လုံး တင်ထား။

**မီး** ကခွင်တစ်ခုလုံးအလင်းရောင်ရရန် မီးဖြင့်ဖျန်းထား။

**အသံ** ကခွင်အတွင်းရှိ ဇာတ်ရုပ်များ၏ ပြောစကားကြား

နိုင်စေရန် အသံဖမ်းစကားပြောခွက်များ တပ်ဆင်ထား။

**ဇာတ်ဝင်ပစ္စည်း** ခန်းမအတွင်း စားပွဲကုလားထိုင်များ ခင်းကျင်းထား။ ထိပ်ဆုံးစားပွဲ၌ တယ်လီဖုန်းနှင့် စာရွက်စာတမ်းများ။ ဖိုင်တွဲများ သပ်သပ်ရပ်ရပ်တင်ထား။ စားပွဲစွန်းတွင် ကြိုးဖုန်းတစ်လုံး အသင့်ရှိနေစေ။ အစည်းအဝေး တက်ရောက်သူများ ထည့်ခံရန် ဓာတ်ဘူး။ ဖန်ခွက်နှင့် တစ်ရှုးဘူးများ စနစ်တကျရှိနေစေ။

**အဝတ်အစား** (က) မြို့နယ်တပ်ဖွဲ့မှူးနှင့် ရဲအရာရှိများ၏ ဝတ်စုံပြည့်။
(ခ) မြို့မိမြို့ဖ လူကြီးများ၏ မြန်မာဆန်ဆန်ဝတ်စုံ။

**ဇာတ်ညွှန်း** အခန်းပြောင်းတီးလုံးဆုံးသည်နှင့် တီးဝိုင်းမှ "တိုင်းပြည်အတွက် တို့များတာဝန်" ဟူသော သီချင်းကို စန္ဒရားဖြင့် တိုးတိုးရှသာတီးပေး။ အစည်းအဝေးခန်းမ၏ထိပ်တွင် မြို့နယ်အေးချမ်းသာယာရေး ဥက္ကဋ္ဌ ဦးတင်ရီထိုင်နေပြီး အတွင်းရေးမှူးနှင့် အဖွဲ့ဝင်က ဘယ်ညာတစ်ဘက်စီထိုင်နေ။ အခြားကုလားထိုင်များတွင် ဖိတ်ကြားထားသည့် မြို့မိ မြို့ဖများ။ ဌာနဆိုင်ရာတာဝန်ရှိသူများ ဖွာခြွေသိက္ခာရှိရှိ ထိုင်နေစေ။ အစည်းအဝေးစခါနီးတွင် ရုံးအုပ်က စာရွက်စာတမ်းများ လာချပေးပြီး လူကြီးများ၏ နောက်တွင်ထိုင်ခုံတစ်လုံးနှင့် ထိုင်နေစေ။ မြို့နယ်အေးချမ်းသာယာရေး ဥက္ကဋ္ဌက အစည်းအဝေးတက်ရောက်သူများ စုံမစုံကြည့်။



ထို့နောက် လက်ကနာရီကို ငုံ့ကြည့်လျက် အစည်းအဝေးစတော့မည့်အကြောင်း အသိပေးလျက် ထိုင်ရာမှထရပ်။

**ဦးတင်ရီ** ဒီနေ့ဖိတ်ကြားရတဲ့ အကြောင်းရင်းကို သိတန်သလောက်လဲ သိပြီးကြပါပြီ။ ဖောဒီပညာရေးဌာနအရာထမ်း (အငြိမ်းစား) ဦးဘစိန် (တစ်ခုံကျော်မှ ဦးဘစိန်ကိုညွှန်ပြပြီးပြော) နဲ့ ဘဏ်အရာရှိ ဦးသက်ဦးတို့ရဲ့ အကြံပေးချက်အရ လူငယ်များ တရိတ္တာမကျိုင် ကြံခိုင်ရေး၊ ကျန်းမာရေးကြံ့ခိုင်ရေး၊ အသိပညာမှန်ကန်ရေးအတွက် မြူစုမျိုးထောင်ရေး စီမံကိန်းဆောင်ရွက်ဖို့ ညှိနှိုင်းအစည်းအဝေးပဲ ဖြစ်ပါတယ်။ ဒီလူငယ်ဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်ကလည်း နည်းမျိုးစုံ ဘက်ပေါင်းစုံက ချမှတ်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့မြို့နယ်အနေနဲ့လည်း တစ်ပိုင်တစ်နိုင် ဆောင်ရွက်သင့်တယ်လို့ ယူဆပါတယ်။ ဒီလိုဆောင်ရွက်ရတာ အကြောင်းရှိပါတယ်။ လက်ရှိကျွန်တော်တို့ ကောက်ယူထားတဲ့ စစ်တမ်းအရမြို့နယ်အတွင်းမှာ မူးယစ်ဆေးဝါးသုံးစွဲသူ လူငယ်တာထောင်ဂဏန်းနီးပါးရှိပါတယ်။

**ဇာတ်ညွှန်း** (ဥက္ကဋ္ဌမှ ရုံးအုပ်ဘက်သို့ လှည့်ကြည့်ပြီး လက်ကမ်းလိုက်ရာ ရုံးအုပ်မှ အသင့်ကိုင်ထားသည့် ဖိုင်တွဲ လှမ်းပေး။ ဖိုင်တွဲကို စားပွဲပေါ်ချပြီး၊ အိတ်ထဲမှ မျက်မှန်ထုတ်ယူ၊ တပ်ဆင်ပြီး စာရွက်ဖတ်တန်ပြ)

ဟုတ်ကဲ့ စာရင်းဇယားအရ လူငယ် (၉၂၅) ယောက်ဟာ မူးယစ်ဆေးနဲ့ စိတ်ကြွဆေးသုံးစွဲတယ်လို့ သိရပါတယ်။ ဒါက ရပ်ကျေးနဲ့ မြို့နယ်ကျန်းမာရေးဌာန ညှိနှိုင်းကောက်ယူထားတဲ့ ကိန်းဂဏန်းပါ။ ဒီအထဲမှာ ဆေးစွဲသူ လူကြီးစာရင်းမပါဘူး။ တိတ်တိတ်ပုန်းသုံးစွဲသူ စာရင်းမပါဘူး။ အမှန်က ဒီကောက်ခံထားတဲ့ စာရင်းထက် သုံးလေးဆမကလည်း ရှိနိုင်တယ်။ ဆယ်ဆ၊ အဆနှစ်ဆယ်လည်း ရှိနိုင်ပါတယ်။ (ဥက္ကဋ္ဌက သူ့စကားအပေါ် အဘယ်မျှအလေးအနက်ထားနားထောင်မှုရှိသည်ကို စူးစမ်းဟန်ဖြင့် ကြည့်။ အစည်းအဝေး တက်ရောက်သူများက ငြိမ်လျက်နားစိုက်နေမှ စကားဆက်) ဟုတ်ကဲ့၊ ဒီမူးယစ်ဆေးကြောင့်ရရှိတဲ့ နောက်ဆက်တွဲရောဂါခံစားရသူကတော့ ပြောရင်မယုံနိုင်အောင်ကြောက်စရာကောင်း ရှိပါတယ်။ ကျန်းမာရေးဌာနရဲ့ စာရင်းဇယား HIV နဲ့ AIDS ရောဂါစွဲကပ်နေသူ (၄၇၂) ယောက်ရှိပါတယ်၊ ဒါကလည်း စာရင်းအရပြောနိုင်တာပါ။ တကယ်ရောဂါခံစားနေရသူက ဒီထက်မက ရှိပါတယ်၊ ကျွန်တော်တို့ မြန်မာတွေဟာ အရှက်အကြောက်ကြီးကြတယ်။ လူမှုရေးနယ်ပယ်က လက်မခံဘဲ ကျိတ်ကုကြတယ်၊ အဲလိုကျိတ်မှိတ်ခံစားနေတဲ့ ရောဂါသည်က လက်ရှိကိန်းဂဏန်းထက် (၁၀) ဆမက များပြားပါတယ်၊ လိုရင်း



ကို ပြောရရင် လက်ရှိအခြေအနေဟာ ကျွန်တော်တို့ တစ်မျိုးသားလုံးကို ခြိမ်းခြောက်နေတဲ့ အန္တရာယ်ပါ။ ဒီအန္တရာယ်ကို မပယ်ရှားရင်၊ ဒါမှမဟုတ် လူသားအရင်းအမြစ်ကို ဖော်ထုတ်အသုံးချနေတဲ့ ခုလိုအချိန်အခါမှာ ဒါကိုမတားဆီးနိုင်ရင် ကျွန်တော်တို့ရှေးရှုနေတဲ့ ပန်းတိုင်ဟာ ဝေးသထက် ဝေးသွားမယ်၊ အချိန်ကြာသထက် ပိုကြာသွားမယ်၊ ဒီတော့အန္တရာယ်ကို တားဆီးဖို့ နည်းလမ်းပြအကြံပေးလာပါတယ်၊ အန်ကယ် ဦးဘစိန်နဲ့ ဦးသက်ဦးရေးဆွဲတင်ပြတဲ့ အကြံဉာဏ်က မြို့နယ်အနေနဲ့ လုပ်သင့်တယ်လို့ ယူဆလို့ ဒီအစည်းအဝေးခေါ်တာပါ။ ကျွန်တော်ကတော့ ပဏာမအနေနဲ့ ဒီလောက်ပဲပြောပြီး၊ အကြံပြုချက်အပိုင်းကို အန်ကယ်ဦးဘစိန်က ဆက်ဆွေးနွေးပါလိမ့်မယ်။ အန်ကယ် . . . ရှင်းပြပေးပါဦး

ဇာတ်ညွှန်း (ဥက္ကဋ္ဌပြောပြီး ထိုင်လိုက်စဉ် ရုံးဝန်ထမ်းများက ဧည့်သည်များအတွက် လက်ဖက်ရည်ပွဲများလာချ ဥက္ကဋ္ဌသောက်ရင်းစားရင်းအကြံပေးချက်ကို နားထောင်ကြရန်၊ မိမိနားလည်သမျှလည်း ဝင်ရောက်အကြံပေးရန် တိုက်တွန်းပြောကြား။ ထိုအချိန် ဦးဘစိန်စာရွက်ကိုင်လျက်ထရပ်လိုက်)

ဦးဘစိန် ကျွန်တော့်ကိုယ်တော့ ပညာရေးဝန်ထမ်းမှန်းသိသူလည်း ရှိကြပါတယ်၊ မသိသေးသူများလည်း ဒီနေရာ

က မိတ်ဆက်ပါတယ်။ (ပြုံးလျက် အားလုံးကို ဦးညွတ်နှုတ်ဆက်) ဟုတ်ကဲ့၊ ယနေ့ နိုင်ငံတော်မှာ ဖြစ်ပျက်နေတဲ့ အနေအထားကို ဥက္ကဋ္ဌက ရှင်းပြပြီး ပါပြီ။ ဒါပေမဲ့ ဥက္ကဋ္ဌက အပေါ်ယံရှင်းသွားတော့ ထိပ်လန့်စရာမကောင်းသလို ဖြစ်နေ တယ်၊ ယနေ့ ကမ္ဘာပေါ်မှာ ကျရောက်နေတဲ့ ခုခံအားကျဆင်းမှု ရောဂါမှာ လူတွေကို ဘယ်လောက် သတ်ပစ်လိုက်လဲဆိုရင် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးတဲ့ လူ အင်အားထက်ပိုနေပါပြီ။ အာဖရိကတိုက် မှာဆိုရင် တိုင်းပြည်တွေမှာ ဖုန်းဆိုးမြေတွေဖြစ်၊ သစ်ပင် ချုံပုတ်တွေပေါက်ပြီး စိုက်ပျိုးမြေတွေ ပျက်စီးကုန်ပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ အလုပ်လုပ်နိုင်တဲ့ လူငယ်တွေသေကုန်လို့ပါ။ အဲဒီဒေသမှာ အရွယ်မရောက်သေးတဲ့ ကလေးတွေနဲ့ အရွယ်လွန် အဘိုးအဘွားများသာ ကျန်ရစ်ခဲ့ပါတယ်၊ အလုပ်လုပ်မယ့်လူမရှိတော့စိုက်ပျိုးမြေတွေက ပျက်စီးကုန်ပါတယ်၊ ဒါကိုမျက်စိနဲ့ တပ်အပ်သေချာ မမြင်ရတော့ မထိပ်လန့်သေးဘူး။ တို့ဆီမှာ ဖြစ်တာမှ မဟုတ်ဘဲလို့ ခပ်ပြုံးပြုံးနဲ့ ပြောစရာရှိပါတယ်၊ ဒါပေမဲ့ အဲဒီအခြေအနေ ဒီမှာစနေပြီ၊ ကျရောက် နေပြီလို့ ပြောနိုင်ပါတယ်၊ သုတေသီပညာရှင်တွေ ရဲ့ ခန့်မှန်းချက်အရ (၂၀၁၅) ခုနှစ်မတိုင်မီ ဒီပြဿနာကိုနိုင်အောင် မကိုင်တွယ်နိုင်ရင် အဲဒီအချိန်မှာ မြန်မာပြည် အပါ



အဝင် အရှေ့တောင်အာရှနိုင်ငံတွေဟာ အာဖရိကလို အခြေဆိုက်သွားပါမယ်တဲ့၊ (ဦးဘစိန်က စကားရပ်ပြီး အကဲခတ်တန်ကြည့်) ဟုတ်ကဲ့ ဒီအခြေအနေဆိုက်ဖို့ အစပျိုးချိန်မှာပင် ကျွန်တော်တို့လူငယ်တွေ ဘယ်နှစ်ယောက်ဒုက္ခဖြစ်နေပြီဆိုတာ ဥက္ကဋ္ဌကြီး ပြောသွားပါတယ်၊ ကိုင်း . . . ကျွန်တော်တို့ ဘာလုပ် ကြမလဲ။
(ဦးဘစိန်က မေးခွန်းထုတ်လိုက်သဖြင့် ငြိမ်နားထောင်သူ ခေါင်းထောင်ကြည့်) ကျွန်တော်တို့လိုသိတဲ့လူတွေက ဒီကိစ္စကို ဥပေက္ခာမပြုသင့်ဘူး။ တာဝန်မဲ့ မနေသင့်ဘူး၊ အဲလို လျစ်လျူရှုနေရင် ကိုယ့်သားသမီးတွေ သေလမ်းပို့သလို ဖြစ်မယ်၊ ဒါကြောင့် လုပ်သင့်တာလုပ်ကြစို့ဆိုပြီး ကျုပ်မိတ်ဆွေ ဦးသက်ဦးနဲ့ တိုင်ပင်၊ နှစ်ယောက်တည်းနည်းလမ်းရှာ၊ လုပ်သင့်တာကိုလုပ်ဖို့ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းကို တင်ပြခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့တင်ပြချက်ကို ဦးသက်ဦးက ဆက်ဆွေးနွေးပါလိမ့်မယ်။

ဇာတ်ညွှန်း (ထိုအချိန် တယ်လီဖုန်းမြည်လာ . . . ဥက္ကဋ္ဌက ကောက်ကိုင်ပြီး ဖြေကြား။ တယ်လီဖုန်းပြောနေသဖြင့် ဦးသက်ဦးက စောင့်ဆိုင်းနေ။ ဖုန်းပြန်ချမှ စကားစ။)

ဦးသက်ဦး ကျွန်တော်တို့ရဲ့ အကြံပြုချက်ကို (၂) ပိုင်းခွဲ တင်ပြ

ထားပါတယ်၊ ပထမပိုင်းက ရေတိုစီမံချက်ပါ။ အဲဒီ အထဲမှာ လူငယ်တွေရဲ့ လမ်းလွဲနေမှုကို ထိန်းကြောင်း တည့်မတ်ပေးဖို့ပါ။ ဒီကိစ္စက စိတ်ဓာတ်ရေးနဲ့လည်း ဆိုင်ပါတယ်။ လူငယ်တွေဟာ အကောင်းအဆိုး မခွဲ ခြားတတ်တော့ လူကြီးက ခွဲခြားပေးရပါမယ်။ ဒါ မလုပ်နဲ့ ဒါလုပ်လို့ ဆုံးမတာထက် လုပ်သင့်တာတွေ ရှေ့ကဦးဆောင်လုပ်ပြ၊ စိတ်ဝင်စားလာအောင် စည်းရုံး။ ဒီနည်းနဲ့ တည်ဆောက်ရပါမယ်။ ဒီနေရာ မှာ လူငယ်တွေဟာ အပျော်အပါးမက်တယ်။ ကစား ခုန်စားဝါသနာပါတယ်။ ဒါက စဉ်ဆက်မပြတ်လုပ် ပေးရပါမယ်။ ဥပမာ မိုးတွင်းဆိုရင် ဘောလုံးပွဲတွေ၊ ဆောင်းရာသီဆိုရင် ကြက်တောင်၊ ဘောလီဘော၊ ပြေးခုန်ပစ် စတဲ့ပွဲတွေ စဉ်ဆက်မပြတ် လုပ်ပေးရ ပါမယ်။ ကျောင်းပြိုင်ပွဲ၊ ရပ်ကွက်ပြိုင်ပွဲ၊ မြို့နယ်ပြိုင်ပွဲ အဆင့်ဆင့်ကျင်းပရင်း ကလေးတွေ အားကစား ဘက်စိတ်ရောက်လာပါလိမ့်မယ်။ ကိုင်း၊ ဒီအချက်ကို ဆွေးနွေးကြပါဦး။

**ဦးစိန်မောင်** အန်ကယ်တင်ပြချက်က ကောင်းပါတယ်။ အမှန် တော့ နိုင်ငံတော်ကလည်း ဒါတွေချမှတ်ထားတာပဲ။ ဒါပေမဲ့ အောက်ခြေက မလုပ်တော့ ပွဲကပျက် သလို ဖြစ်နေတယ်။ အားကစားလုပ်ရင် ထူးချွန်တာ မထူးချွန်တာ အပထား . . . ကျန်းမာရေးတော့ ကောင်းလာမှာအမှန်ပါ။ ပွင့်ပွင့်လင်းလင်းပြောရင်



ဟိုတုန်းက လူထုအားကစားဆိုပြီး ဒီဇင်ဘာလှုပ်ရှား မှုတောင် ပျောက်သလောက်ဖြစ်နေပါပြီ။

**ဦးတင်ရီ** ဟုတ်ပါတယ်။ ချပြန်အကောင်အထည်ဖော်ဖို့ ဆွေးနွေး တာပါ။

**ဦးသက်ဦး** ဒါဆိုအားကစားနဲ့ ဆွဲဆောင်စည်းရုံးဖို့ဆိုတဲ့အချက် ကို ယာယီလက်ခံတယ်ပေါ့။

**အားလုံး** လက်ခံပါတယ် . . . ကောင်းတဲ့အလုပ်ပဲ။

**ဦးသက်ဦး** ဒါဆို အဲဒီအတွက် ကော်မတီတစ်ရပ်ဖွဲ့ရမယ်။ လက်တွေ့အကောင်အထည်ဖော်ဖို့ စီမံချက်ကိုတော့ မြို့နယ်အားကစားမှူးက အသေးစိတ်ရေးဆွဲတင်ပြ ဖို့ လိုပါတယ်။ နိုင်ငံတော်ရဲ့ အားကစားပြက္ခဒိန်နဲ့ အညီ ကျုပ်တို့လုပ်နိုင်တဲ့ အတိုင်းအတာနဲ့ ရေးဆွဲ ရပါမယ်။ ဒီကော်မတီမှာတော့ အားကစားမှူးက အတွင်းရေးမှူးတာဝန်ယူမှ ဖြစ်ပါမယ်။

**ဦးတင်ရီ** ဒီလိုလုပ်ပါ။ မြို့နယ်အတွင်းရေးမှူးက ဥက္ကဋ္ဌ၊ အားကစားမှူး၊ ကျန်တဲ့အဖွဲ့ဝင်ကတော့ ပါသင့်တဲ့ ပုဂ္ဂိုလ် (၁၀) ယောက်လောက် ထည့်ဖွဲ့ဗျာ။ အဲဒီ ကော်မတီနဲ့ စီမံချက်ကို မြို့နယ်တင်ပြ။

**ဦးစိန်မောင်** ဟုတ်ကဲ့။ လုပ်ပေးရမယ်။ စာပေအသင်းတွေ ထူ ထောင်ရမယ်။ ရပ်ကွက်တိုင်းစာကြည့်တိုက်ဖြစ်လာ အောင် ထူထောင်ရမယ်။ အဲဒီစာပေယဉ်ကျေးမှု အဖွဲ့က စာဖတ်ချင်စိတ်ဖြစ်အောင် ပြိုင်ပွဲတွေလုပ် ရမယ်။

**ဥက္ကဋ္ဌ** ဒါလည်းကောင်းတာပဲ။ အဲ. . . မြို့နယ်စာပေစာနယ်ဇင်း ဥက္ကဋ္ဌတက်သလား . . . ဦးပိုင်တက်လား . . ။

**ဦးပိုင်** ရှိပါတယ် ဥက္ကဋ္ဌ။

**ဦးတင်ရီ** လုပ်ပါဦး မြို့နယ်စာပေစာနယ်ဇင်းအဖွဲ့အနေနဲ့ ဘာလုပ်ပေးနိုင်မလဲ။

**ဦးပိုင်** အင်း . . . ဒီကိစ္စက စောစောကပြောသလို ရေတို ရေရှည်လုပ်ရမယ့်ကိစ္စပါ။ ခက်တာက ဒီနေ့ လူကြီး လူငယ်တွေက စာဖတ်ဖို့ ဝန်လေးနေကြပြီ။ ဖတ် တော့ ကာတွန်းစာအုပ်။ ရုပ်ပြစာအုပ်။ ရုပ်ပြစာအုပ်ဆို သွားမရှိတော့တဲ့ အဘွားကြီးတွေကအစ မျက်မှန်တပ်ဖတ်ကြတယ်။ အဲ အကျိုးရှိတဲ့ စာကျတော့ ကောက်တောင် မကိုင်ကြဘူး (ရယ်မောသံများထွက်လာ)

**ဦးဘစိန်** စာပေအဆင့်အတန်းများကျဆင်းသွားလို့လား။

**ဦးပိုင်** အင်း။ ဒီလိုတော့ မဟုတ်တန်ရာဘူးခင်ဗျာ။ လူတွေက လူမှုကိစ္စနဲ့ မွန်းကျပ်နေတော့ ဦးနှောက်အလုပ်ပေးရမဲ့စာ မဖတ်ချင်တော့ဘူး။ ဟုတ်ဟုတ် မဟုတ်ဟုတ် တအင်ပျော်ရင်တော်ပြီဆိုပြီး ဖတ်တာပါ။ ထားပါလေ. . . ကျွန်တော်တို့ အပိုင်းက ပေးသင့်တာ လုပ်နိုင်တာတွေ ဝိုင်းကူလုပ်ပါမယ်။ ကျောင်းတွေ ရပ်ကွက်တွေမှာ ဟောပြောပွဲဖြစ်အောင်လုပ်ပေးမယ်။ စာဖတ်ခန်းတွေဖြစ်လာအောင် ကူညီမယ်။ ပြီးတော့ ကျောင်းတွေမှာ ကျပန်းစကား ပြောပွဲ၊ စကားရည်လုပွဲတွေ လုပ်ပေးမယ်။ စာပေပြိုင်ပွဲလေးတွေ လုပ်ပေးမယ်။ အဲဒါတွေ စဉ်ဆက်မပြတ် လုပ်ပေးရင် စာပေဘက် တိမ်းညွတ်လာမှာပဲ။ အဲဒီအချိန်မှာ သူတို့ ဖတ်ချင်တဲ့ စာအုပ်၊ ဖတ်သင့်တဲ့စာအုပ်တွေ အဆင်သင့်ရှိဖို့ပဲ လိုပါတယ်။

**ဦးတင်ရီ** ဒါကတော့ လုပ်ပေးရမှာပေါ့။

**ဦးသတ်ဦး** နောက်တစ်ချက်က မှန်ကန်တဲ့လမ်းကြောင်းပေါ် ရောက်အောင် တွန်းပို့တဲ့နည်းပါ။ ကနေ့လူငယ်တွေဟာ အကောင်းအဆိုးမသိကြဘူး။ ဒါကလည်း လမ်းညွှန်မှုမရှိလို့ပါ။ ကျွန်တော်တို့ငယ်ငယ်က ကင်းထောက်လူငယ်အဖွဲ့ဆိုတာရှိတယ်။ လူမှုဝန်ထမ်းလုပ်ငန်းတွေလုပ်တာပေါ့။ လူငယ်တွေဟာ ယူနီဖောင်းနေ့စ်တာကျဝတ်ပြီး၊ စုပေါင်းလုပ်ရတာ ဂုဏ်ယူတယ်၊ ပျော်တယ်။ တစ်ခေတ်တုန်းကလည်း လမ်းစဉ်လူငယ်၊ ရှေ့ဆောင်လူငယ်ဆိုပြီး ဖွဲ့ပေးတယ်။ ခုခေတ်ကျ တော့ ကြက်ခြေနီတစ်ဖွဲ့ကလွဲပြီး တခြားအဖွဲ့မရှိ သလောက်ပဲ။ အဲဒီလူငယ်အဖွဲ့ ပြန်ဖွဲ့ပြီး မှန်ကန်တဲ့လမ်းကြောင်းဘက်ပို့ပေးရင် ဆိုးနေတဲ့ လူငယ်တွေ၊ လမ်းလွဲရောက်နေတဲ့ လူငယ်တွေ ဒီဘက် ရောက်လာပါလိမ့်မယ်။ ဒီကိစ္စက ကျယ်ပြန့်တယ်။ နက်ရှိုင်းတယ်။ ဒါကြောင့် ရေရှည်အကောင်အထည်ဖော်ရမှာပါ။

**ဦးတင်ရီ** ကောင်းပါတယ်။ ဒီအစီအစဉ်က လုပ်သင့်ပါတယ်။ တခြားနည်းလမ်းတွေရှိရင်လည်း တင်ပြကြပါဦး . . .။

**တတ်ညွှန်း** (အစည်းအဝေးတက်ရောက်နေသူများက တစ်ဦးပြီးတစ်ဦးတင်ပြ၊ ပုံရိပ်သာ မြင်နေရပြီး အသံမထွက်စေရ တစ်ဦးပြီးတစ်ဦး ဆွေးနွေး အကြံပေးခြင်းခန့်ကြာတန်ကို ပြသစဉ် တီးဝိုင်းမှ "တိုင်းပြည်အတွက် တို့များတာဝန်" သီချင်းကို တီးလုံးဖြင့်ပံ့ပိုးပေး။ နောက်ဆုံးဥက္ကဋ္ဌက စကားပြောပြီးတက်ရောက်သူများက လက်ခုပ်တီးစဉ် ပြည်ဖုံးကန့်လန့်ကာ တဖြည်းဖြည်းကျ။ တီးဝိုင်းမှသီချင်းသံကို တူရိယာအစုံဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်တီးပြီး အခန်းပြောင်းစေ)

ဆ ❖ ❖ ဇ

## ပြကွက် (၁၆)

**နေရာ** မြို့ပတ်လမ်းတစ်နေရာ။

**အချိန်** နံနက်အရုဏ်တက်ချိန်။

**အခင်းအကျင်း** မြို့ပတ်လမ်းနှင့် မြို့ပြ၏ ပုံရိပ်ပေါ်လွင်စေသော ပန်းချီရေးချယ်ကားချပ်ကို ကွင်း၏ အထက်ပိုင်းတွင် နောက်ခံကားအဖြစ်ချထား။

**မီး** ကွင်းတစ်ခုလုံးသည် နံနက်အရုဏ်တက်ချိန်နှင့် လျော်ညီစွာ မှုန်ရီဝိုးတဝါး၊ အလင်းဖြင့်သော ဖျန်းပေးထား။ နောက်ခံကားချပ် အလှနှင့်ပသာဒ ပေါ်လွင်အောင် အောက်မှ မီးပင့်ထိုးပေးထား။

**အသံ** ကွင်းရှိ ဇာတ်ရုပ်များ ပြောစကားကို ပြတ်သားစွာ ကြားနိုင်အောင် အသံဖမ်းစကားပြောခွက်များတပ်ဆင်ထား။

**ဇာတ်ဝင်ပစ္စည်း** မြို့ပတ်လမ်းဘေးဝဲယာရှိ အဆောက်အဦများအားထိုးကားဖြင့် စိုက်ထူထား။ အားကစားပစ္စည်းကရိယာ။

**အဝတ်အစား** လူကြီးလူငယ်များ၏ အားကစားဝတ်စုံ။

**ဇာတ်ညွှန်း** အခန်းပြောင်းတီးလုံး ဆုံးသည်နှင့် တီးဝိုင်းမှ "မြန်မာအားကစား ကမ္ဘာကိုလွှမ်းရမည်" ဟူသော တေးသီချင်း တီးခတ်ပေး။ သီးချင်းနှင့်အတူ အားကာယမှူး ဦးဆောင်လျက် ဦးဘစိန်၊ ဦးသက်ဦးနှင့် ဖြိုးဖြိုး လူကြီးများ အားကစားဝတ်စုံဝတ် လျက် ခပ်ဖြည်းဖြည်းပြေးလာ..... ကခွင်အောက်ဘက် ပုဏ္ဏားကွယ်နောက်မှ ထွက်လာပြီး၊ အောက်ခွင် အလယ်ရောက်သည်နှင့် ပရိသတ်မျက်နှာမူပြီး ကိုယ်လက်လှုပ်ရှားမှုကို ညီညီညာညာလုပ်။ ကခွင် ဖျာဘက်မှ အနွေးထည်အထပ်ထပ် ဝတ်ထား သည့် အမျိုးသမီးနှစ်ယောက် ထွက်လာ.... ကိုယ်လက်လှုပ်ရှားနေသော လူကြီးများကြည့် လျက် အချင်းချင်းလက်တို့ပြောလျက် မျက်နှာ ရှုံ့ပြီးရယ်... ထို့နောက်ဆက်လျှောက်ပြီးဝင်သွား. .. လူငယ် လေးငါးယောက်က အဆိုပါ ပုဂ္ဂိုလ်ကြီး များကိုကြည့်လျက် အံ့အားသင့်သည့် အမူအရာဖြင့် လက်ပိုက် ကြည့်နေ....။ အားကာယမှူးက လူကြီးများ ကို ကိုယ်ကာယ လေ့ကျင့်သည့်အနေဖြင့် ခေါင်း၊ ခါး၊ ခြေ၊ လက်တစ်ဆင့်ပြီး တစ်ဆင့်လှုပ်ရှားပြ သည်။ လူကြီးများက စိတ်ဝင်တစားလုပ်သည်ကို သဘောကျပြီး လူငယ်များရယ်မော ပျော်ရွှင် နေ . . .။



ကခွင်အထက်ပိုင်းမှ စက်ဘီးစီးလာသည့် လူငယ် နှစ်ယောက်က စက်ဘီးရပ်၊ ခြေထောက်ထောက် ထားပြီး အတန်ကြာရပ်ကြည့်နေ. . .။

**ဦးစိန်မောင်** အခုအကြောလျှော့ လေ့ကျင့်မှုစတင်ပါမယ်။ ဦးဆုံး ခေါင်းလေ့ကျင့်ခန်းပေါ့။ လူကြီးမင်းတို့က ဟောဒီ လိုခြေထောက်ခွဲရပ်၊ လက်နှစ်ဖက်က ခါးကို ထောက်ထား။ မျက်နှာက ရှေ့တည့်တည့်ကြည့်။ အဲဒီအနေအထားကနေ ခေါင်းကိုရွှေ့ပြီး ဘယ် ဘက်ဆုံးသည်အထိလှည့်။ လှည့်လို့ရသည့်အထိ လှည့်ပါ။ ဖြည်းဖြည်းချင်းလှည့်ဖို့တော့ လိုတယ်။ ဆက်ခနဲလှည့်လိုက်ရင် အကြောလွဲသွားနိုင်ပါတယ်။ ကြံကြိတ်ဆုံကို နွားနဲ့ဆွဲသလို ဖြည်းဖြည်း . . ဖြည်း ဖြည်းချင်း အခုလိုလှည့်ပါ။ ဟုတ်ပြီနော် . . . ကိုင်း စလှည့် ကြည့်ရအောင် . . . (အားကစားမှူး ညွှန် ပြသည့်အတိုင်း လူကြီးများက စိတ်ဝင်တစားလုပ်။ ထိုသို့ လှုပ်ရှားသည်ကို စောင့်ကြည့်နေသော လူငယ် များကပါ လိုက်လုပ်ပြီး၊ သဘောကျတန်ဖြင့်ရယ်) ဟုတ်ပြီ အခုလို ဘယ်တစ်ဆုံးလှည့်ပြီးရင် မူလ နေရာ ပြန်ရောက်အောင် ခေါင်းကိုပြန်ရွှေ့၊ ဟုတ်ပြီ မူလနေရာရောက်တော့ ညာဘက်ကို စောစောက အတိုင်း လှည့်ပါ။ မူလနေရာပြန်ရွှေ့။ အိုကေ . . ခေါင်းလေ့ကျင့်ခန်းက ဒါပါပဲ။ အခုပြန်လှည့်ကြည့် မယ်။ လှည့်ရင် နှုတ်က အသံထွက်ပါ။ ဘယ်ဘက်

လှည့်ရင် နှုတ်က ဘယ် . . လို့လိုက်ဆို၊ ဟုတ်ပြီ၊ ပြန်လှည့်မယ်၊ ညာဘက်ပြန်လှည့်မယ်၊ နှုတ်က ညာ . . လို့ လိုက်ဆို။

(အားကစားမှူးပြသည့်အတိုင်း လူကြီးများက စိတ်ဝင်တစားလိုက်လုပ်)

**အားကာမှူး** နောက်တစ်ဆင့် ခေါင်းကို ရှေ့နောက်ရမ်းမှာပါ။ ဦးစွာ ခေါင်းစိုက်ချ။ ပြန်တင်၊ နောက်လှန်၊ ဒီပါပဲ ဒါပြီးရင် ပခုံးလေ့ကျင့်ထောက်ထားတဲ့ အနေအထားက ပခုံးသားကို ရှေ့ဘက်သို့လှည့်ပတ်။ တစ်ခါ နောက်ဘက်လှည့်ပတ်၊ ဒီလေ့ကျင့်ခန်းကတော့ ပခုံးကြောတွေဖြေတာပါ . . . ကဲလုပ်ကြည့်ရအောင် (အားကစားမှူးက ရှေ့ကလုပ်ပြရာ၊ လူကြီးများက လိုက်လုပ်၊ လူကြီးများက လုပ်နေသည်ကို ရပ်ကြည့်နေသော ကလေးများက လိုက်လုပ်ရင်း သဘောကျနေ)

**အားကာမှူး** နောက်လေ့ကျင့်ခန်းက ခါးလေ့ကျင့်ခန်း၊ လူကြီးမင်းတို့ရဲ့ ခြေထောက်တွေ သတိအနေအထားနဲ့ ရပ်လိုက်ပါ။ ခါးကိုထောက်ထား။ ကောင်းပြီ၊ အောက်ပိုင်းက မလှုပ်မရှားရပ်နေပြီး အပေါ်ပိုင်းသာ ဘယ်ညာဝှေ့ဝိုက်လှုပ်ရှားပါ။ ခါးကြောတွေ ဖြေတာပါ၊ ကိုင်းစရအောင် . . . (အားကာမှူးက ရှေ့က လှုပ်ရှားပြသည့်အတိုင်း လူကြီးများက လိုက်လုပ်) ကောင်းပြီ အခုခြေထောက်ပိုင်း လေ့ကျင့်ခန်းစပါ



မယ်၊ စုံရပ်ထားတဲ့ ခြေထောက်ကို ဖနောက်မတင်လိုက်ပါ။ ခြေဖျားနဲ့ ထောက်ထား။ ဟုတ်ပြီ။ အဲဒီ မတင်တဲ့ ဖနောက်ကို ဖြည်းဖြည်းချင်း ပြန်ချပါမယ်၊ ကျွန်တော်က တင် . . . လို့ အော်ပေးမယ်၊ လူကြီးများက လိုက်တင်ပေးမယ်၊ ကိုင်းစပြီ . . . တင်။

(လူကြီးများနှင့် လူငယ်လေးတစ်စုက လိုက်လုပ်ပြီး သဘောကျနေ။ လှုပ်ရှားမှုအားလုံးကို သူတို့ပါ လိုက်လုပ်)

**အားကာမှူး** ကိုင်း၊ အခုအခြားနည်းတစ်ခုပြောင်းမယ်၊ ခြေထောက်နှစ်ချောင်းပူးပြီး ရပ်ထားမယ်၊ ပထမ ဘယ်ဘက်ခြေထောက်ကို မြှောက်ပြီးဆန့်ထားနိုင်သမျှ ကားတင်ပါမယ်၊ ညာဘက်ခြေထောက်နဲ့ ခြေဖျားက ထောက်ထားပါမယ်၊ ခန္ဓာကိုယ်က အဲဒီညာခြေဖဝါး ပေါ်မှာပဲ တည်ထားပါမယ်၊ ပြီးရင် ခြေထောက်ပြောင်းမယ်၊ ဘယ်ခြေပေါ် ခန္ဓာကိုယ်တည်ထားပြီး ညာခြေထောက်ကို ကားတင်လိုက်ပါမယ်၊ ကိုင်း ကျွန်တော် နမူနာပြမယ်၊ ဘယ်ခြေကို အခုလို မြှောက်ရင် ပါးစပ်က ဘယ် . . ဘယ်လို့အော်မယ်၊ နှစ်ကြိမ်လုပ်ပြီးတာနဲ့ ညာခြေထောက်ပြောင်းမယ်၊ ပါးစပ်က ညာ . . ညာလို့ အော်မယ်၊ အခုလိုပါ ဘယ် . . ဘယ်၊ ညာ . . . ညာ

(လူကြီးများက တကယ့်ပီဘိကလေးများနှယ် ဘယ် . . ဘယ်၊ ညာ . . ညာဟုအော်ပြီး ကိုယ်ခန္ဓာများကို

ရှုရှုလေးလှုပ်ရှားနေ။ လူငယ်များသဘောကျစွာဖြင့် ပူးပေါင်းလှုပ်ရှား)

**ဦးစိန်မောင်** ကောင်းပါပြီ အခုနောက်တစ်ဆင့် လှုပ်ရှားမှုတက်ပါမယ်၊ လူကြီးမင်းတို့ရဲ့ ခြေထောက်နှစ်ချောင်းကို စုပြီး ရပ်ထားပါမယ်၊ လက်နှစ်ချောင်းက ခါးမှာ ထောက်ထားပါ။ ရင်ကိုဖွင့်ထားမယ်၊ ခေါင်းကိုရှေ့တည့်တည့်ကြည့်ထားမယ်၊ ဟုတ်ပြီ . . . အဲဒီအနေအထား ရပ်နေပြီးတော့ ဦးစွာလုပ်ရမှာက ခြေဖျား ထောက်လိုက်ပါ။ ဟုတ်ပြီ . . . အဲဒီခြေဖျားထောက်တဲ့အနေအထားအတိုင်း ကိုယ်ဟန်ထိန်းပြီး ဖြည်းဖြည်းချင်း ထိုင်ချလိုက်ပါ။ တစ်ခါ ထိုင်ရာက ပြန်ထမယ်၊ မတ်မတ်ရပ်ပြီးရင် စောစောက ထောက်ထားတဲ့ ခြေဖဝါးပြန်ချလိုက်မယ်။ ဦးဆုံး ကျွန်တော်လုပ်ပြပါမယ်။ (အားကာမှူးက လေ့ကျင့်ခန်းကို အမှတ်စဉ်ခေါ်လျက် တစ်ဆင့်ချင်းတစ်ဆင့်ချင်း လုပ်ပြ။ နောက်နောင် လေ့ကျင့်စရာ လမ်းသွားလမ်းလာများက လူကြီးများ လှုပ်ရှားနေပုံကြည့်လိုက်သဘောကျပြီး ပြုံးကြည့်နေ)

**ဦးစိန်မောင်** ကိုင်း . . . အခုလုပ်ခဲ့တဲ့ လေ့ကျင့်ခန်းကို အစကနေ အဆုံးအထိ ပြန်လေ့ကျင့်ပါမယ်၊ ဦးဆုံးခေါင်း ခေါင်းပြီးရင် ပခုံး၊ ပခုံးပြီးရင် ခါး၊ ခါးပြီးရင် ခြေ အားလုံး တစ်ဆက်တည်းလေ့ကျင့်ကြည့်ရအောင်ပါ။ ဒီလေ့ကျင့်ခန်းက တစ်ညလုံးလျောင်းစက်နားနေလို့



သွေးလေလှည့်ပတ်မှုမရှိတဲ့ အကြောတွေ သွေးတွေလှုပ်ရှားအောင် လေ့ကျင့်ပေးတာပါ။ အကြောအခြင်တွေ လေးနေတာ ပြေပျောက်စေပါတယ်။ ကိုင်းစကြစို့။

**ဇာတ်ညွှန်း** (တိုင်ပင်ခေါ်ပြီး လှုပ်ရှားစဉ် တီးဝိုင်းမှ အသံနှင့်လိုက်အားဖြည့်ပေး။ လေ့ကျင့်မှုဆုံးသော် "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်" တီးလုံးဖြင့် ကားလိပ်ချ)

## ပြကွက် (၁၇)

**နေရာ** မြို့နယ်အားကစားကွင်း

**အချိန်** ညနေပိုင်း။

**အခင်းအနား** ကခွင်အထက်ပိုင်းတွင် အားကစားကွင်း သရုပ်သဏ္ဌာန်ပေါ်လွင်အောင် ပန်းချီကားချပ်ရေးဆွဲပြီး ချထား။
ကခွင်၏ အထက်ပိုင်း ဘယ်ဘက်အစွန်းတွင် စီးဆော့တစ်ခုဆင်ထား။ ယင်းနှင့် မလှမ်းမကမ်းတွင် ဘေးချင်းယှဉ်လျက် ပုခက်တစ်ခုဆင်ထား။ ကခွင်အောက်ပိုင်း ညာဘက်၌ တန်းလျားတစ်ခုရှိနေစေ။

**အသံ** အသံသွင်းတိတ်ခွေ (သို့မဟုတ်) စီဒီပြားနှင့် "ကျန်းမာချမ်းသာပြည်မြန်မာ" ဟူသည့် တေးသီချင်းသွင်းထား။ ကခွင်အတွင်းရှိ ဇာတ်ကောင်များ၏ ပြောဆိုသံကြားရအောင် လိုအပ်သည့်နေရာတွင် စကားပြောခွက်များ တပ်ဆင်ချိတ်ဆွဲထား။

**မီး** ကခွင်တစ်ခုလုံး မြင်နိုင်အောင် မီးများ ထွန်းပေးထား၊ အထူးသဖြင့် ကခွင်အထက်ပိုင်းကို ဂရုပြုမိစေရန် အောက်မီးဖြင့် ပင့်ထိုးပေးထား။





**ဇာတ်ဝင်ပစ္စည်း** ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဘောလုံး၊ ကာယလေ့ကျင့်ခန်းလုပ်သည့် ပစ္စည်းကရိယာ အစုံအလင်၊ ကလေးသူငယ်များဆော့ကစားရန် စီးဆော့ ပုခက် လျှောစင်များ သူ့နေရာနှင့် သူရှိနေစေ။

**အဝတ်အစား** ကလေးများက သာမန်အဝတ်အစား။ လူငယ်များက အချို့အားကစားဝတ်စုံ အချို့ထရက်ဆု ဝတ်ဆင်ထား။ လူကြီးအချို့က သာမန်အဝတ်အစား။

**ဇာတ်ညွှန်း** အခန်းပြောင်းတီးလုံးဆုံးသည်နှင့် ပြည်ဖုံးကန့်လန့်ကာဖွင့်လျှင် ကလေးသုံးလေးယောက်က စီးဆော့ကိုပျော်ရွှင်စွာ စီးနေ။ ပုခက်တွင် မိန်းကလေးတစ်ဦးက စီးနေပြီး မိခင်က လွှဲပေးနေ။ ကခွင်၏ ညာခြမ်းအထက်ဘက်တွင် လူငယ်တစ်စုက ပိုက်ကျော်ခြင်းကို စိတ်ဝင်တစား အားမာန်ပါပါ ခတ်နေစေ၊ ကခွင်၏ အောက်ဘက်ညာခြမ်းတွင် တိုးမောင်နှင့် မျိုးအောင်က မျှင်းရိုလေးတွဲ့စွာ ထိုင်နေရင်း ပျော်ရွှင်စွာ လှုပ်ရှားကစားနေသူများကို ငေးမောကြည့်နေ။

**တိုးမောင်** မျိုးအောင် . . . ဟေ့ မျိုးအောင်

**မျိုးအောင်** ဟေ . . . ဘာလဲကွာ၊ အလန့်တကြားခေါ်လိုက်တာ ရှိသမျှ ဗီလင်လေးကုန်ပါပြီ။

**တိုးမောင်** မင်းကတော့လေ မရှိတဲ့ စည်းစိမ်ကို ညှစ်ထုတ်ပြီး အရသာခံနေပြန်ပြီ။

**မျိုးအောင်** မရှိလို့ စိတ်ညစ်ရတဲ့အထဲ။

**တိုးမောင်** တို့သာ စိတ်ညစ်နေတာ မင်းကြည့်စမ်း ဟိုမှာ ကစားနေသူတွေကတော့ ပျော်လို့ ရွှင်လို့

**မျိုးအောင်** သူတို့ ပျော်တာနဲ့တို့နဲ့ ဘာဆိုင်လဲကွာ . . . ။

**တိုးမောင်** မဟုတ်ဘူး မျိုးအောင်၊ သူတို့ဘာကြောင့် ဒီလောက် ပျော်နေတာလဲဆိုတာ မင်းမတွေးကြည့်ဘူးလား . . ။

**မျိုးအောင်** ဟာကွာ . . . အလုပ်ရှုပ်ခံပြီး မတွေးပါဘူး။ ကိုယ့် အရေးနဲ့ ကိုယ်တောင် စိတ်ညစ်ရတဲ့အထဲ။

**တိုးမောင်** မင်းသေသေချာချာကြည့်စမ်း။ ဟောဟို ပိုက်ကျော်ခြင်း ကစားတဲ့ထဲမှာ တိုးထက်ဆိုတဲ့ကောင်ပါတယ်။

**မျိုးအောင်** အလကား ယောင်ကြောင်ပါကွာ . . . ခုမှဘာထလုပ် နေတာလဲ မသိဘူး။

**တိုးမောင်** ကြောင်တာမဟုတ်ဘူး။ မင်းသတိထားမိလား . . . ခုတစ်လော ဒီကောင် တို့အုပ်စုနဲ့ မပေါင်းဘဲ၊ ဟို မြို့နယ်အားကစားမှူးနဲ့ ဒီလွှားဒီလွှားလုပ်နေတာ . . ။

**မျိုးအောင်** အင်း . . . . ။

**တိုးမောင်** ဟိုတစ်လောက မြို့နယ်ပြိုင်ပွဲဝင်ဖို့ ပိုက်ကျော်ခြင်း အဖွဲ့ ဖွဲ့တယ်တဲ့။ အဲဒီထဲမှာ တိုးထက်လည်းပါတယ် ဆိုလား။

**မျိုးအောင်** ဒီကောင်က ဘာလုပ်တတ်လို့လဲ။ လူက ကလန် ကလား။

**တိုးမောင်** အဲဒီကလန်ကလားမို့ ခြင်းခတ်နိုင်တာတဲ့ ကိုယ့်လူ ရေ . . . ဟော . . . ကြည့်ကြည့်။ ဒီကောင်က ခုတ် ချနေတယ်။ အမယ် မဆိုးဘူးဟ။ ပတ်ဂျွမ်းတွေ ဘာတွေနဲ့။



**မျိုးအောင်** တော်စမ်းပါကွာ . . . သင်းတို့ကိုကြည့်ပြီး ခေါင်း တောင်မူးတယ်။ အလကား မျောက်လောင်းနီးနီး ဆော့တဲ့ကောင်တွေ . . .။

**ဇာတ်ညွှန်း** (ထိုအချိန်တွင် ကခွင်အောက်၊ ဘယ်ဘက်ပုဏ္ဏား ကွယ်နောက်မှ အားကစားမှူးနှင့် မြို့မိမြို့ဖလူကြီး သုံးလေးယောက်လျှောက်လာ . . . ပြေးလွှားဆော့ ကစားနေသည့် လူငယ်များကိုကြည့်လျက် သဘော ကျ၊ ကြည်နူးဟန်ဖြင့်ပြော။ အချင်းချင်းအပြန်အလှန် ပြောလျက် လက်ညှိုးတထိုးထိုးလုပ်ရင်း တန်းလျား ပေါ်တွင် ထိုင်နေသည့် တိုးမောင်နှင့် မျိုး အောင်ကို မြင်သွား။ လူကြီးများက အချင်းချင်း အဓိပ္ပာယ်ပါပါ ကြည့်ပြီး။ ခေါင်းဆတ်အချက်ပြလျက် သူတို့ နှစ်ယောက်ထံ လျှောက်လာ)

**ဦးစိန်မောင်** ငါ့ညီတို့ ဘာလုပ်နေတာလဲ။

**မျိုးအောင်** (ဘုကြည့်ကြည့်) ထိုင်နေတာလေ . . . ။

**ဦးစိန်မောင်** အဟဲဟဲ၊ ထိုင်နေမှန်းသိပါတယ် ငါ့ညီတို့ရာ . . အားကစားကွင်းလာပြီး ဘာမှမကစားဘူးလားလို့ မေးတာပါ။

**မျိုးအောင်** ဝါသနာမပါဘူး။

**ဦးစိန်မောင်** ဝါသနာမပါဘူးဟုတ်လား . . .၊ အားကစားဆိုတာ ကျန်းမာရေးအတွက် လုပ်တာ ငါ့ညီရဲ့၊ ဝါသနာပါပါ မပါပါ၊ ကိုယ်လက်လှုပ်ရှားမှု တစ်ခုခုတော့လုပ်သင့် တယ်။

**မျိုးအောင်** ပင်ပန်းတဲ့အလုပ်ဆိုလေတောင် မရှုချင်ဘူး။

**ဦးစိန်မောင်** လေမရှုဘဲတော့မနေနဲ့ ငါ့ညီရေ . . . အသက်ရှုရပ်သွားရင် ဇိဝိန်ပါကြွေသွားမယ်၊ လူသေတယ်ဆိုတာ အသက်ရှုရပ်သွားတာနော် . . . အဟက်၊ တို့ဒီဘက် လျှောက်လာတာ လေကောင်းလေသန့် ရှုချင်လို့ တမင်လာတာ . . . မွန်းကျပ်နေတဲ့ မြို့ပြအိမ်ရာကြားက အခုလို အားကစား ကွင်းထဲလာတာဟာ အသက်ရှု မကျပ်ချင်လို့ ငါ့ညီတို့ ဒီမှာလာထိုင်တာ တွေ့တော့ လေကောင်းလေသန့် လာရှုနေတယ်မှတ်လို့။

**တိုးမောင်** အဲဒါလည်း ပါပါတယ်၊

**ဦးစိန်မောင်** ဒါဆိုမှန်ကန်တဲ့ အသက်ရှုနည်းနဲ့ လေ့ကျင့်ပါလား..။

**တိုးမောင်** အသက်ရှုတာပဲ မှန်တဲ့နည်း၊ မှားတဲ့နည်းရှိလို့လား။

**ဦးစိန်မောင်** ရှိတာပေါ့ ငါ့ညီရာ . . . မှန်ကန်တဲ့ အသက်ရှုနည်းက ဟောဒီအစုတ်ကို လွတ်လပ်စွာ နေရာပေးထားကိုယ်ကိုမတ်မတ်ရပ်၊ ဒါးဆန့်၊ ခါးထောက်၊ မျက်နှာမော့ပြီး လေကောင်းလေသန့်ကို အားပါးတရရှုသွင်း၊ ပြီးတော့ မကောင်းတဲ့လေကို ဖြည်းဖြည်းချင်း ပြန်ထုတ်။ လုပ်ကြည့်ပါလား . . . ။ ပိုအားရှိသွားမယ်။

**တိုးမောင်** နောက်တော့ စမ်းကြည့်ပါမယ်။



**ဦးသက်ဦး** ဒီမယ် ငါ့တူ နောက်တော့ဆိုတာ အောင်မြင်မှုကို တစ်ဝက်နှောင့်နှေးသွားစေတယ် အားကစားကွင်းထဲရောက်နေမှတော့ စမ်းလုပ်ကြည့်။

**တိုးမောင်** ဟုတ် ဟုတ်ကဲ့ အဘ။

**ဦးသက်ဦး** အေး အေး၊ အချိန်ရှိခိုက် လုံးလစိုက်တဲ့ ဘဘတို့တော့ ရတဲ့အချိန်လေး၊ အကျိုးရှိရှိ ဖြုန်းတီးလိုက်ဦးမယ်၊ လာကြဗျို့ . . . ကျုပ်တို့ လေ့ကျင့်ခန်းစကြရအောင်။

**ဇာတ်ညွှန်း** (ဦးသက်ဦးနှင့် လူကြီးများ ကခွင်အလယ်လောက်တွင်ရပ်။ ကိုယ်လက်လှုပ်ရှားမှုကို သင်ပြထားသည့်အတိုင်းစလုပ် တိုးမောင်နှင့် မျိုးအောင်ငေးကြည့်နေ၊ တက်ကြွပျော်ရွှင်စွာ လုပ်နေသူများကိုကြည့်ပြီး အံ့အားသင့်ငေးနေစဉ် ပြည်ဖုံးကားလိပ်ကြီး တဖြည်းဖြည်းကျလာ)

ဪ ❖ ❖ ဪ

## ပြကွက် (၁၈)

**နေရာ** — မြို့လယ်လူစည်ကားရာလမ်းဘေးတစ်နေရာ။

**အချိန်** — နံနက်ပိုင်း။

**အခမ်းအနား** — မြို့ပြလမ်းမကြီးအနေအထားပြရှုခင်းပုံ ပန်းချီကားချပ်ကို ကခွင်အထက်ပိုင်းတွင် နောက်ခံအဖြစ်ချထား။ အထက်ခွင်၏ အလယ်ကျကျတွင် သေသပ်သည့် အဆောက်အဦ တစ်ခုပုံကို ထိုးကားဖြင့် ခင်းကျင်းထား။ ယင်းအဆောက်အဦကို ရောင်စုံစက္ကူပန်းများဖြင့် တန်ဆာဆင်ခြယ်ထား။ ကခွင်အောက်ပိုင်းတွင် စားပွဲတစ်လုံးနှင့် ကုလားထိုင်များခင်းကျင်းထား။

**အသံ** — အသံသွင်း စီဒီပြားနှင့် တွံ့တေးသိန်းတန်၏ သီချင်းများအသံသွင်း။ ကခွင်ထဲရှိ ဇာတ်ရုပ်များ၏ စကားပြောဆိုသံကြားရအောင် စကားပြောခွက်များ တပ်ဆင်ထား။

**မီး** — အဆောက်အဦသစ်ကို ရောင်စုံစက္ကူပန်းများဖြင့်တန်ဆာဆင်ခြယ်ထားသကဲ့သို့ ရောင်စုံမီးများလည်းဆင်ထား။ ကခွင်တစ်ခုလုံး အလင်းရစေရန် မီးများ ဖျန်းထား။



**ဇာတ်ဝင်ပစ္စည်း** — စားပွဲ၊ ကုလားထိုင်များကို အခမ်းအနား အသွင်ဖြစ်အောင် ခင်းကျင်းထား။ စားပွဲ ထိပ်တွင် စကားပြောစက်နှင့်စကားပြောခွက် တပ်ဆင်ထား။

**အဝတ်အစား** — အမျိုးသမီးရေးရာအဖွဲ့ဝတ်စုံ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝတ်စုံ၊ ပြည်ခိုင်ဖြိုးအဖွဲ့ဝတ်စုံ၊ ကျောင်းသူကျောင်းသားများဝတ်စုံ၊ သာမန် မြန်မာဆန်ဆန်ဝတ်စုံများ ဆင်ယင်ထားပြီး၊ အသင်းအဖွဲ့ဆိုင်ရာတံဆိပ်များ ဘယ်ဘက်ရင်အုံတွင် တပ်ဆင်ထားစေ။

**ဇာတ်ညွှန်း** — အခန်းပြောင်းတီးလုံးဆုံးသည်နှင့် အသင့်အသံသွင်းထားသည့် တွံ့တေးသိန်းတန်၏ "အသီးတစ်ရာ အညွှာတစ်ခု" သီချင်းသံက ကျယ်လောင်စွာထွက်လာ . . .။ ကားလိပ်ကို တဖြည်းဖြည်း မတင်ချိန်တွင် လူများကိုယ်စီကိုယ်စီလှုပ်ရှားနေစေ . . တပေတနယ်ဇင်းအဖွဲ့ဝင်တစ်ဦးက အဆောက်အဦ၏ဝင်ပေါက်တွင် ကပ်ထားသည့် နံရံကပ်စာစောင်ကို အလှမွမ်းမံခြယ်သနေ . . . ထိုသူအား အခြားတစ်ယောက်က အကူအညီပေးနေစေ . .။ တပေတနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးပိုင်က နာရီကြည့်လိုက်၊ အခမ်းအနားအခြေအနေ ကြည့်လိုက်နှင့် ဗျာယာခတ်နေစေ . . .။

**ဦးပိုင်** — ကိုင်း၊ အားလုံး ကိုယ့်အလုပ်လက်စသတ်ကြပါ။ အခမ်းအနားစဖို့ နာရီဝက်ပဲလိုတော့တယ်။

ဆရာမ ဒေါ်မြင့်မြတ်နဲ့ ကလေးတွေရောက်လာပြီလား . .။

အဖွဲ့ဝင် — မရောက်သေးဘူး ဥက္ကဋ္ဌရေ . . . ဒီလာရင်း ဆရာမဆီတော့ ဝင်ခဲ့တယ်။ သူတို့အုပ်စုလာဖို့ စိုင်းပြင်းနေပြီ။

ဦးပိုင် — အကျွေးအမွေးတာဝန်ယူတဲ့ ဒေါ်နွံတို့ကရော . .။

အဖွဲ့ဝင် — ဒေါ်နွံတို့အဆင်သင့်ဖြစ်နေပြီ။ အကျွေးအမွေးက အခမ်းအနားပြီးမှ ညှိခံမှာမို့လား . . . ။

ဥက္ကဋ္ဌ — ဟုတ်တယ် . . . ဒါပေမဲ့ စာကြည့်တိုက်ဖွင့်ပွဲက ဘာမှကြာမှာမဟုတ်ဘူး။ ဖဲကြိုးဖြတ်ဖွင့် ညည့်သည်တော်တွေ လှည့်ပတ်ကြည့်၊ သတ်မှတ်ထားတဲ့ နေရာဝင်ယူ၊ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြော . . . စာကြည့်တိုက်တာဝန်ခံကို စာရွက်စာတမ်းလွှဲအပ်၊ ဒါပဲ ရှိတာလေ ...

အဖွဲ့ဝင် — စိတ်မပူပါနဲ့ ဥက္ကဋ္ဌရာ ..... အားလုံးပြီးနေမှာပဲဟာ .. ဒါနဲ့ အလှူရှင်တွေကို ဂုဏ်ပြုလက်မှတ်ချီးမြှင့်ရမှာလား ...

ဦးပိုင် — ဒါပေါ့၊ မြေလှူသူ၊ အဆောက်အဦလှူသူ၊ ပရိဘောဂလှူသူ စာအုပ်စာတမ်းလှူသူ၊ အားလုံး ၁၀ ဦးလောက်တော့ရှိမယ်။ တစ်ဦးချင်း လှူဒါန်းပစ္စည်းတန်ဖိုးနဲ့ ကြေညာပေးရမယ်။ ဒါနဲ့ တိုဒင်း . . တို့လေးနွယ်လာပလား။



အဖွဲ့ဝင် — စောစောကတော့ ကင်မရာကြီးလွယ်ပြီး တိုလွှား . . . ဒီလွှားနဲ့ မြင်လိုက်တယ်၊ အောက်ထပ်ဆင်း သွားတယ်ထင်တယ်။

ဦးပိုင် — (လက်ကာပြပြီး၊ ရှုးတိုးတိုးဟူသော အမူအရာဖြင့် နှုတ်ခမ်းပေါ်လက်ညှိုးဖြတ်တင်ပြပြီး အောက်ထပ်ဆင်းသွား) ကြွပါဥက္ကဋ္ဌ ကဲကြည့်

မြို့နယ်ဥက္ကဋ္ဌ — အားလုံးအဆင်ပြေရဲ့လား . . ။

ဦးပိုင် — ပြေပါတယ် . . . လူစုံရင် အခမ်းအနားစလို့ရပါပြီ။ အခမ်းအနား အစီအစဉ်ပါ (စာရွက်တစ်ရွက်ကမ်းပေး)

ဦးတင်ရီ — ကျွန်တော်အမှာစကား ပြောရဦးမှာလား . . .။

ဦးပိုင် — ပြောမှဖြစ်မှာပေါ့ လူငယ်တွေက စာဖတ်ချင်စိတ်၊ ဗဟုသုတရှာချင်စိတ်ရှိလာအောင် ပြောပေးပါ။ ပြီးတော့ ဥက္ကဋ္ဌကြီးအနေနဲ့ အလှူရှင်တွေလည်း ကျေးဇူးတင်ကြောင်းပြောပါဦး။

ဦးတင်ရီ — ကောင်းပြီလေ . . . ဒါထက် စာကြည့်တိုက် လောလောဆယ်စာအုပ်ဘယ်လောက်ရှိလဲ။

ဦးပိုင် — စာအုပ်မျိုးစုံ တစ်ထောင်ကျော်ရှိပါတယ် . . . သုတဆိုင်ရာစာအုပ်က သုံးရာ့တစ်ဆယ်၊ မြန်မာဝတ္ထုစာအုပ်က ငါးရာ့ခြောက်ဆယ်၊ ရုပ်ပြနဲ့ ကာတွန်းက နှစ်ရာကျော်၊ ဘာသာရေးဆိုင်ရာ စာအုပ်ကခြောက်ဆယ့်ငါး။ ကျန်းမာရေးဆိုင်ရာက လေးဆယ်ဝန်းကျင်ရှိပါတယ်။ ဒါက စာအုပ်စာရင်းပါ။

**ဦးတင်ရီ** — အဲဒီငွေက ဘယ်ကရမလဲ . . . ။

**ဦးပိုင်** — အလှူရှင်ရှာရမှာပဲ ဥက္ကဋ္ဌ။ လောလောဆယ်တော့ ထာဝရအလှူရှင် ငါးထောင်တော့ ရပါပြီ။

**ဦးတင်ရီ** — ဟုတ်ပြီလေ . . . ကျွန်တော်လည်း လစဉ် သုံးထောင်လှူပါမယ်။ ဒီအခမ်းအနားမှာလည်း အလှူရှင်ဖိတ်ခေါ်ကြည့်တာပေါ့။

**ဦးပိုင်** — ကောင်းတယ် ဥက္ကဋ္ဌ။ အမှန်က စာကြည့်တိုက်မှူး လည်း ထောက်ပံ့ကြေးပေးထည့်တယ်။ လတ်တလော အနေအထားကတော့ စေတနာ့ဝန်ထမ်းပဲ မေတ္တာရပ်ခံထားရတယ်။

**ဦးတင်ရီ** — စေတနာ့ဝန်ထမ်းဆိုတာတော့ မဟုတ်သေးဘူး။ ကြာရှည်ဘယ်လုပ်နိုင်မလဲ။ ဝါသနာအရ လုပ်အားပေးတယ်ဆိုပေမယ့် စားဝတ်နေရေးက ရှိသေးတယ်လေ . . . ။

**ဦးပိုင်** — ဟုတ်ပါတယ်။ လောလောဆယ်တော့ဖြစ်အောင် မတည်တာပဲ ရှိသေးတယ်။ ရေရှည်တည်တံ့ဖို့က တော်တော်ကြိုးစားရမယ်။ စာကြည့်တိုက်ကြီးဖွင့်ထားပြီး စာဖတ်သူမရှိရင်လည်း အလကားပဲ။ စာဖတ်သူ ဖိတ်ခေါ်ရမယ်။ ပြောရရင်း ဒီနေရာဟာ အပန်းဖြေနားနေတဲ့ နေရာလေးတစ်ခုအသွင်ဖြစ်ရင်တော့ ပိုကောင်းတာပေါ့။

**ဦးတင်ရီ** — ဒီဆို တီဗီစက်တွေ ဘာတွေထားပေးဖို့လိုတယ် . . . အင်း . . တော်တော်လုပ်ရမှာပဲ။



**ဦးပိုင်** — ပြီးပြည့်စုံတဲ့ စာကြည့်တိုက်တစ်ခုဖြစ်ဖို့တော့ တော်တော်ကြိုးစားရမှာပဲ။ ဒီနေရာမှာ စာပေဟောပြောပွဲတွေကျင်းပ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွေလုပ်ပေး။ စာပေလှုပ်ရှားမှုဖြစ်တဲ့ပြိုင်ပွဲလေးတွေ အဆင်မပြတ်ကျင်းပရန်တော့ ကျွန်တော်တို့လိုချင်တဲ့အနေအထား ရောက်လာမှာပါ။

**ဦးတင်ရီ** — ဟုတ်တယ် . . . လုပ်ရမှာပဲ။ လောလောဆယ် စဉ်းစားထားတာတော့ ဒီမှာ အင်္ဂလိပ်စကား ပြောသင်တန်း ဖွင့်ကြည့်မယ်ဗျာ . . စရိတ်စက ဝန်ဆောင်မှုနည်းနည်းနဲ့ဆွဲဆောင်တာပေါ့။

**ဦးပိုင်** — ဒီဆို ကျွန်တော်တို့အသင်းက သင်တန်းနည်းပြ တာဝန်ယူနိုင်ပါတယ်။ အသင်းမှာ ဘာသာပြန် စာရေးဆရာတွေရှိတယ်။ ဆရာမြဟန်သိန်းဆို နိုင်ငံခြားသံရုံးမှာ တာဝန်ထမ်းဆောင်ဖူးတော့ စကားပြောကောင်းကောင်းရတယ် . . . ။

**ဦးတင်ရီ** — ဒီဆိုကောင်းတာပေါ့။ ကျုပ်တို့ညှိနှိုင်းကြသေးတာပေါ့။ ကဲ . . . လူစုံရင် အခမ်းအနားစကြတာပေါ့။

**ဦးပိုင်** — ဟုတ်ကဲ့ ဟုတ်ကဲ့ (ဦးပိုင်က အခမ်းအနားမှူး လုပ်မည့်ဘလွင်အား အချက်ပြလိုက်ပြီး ဥက္ကဋ္ဌနှင့်တကွ ဖိတ်ကြားထားသူများ နေရာဝင်ယူ။ အခမ်းအနားမှူးက စာရွက်စာတမ်းများကိုင် လျက်ကြေညာ . .)

**အခမ်းအနားမှူး** မြို့နယ်အတွင်းရှိ အဖွဲ့အစည်းအသီးသီးမှ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျာ . . ကိုယ်ထူကိုယ်ထ ထူထောင်ဖွင့်လှစ်သည့် "ဝန်ဇင်းဘိုးရာဇာ" စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား မကြာခင်စတင်တော့မည်ဖြစ်၍ သတ်မှတ်ထားသည့်နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

(အခမ်းအနားမှူး ကြေညာလိုက်သည်နှင့် အသင့်ရှိနေသူများနေရာယူ။ အားလုံးက အခမ်းအနားမှူးထံ အာရုံစိုက်ကြည့်စဉ် ကခွင်တစ်ခုလုံး အမှောင်ချ။ တီးဝိုင်းမှ အခန်းပြောင်းတီးလုံးတီး၊ ကန့်လန့်ကာချ။

ဢ ❖ ❖ ဨ

# ပြကွက် (၁၉)

**နေရာ** မြို့လယ်လမ်းမတစ်နေရာ။

**အချိန်** ညနေပိုင်း။

**အခမ်းအနား** ကခွင်အောက်ပိုင်းတွင် မြို့ပြရှုခင်းသရုပ်ဖော်ပန်းချီကားချပ်ချထား။

**အသံ** တီးဝိုင်းမှ ဇာတ်ရုပ်များ၏ လှုပ်ရှားမှုကို တီးလုံးဖြင့် ပံ့ပိုးထား။ ဇာတ်ရုပ်များပြောသံကို ပီပြင်စွာကြားနိုင်အောင် စကားပြောခွက်တပ်ဆင်ထား။

**မီး** ကခွင်တစ်ခုလုံး မြင်သာအောင် မီးဖွင့်ထား။

**ဇာတ်ဝင်ပစ္စည်း** လက်ဆွဲအိတ်၊ ထီး၊ ဆွဲခြင်း။

**အဝတ်အစား** မြန်မာဆန်ဆန်အဝတ်အစား။ အမျိုးသမီးအသုံးအဆောင်လက်ကိုင်အိတ်

**ဇာတ်ညွှန်း** ပြကွက်ပြောင်းတီးလုံးဆုံးလျှင် ညနေဆည်းဆာအလှဖော်ကျူးသော တီးလုံးဖြင့် ကန့်လန့်ကာဖွင့်ဆလိုက်မီးဖြင့် ဇာတ်ရုပ်ကိုလိုက်ထိုး။ ကခွင်အောက် တိုင်ပုံးနောက်မှ စန္ဒီလှမျိုး၊ သူဇာနွယ်နှင့် အခြားမိန်းကလေးနှစ်ဦး တိုးတိုးညင်းညင်းရယ်မောလျက်ထွက်လာ . . . ။

သူဇာနွယ် စန္ဒီတို့က ဘယ်လိုဆင်ဆင်လှနေတာပဲ။

စန္ဒီလှမျိုး ရတယ် . . . ဒီလောက်ချိုးကျူးထောပနာဖွင့်မနေနဲ့ သူဇာသောက်ချင်တဲ့ ဖာလူဒါတိုက်မယ်၊ အဟင်းဟင်းဟင်း။

သူဇာနွယ် (ပါးစပ်လေးပိတ်ရယ်၊ လက်ဝါးနုနုလေးဖြင့် မနာကျင်စေဘဲ လက်မောင်းကိုရိုက်ပြော) တို့များကလည်း မြန်မာမဟုတ်ဘူးလို့ မပြောပါဘူး။ ဒါပေမဲ့ အရင်တုန်းက ဝတ်စားပုံက ဟော့ ရှော့မို့လား . . . ''

စန္ဒီလှမျိုး ဒါတော့ ယူလည်းဝတ်တာပဲ၊ ခေတ်ရေစီးကြောင်းအလိုက် ဝတ်ကြတာပဲကိုး။

သူဇာနွယ် ဒါဖြင့် အခုတော့ ဘာဖြစ်လို့ မြန်မာဆန်ဆန် ပြောင်းဝတ်တာလဲ။

စန္ဒီလှမျိုး (စဉ်းစားဟန်ဖြင့် တွေတွေငေးငေးနေပြီး ချစ်စဖွယ်အပြုံးဖြင့်မေး)
အမှန်ပြောရမလား . . . အဟိ။

သူဇာနွယ် ပကတိခံစားမှုသာပြော။

စန္ဒီလှမျိုး ဒီလို သူဇာရယ် . . . အခုစာပေနဲ့ စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပတဲ့ စာပေဟောပြောပွဲ တက်နားထောင်မိတယ်၊ ယူရောပါတယ်လေ . .

သူဇာနွယ် ဟုတ်တယ်လေ . . . ဆရာမကြီးက အဲဒီခေါင်းစဉ်နဲ့ ဟောသွားတယ်၊ ဟိုစာရေးဆရာကြီး အဏ္ဏဝါစိုးမိုးကတော့ ''ကျွန်တော်အဏ္ဏဝါခရီးသည်'' ဆိုတဲ့ခေါင်းစဉ်နဲ့ဟောတယ်၊ သူဇာကောင်းကောင်းမှတ်မိတာပေါ့။

စန္ဒီလှမျိုး အဲဒီမှာ ဆရာမကြီးက အလှတရားဆိုတာဘာလဲ . . . ဆိုတာ အစပျိုးဖွင့်ပြသွားတယ်၊ ဆရာမကြီးပြောသလို မပြောတတ်ပေမယ့် ဆရာမကြီးအာဘော်အရ ပြောရရင် . . . ရုပ်ဆင်းအလှရဲ့ ပသာဒဟာ မျက်စိအကြည့် ဆိုင်တယ်။ မျက်စိက အကြည့်ခံရုပ်ကို ပကတိအတိုင်းမြင်ပေမယ့် အဲဒီအမြင်ကို ဦးနှောက်က လှခြင်း၊ မလှခြင်းအကဲခတ်တာပါပဲတဲ့။ ဆရာမကြီးဆိုလိုတာက အသားဖြူတဲ့ တရုတ်၊ ကိုရီးယားတွေရဲ့ မျက်စိအမြင်မှာ အသားလေးက နှင်းလိုဖြူပြီး မျက်လုံးမှေးမှေး၊ ခြေသလုံးဖွေးဖွေးနဲ့ ကောင်မလေးကိုလှတယ်လို့ ထင်ပေမယ့် အာဖရိကတိုက်သားတွေရဲ့ မျက်စိအကြည့်ခတ်၊ ဦးနှောက်ရဲ့ ဆုံးဖြတ်မှုမှာတော့ လှချင်မှလှမယ်။ သူတို့ မဟူရာအသားပိုင်ရှင်လေးကိုသာလှတယ်လို့ ပြောမှာပဲတဲ့။

သူဇာနွယ် ဟုတ်တယ်နော် . . . တို့အမြင်ကတော့ အသားညိုညို၊ ရင်အုပ်ထွားထွား။ ခြေဆံလက်ဆံကောင်းတဲ့ ဗမာတစ်ယောက်လောက် လှတယ် မထင်ဘူး။

**စန္ဒီလှမျိုး** (မြူးလျက်လက်မောင်းကိုပုတ်) မြန်မာ့မျက်စိမှာ မြန်မာကိုပဲ ခံစားတတ်တယ်၊ အထူးသဖြင့် မြန်မာဆန်ဆန်လှသူကိုပဲ နှစ်လိုတယ်၊ မြန်မာ မလေးတစ်ယောက်ဆိုရင် ဖိတ်ုန်းရောင်ကေသာ၊ ဖြန့်လိုက်ရင် တစ်ကိုယ်လုံးဝေဝေဆာဆာ၊ အဲလို ဆံပင်ရှည်ကိုဖြတ်၊ စက်နဲ့ လိမ်တွန့်အောင် ကောက်၊ ပြောင်းဖူးမွေးရောင်ထွက်အောင် အရောင်ဆိုးထားတဲ့ ကေသာအလှရှုပ်ကို မျက်စိ စိတ်တွင်းမတွေ့ ရပါဘူးတဲ့။

**သူဇာနွယ်** တင်း . . . ဆရာမကြီးဆံပင်ပုံကတော့ ပြောသလို မဟုတ်လိုက်တာ . . .

**စန္ဒီလှမျိုး** တဲ့ သူပြောသားပဲ အလှမက်တဲ့ ကျွန်မတာ လှမလားလို့ ကောက်မိကွေးမိတယ်၊ လူက မျက်ပေါက်ကကျဉ်းကျဉ်း။ မျက်နှာက ပြဲပြဲ။ ဆံပင်ကတွန့်ထားတော့ စောရုံညင်းတာ ဗမာနဲ့ မတူတော့တဲ့ ခွာသေးသေးနဲ့ တရုတ်မဖြစ်သွားရတယ်တဲ့။

**သူဇာနွယ်** ရယ်ရတယ်နော် . . .

**စန္ဒီလှမျိုး** အေးလေ . . . နားထောင်တုန်းက ရယ်စရာပဲ ဆိုပြီး ခေါင်းငုံ့ရယ်မိတယ်၊ တောပြောပွဲက ပြန်တော့ အိပ်ရာထက် ပက်လက်လှန်စဉ်းစားမိတယ်။

**သူဇာနွယ်** ဘာလဲ၊ နားထောင်တုန်းက ရယ်စရာပဲဆိုပြီး ခေါင်းငုံ့ရယ်မိတယ်၊ တောပြောပွဲကပြန်တော့



အိပ်ရာထက်ပက်လက်လှန် စဉ်းစားတယ်ဆိုတာ.. ညည်းလှအကြောင်းမို့လား . . ။

**စန္ဒီလှမျိုး** (သူဇာနွယ်ကိုရိုက်၊ သူဇာနွယ်က ရယ်မောရင်း . . .) ကောင်စုတ်မ အဲဒီကောင်ကို ညည်းပဲယူ။

**သူဇာနွယ်** အလိုတော် တိုက သူဇာ့ကို ကြိုက်လှချည့်ရဲ့ ချစ်လှချည့်လို့ မပြောပါဘူး။ တောလိုဝှမ်းမင်း သမီးလေးနဲ့တူတဲ့ စန္ဒီအချစ်ကို ရချင်ပါတယ်လို့ ပရိုပို့(စ်) လုပ်တာလေ။

**စန္ဒီလှမျိုး** ဒီက စကားကောင်းပြောနေ၊ သူက ဖောက်လာတယ်၊ တော်ပြီမပြောတော့ဘူး။

**သူဇာနွယ်** ဆရာမကြီးပြောသွားတဲ့ စကားမှာ လှစေချင်လို့ သွားကြောင်တိုက် ရေစီးကမ်းပြိုလိုက် "ဆိုသလိုပဲတဲ့" ကျွန်မတို့ မြန်မာမလေးတွေဟာ မြန်မာဆန်ဆန်လှတာပဲ နှစ်သက်စရာကောင်းပါတယ်တဲ့။ အနောက်က ကူးစက်လာတဲ့ ယဉ်ကျေးမှုရေယုက်လာတော့ ဗမာမလေးက ကပ္ပလီမလေးဖြစ်သူဖြစ် ခွာသေးသေးလေး တရုတ်မလေးပုံပေါက်လိုပေါက်၊ ဟိုတောလိုဝှ်က မင်းသမီးတွေလို ပေါင်ဖော်မှ လှမယ်ထင်နေတာ။

**စန္ဒီလှမျိုး** ယူကရောမကျိတ်နဲ့၊ ဘာကြောင့် ဝတ်စားဆင်ယင်မှု ပြောင်းတာလဲပြောပြ။

**သူဇာနွယ်** အဲ့ဒါကြောင့်ပါဆို ငါကလည်း လှမယ်ထင်လို့ ငါဝန်တွေ၊ မီနီစကတ်တွေ၊ ဂျင်းဘောင်းဘီတွေ

ဝတ်ခဲ့တယ်၊ လူကဝဝတုတ်တုတ်၊ အသားက မည်းမည်း၊ ခြေသလုံးက တုတ်တုတ်၊ ဒီပုံဒီပန်းနဲ့ မိနီစကတ်ဝတ်တော့ လူပြောင်စရာဖြစ်မှန်း မသိဖြစ်ခဲ့တယ်၊ ကပ္ပလီမပုံပေါက်နေတဲ့ ငါ့ကို မြန်မာအမျိုးသားတွေက ဘယ်ကြည့်လို့ရမလဲ . . .။

**စန္ဒီလှမျိုး** ခုရော . . .

**သူဇာနွယ်** အခုလို လုံချည်ဝတ်တော့ ခြေသလုံးမည်းမည်းကြီး မမြင်တော့ဘူးလေ အဟိဟိ။

**ဇာတ်ညွှန်း** (လေးယောက်သားရယ်မောနေစဉ် ကခွင်အောက်ညာဘက်ပုဏ္ဏားကွယ်မှ တိုးမောင်နှင့် မျိုးအောင်ထွက်လာ၊ မြန်မာဆန်ဆန် ဝတ်စားထားသည့် စန္ဒီတို့အုပ်စု မြင်၍ အံ့အားသင့်။ အချင်းချင်းလက်တို့ပြော။ ထိုသို့ပြောနေသည်ကို စန္ဒီတို့က တွေ့သွား၍ အရယ်ရပ်။ ဣန္ဒြေရရှနှင့် သူတို့ရှေ့က ဖြတ်လျှောက်သွား၊ တိုးမောင်နှင့် မျိုးအောင်က မျက်စိတဆုံးလိုက်ကြည့်ပြီးမှ အံ့အားသင့်သည့် အမူအရာဖြင့် ပခုံးတွန့်လိုက်၊ ထို့နောက်နှစ်လို သဘောကျဟန်ဖြင့် "ရှေးရှေးက မြန်မာမလေး တွေလှကြပြီဟေ့ဆိုရင် . . ." ဟူသော သီချင်း ကိုသံပြိုင်ဟစ်လျက် တစ်ဖက်သို့ ဝင်သွား။ တီးဝိုင်းမှ ထိုသီချင်းကို တစ်ကျော့ပြန်တီးလျက် အခန်းပြောင်း။

ဪ ❖ ❖ ဪ

# ပြကွက် (၂၀)

**နေရာ** မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်း။

**အချိန်** နံနက်ပိုင်း။

**အခင်းအကျင်း** ရဲတပ်ဖွဲ့မှူး၏ရုံးခန်းအသွင် ယခင်အတိုင်း မပြောင်းမလဲပဲ ခင်းကျင်းထား။ ရုံးခန်းအတွင်းရှိ စားပွဲကုလားထိုင်များ သပ်ရပ်စွာ ညားစွာ ခင်းကျင်းထား၊ ရုံးခန်းနံရံတွင် "ကူညီပါရစေ" ဟူသော စာလုံးကိုအဝေးမှ အတိုင်းသားမြင်ရအောင် ရေးသားချိတ်ဆွဲထား။

**အဝတ်အစား** (က) ရဲတပ်ဖွဲ့မှူးနှင့် ဆရာအဆင့်ရှိ ရဲတပ်ကြပ် ဝတ်စုံ။

(ခ) ဦးဘစိန်နှင့် ဦးသက်ဦး၏ လူကြီးလူကောင်း ဆန်ဆန်ဝတ်စုံ။

**ဇာတ်ညွှန်း** (ပြကွက်ပြောင်း တီးလုံးဆုံးသည်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ကြပ်တစ်ဦးရှိနေစေ . . . ရဲတပ်ဖွဲ့မှူးက ထိုင်နေပြီး၊ ရဲတပ်ကြပ်က မလှမ်းမကမ်းတွင် ဗိုင်တွဲတစ်ခု ကိုင်ရပ်နေ၊ ဆလိုက်မီးဖြင့် သူတို့နှစ်ဦးပုံရိပ် ပိုပေါ်လွင်အောင် ထိုးပေး

ထား၊ တပ်ဖွဲ့မှူးက သွားလို့ရပြီဟု အချက်ပြလိုက်ချိန် ရဲတပ်ကြပ်က အလေးပြုပြီး ပြန်လှည့်အထွက်တွင် ကခွင်အောက်ညာဘက်မှ ဦးဘစိန်နှင့် ဦးသက်ဦးဝင်လာ . . . မြို့နယ်တပ်ဖွဲ့မှူးက ရပ်လျက်ခရီးဦးကြိုပြုပြီး၊ ထိုင်ခုံတွေညွှန်ပြ)

**ဦးဘသော်** လာကြပါ . . . ဘယ်ကလှည့်လာလဲ။ ဒီသက်သက်ပဲလား အန်ကယ်။

**ဦးဘစိန်** (အိုက်တန်ဖြင့် လက်ကိုင်ပဝါထုတ်၊ ချွေးသုတ်ယပ်ခတ်ရင်း) ဒီကိုသက်သက်ပါပဲ။ နေက မထွက်ရသေးဘူး ပူတာကြောက်စရာကြီးမတတ်ဘဲ မြို့နယ်မှူးရေ . . . ။

**ဦးဘသော်** ဟုတ်မှာ . . . အရိပ်ထဲထိုင်နေတဲ့ ကျွန်တော်တောင် မခံနိုင်ဘူး။ နေဦးအန်ကယ် . . . အအေးလေးသုံးဆောင်လိုက်။

**ဦးဘစိန်** (ဦးဘစိန်က စားပွဲပေါ်ရှိ ဘဲလ်တီးလျက် လူခေါ်ရန်ပြင်သော် ဦးဘစိန်ကဖမ်းတား) နေပါစေ မြို့နယ်မှူး ကျွန်တော်တို့ အအေးမသောက်ရဲဘူး။ ရေခဲရေသောက်တာနဲ့ အထွေထွေရောဂါတွေ ဝင်လာတာပဲ။

**ဦးဘသော်** ရေခဲစိမ်အအေးပါ။ ပူနေတာတွေတော့ သက်သာသွားတာပေါ့။

**ဦးဘသော်** နေပလေ့စေမြို့နယ်မှူး။ ခဏနေအပူသက်သာသွားမှာပါ။ အလုပ်ကအထွေအထူးတော့ မရှိပါဘူး။ ကျွန်တော်တို့ ကြိုးစားထားတာ တိုးတက်မှုရှိတဲ့အကြောင်း လာသတင်းပေးတာ။

**ဦးဘသော်** ဪ ဟုတ်တယ် . . . ကျွန်တော်လည်း တပ်ဖွဲ့ဝင်တွေတင်ပြတဲ့ အစီရင်ခံစာတွေ ဖတ်ပြီးဝမ်းသာနေတာ . . . ။

**ဦးသက်ဦး** မြို့နယ်မှူးဘက်က အနေအထားတော့ ကျွန်တော်တို့မသိဘူးပေါ့။ မြို့နယ်လူထုအနေနဲ့ကတော့ ကျွန်တော်တို့လုပ်ရှားမှုကို တော်တော်များများ လက်ခံလာကြပါတယ် . . . ကိုယ်တိုင်လူအင်အားနဲ့ မပူးပေါင်းနိုင်လည်း နှုတ်အားဖြင့် အားပေးသူရှိသလို၊ ငွေကြေးအကူအညီပေးသူတွေလည်း ရှိလာတယ်။

**ဦးဘသော်** ဝမ်းသာစရာပေါ့အန်ကယ်။ ဘာပဲပြောပြော လုပ်ရတဲ့လူလည်း အားရှိတာပေါ့။

**ဦးဘစိန်** ဒီနေရာမှာ မြို့နယ်ဥက္ကဋ္ဌနဲ့ မြို့နယ်မှူးတို့ စွမ်းအားစိုက်ထုတ်မှုက အခရာကျပါတယ်။

**ဦးဘသော်** ဒီလိုလည်း မဟုတ်ပါဘူး။

**ဦးဘစိန်** ဘယ်မဟုတ်ဘဲရှိမလဲ . . . အာဏာပိုင် အဖွဲ့အစည်းက ဦးဆောင်မှုပေးတယ်ဆိုတော့ မကောင်းရာ မကောင်းကြောင်းတွေပါလာတယ်။ ပြောရရင် ကျုပ်တို့ကလမ်းညွှန် ဦးဆောင်နိုင်တာက လွဲပြီး၊ ဝန်ထမ်းဆိုတော့ ငွေကြေးမပြည့်စုံဘူး။ ဥက္ကဋ္ဌကြီးတို့ ဟောပြောတော့ မြေလှူတဲ့လူကလှူ၊ အဆောက်အအုံ ဆောက်လှူတဲ့လူ

ကလျှ ဒါနဲ့စာကြည့်တိုက်ဖြစ်သွားတယ်။ တစ်ခါ စာပေဗိမာန်ကပါသူက ငွေကြေးထည့်ဝင်ပြီး စာပေဟောပြောပွဲလုပ်ပေးတယ်။ ကျုပ်တို့ ဟောတာပြောတာထက် စာရေးဆရာတွေ ဟောတာကျတော့ ဒက်ခနဲထိရောက်သွားတယ် . . .။

ဦးဘသော် အမှန်ပဲအန်ကယ်။ ဟောပြောပွဲတုန်းက ကျွန်တော်လည်း တက်နားထောင်တယ်လေ . . . အဟောကောင်း အပြောကောင်းတွေကလည်းဖြစ်ပြန်၊ ဗဟုသုတရစရာ စကားတွေပြောသွားတော့ အကျိုးရှိတာပေါ့။

ဦးသက်ဦး အဲဒါပြောတာ . . . ကျုပ်အိမ်နားက ကလေးမလေးတွေဆိုရင် ဝတ်စားဆင်ယင်ပုံ၊ နေပုံထိုင်ပုံကအစ သိသိသာသာပြောင်းသွားတယ်။ သူ့ဘွားအေကဆို ကျုပ်ကိုကျေးဇူးတင်လွန်းလို့တဲ့။ ဟဲ့ဒီလိုမနေနဲ့၊ ဒီလိုမဝတ်နဲ့၊ ဒီလိုမပြောနဲ့ ဆိုတာ တစ်ချက်နားမထောင်ခဲ့ဘူးတဲ့။ ခုတော့ အပြောရလွတ် ပြောင်းလဲသွားလို့ နောက်နောင်လည်း ဒီလိုဟောပြောပွဲတွေ လုပ်ပေးဖို့ပြောတယ်။ ငွေကြေးလည်း ထည့်ပါမယ်လို့ ကတိခံတယ်။

ဦးဘသော် အဆင်ပြေလိုက်တာ . . .။

ဦးသက်ဦး အဲလိုအဆင်ပြေတာမြင်တော့ ရှေ့တစ်ဆင့်တက်ဖို့ ကျုပ်တို့စဉ်းစားမိကြပြန်တယ်။



ဦးဘသော် ဘာများပါလိမ့်။ အန်ကယ်တို့ စိတ်ကူးဆိုရင် သင့်မှာပါ။

ဦးသက်ဦး ဒီလိုမြို့နယ်မှူးရဲ့၊ ရပ်ကွက်တချို့မှာ ဓမ္မစကြာဝတ်ရွတ်အဖွဲ့တွေ ရှိတယ်။ ရပ်ကွက်တိုင်းဖွဲ့စည်းနိုင်အောင်လုပ်မယ်။ ပြီးတော့ မင်္ဂလာစာပြန်ပွဲကျင်းပပေးမယ်။ ဒီကိစ္စဖြစ်အောင် တိလောကာရုံဆရာတော်ကလည်း ကူညီမယ်။ သူ့မှာစာချဆရာတော်တွေရှိတယ်။ တစ်ရပ်ကွက်တစ်ပါး လွှတ်ပေးမယ်။ ဆရာတော်တွေက မင်္ဂလာတရားတော်သင်ပေးမယ်။ (၃၈)ဖြာ မင်္ဂလာပေါ့နော်... ကလေးတွေကို မင်္ဂလာသုတ် သင်ပေးရင် လိမ္မာရေးခြားရှိတာ နောက်ထား။ လောလောဆယ်တော့ မင်္ဂလာတရားတော်နဲ့အညီ နေတတ်ကြမယ်။

ဦးဘသော် အဲဒါကြောင့် ကျွန်တော်ပြောတာ။ အန်ကယ်တို့ စိတ်ကူးရင် ကောင်းမှာပါဆိုတာ အဲဒါပဲ။ မင်္ဂလာတရားတော်သင်ပေးတာ မကောင်းဘဲနေမလား အန်ကယ်ရယ် . . .။

ဦးသက်ဦး ရပ်ကွက်လိုက် အပြိုင်အဆိုင်ဖြစ်အောင် စာပြန်ပွဲကျင်းပပေးမယ်ဆိုတော့ ရပ်ကွက်လူကြီးတွေလည်း အပြိုင်အဆိုင်ဖြစ်မယ်။ အားထည့်ကြမယ်ပေါ့။ အဲ . . . ပြိုင်ပွဲဆုရတာ မရတာအပထား။ ကလေးတွေ မင်္ဂလာတရားနဲ့ ယဉ်ပါးသွားမယ်။

**ဦးဘသော်** အမှန်ပဲအန်ကယ် . . . ဒါဟာ အင်မတန်ထိရောက်တဲ့လက်နက်ပဲ။ သာမန်လူတွေ မပြောနဲ့ဦး၊ အချုပ်ကျနေတဲ့လူတွေ . . . ထောင်ကျနေသူတွေကို ကျွန်တော်တို့က ညစဉ်ဘုရားဝတ်တက်ခိုင်းတယ်။ စိတ်ပါလို့ပဲဖြစ်ဖြစ် . . . မပါဘဲပဲဖြစ်ဖြစ် တာဝန်အရရွတ်ရင်း လူဆိုးတွေက ယဉ်ပါးလာတယ်။ အပြောကြမ်း၊ အပြုကြမ်းတဲ့လူဆိုးတွေတောင် သိမ်မွေ့လာစေနိုင်တဲ့ ဘုရားတရားတော်ပဲအန်ကယ်။

**ဦးသက်ဦး** အဲဒီစိတ်ကူးကြောင့် ဒီလာတိုင်ပင်တာပဲ။

**ဦးဘသော်** ကောင်းတယ် . . . ကျွန်တော်ဘာကူညီရမလဲ။

**ဦးသက်ဦး** ရပ်ကျေးအစည်းအဝေးခေါ်နိုင်အောင် တိုက်တွန်းဖို့ရယ်၊ ရပ်ကျေးအာဏာပိုင်တွေ စိတ်ဝင်တစားလုပ်ဖို့ရယ် . . . ဘေးဘမ်းအကူအညီရဖို့ရယ် . . . ။

**ဦးဘသော်** ဒါကူညီရမှာပေါ့။ မြို့နယ်ဥက္ကဋ္ဌလည်း ကျွန်တော်တင်ပြမယ် . . . လူငယ်တွေ ဒီသင်တန်းတက်အောင်လည်း ဝိုင်းစည်းရုံးပေးမယ်။ ဒါနဲ့ အားကစားဘက်ကရော ဘယ်လိုအခြေအနေရှိလဲမသိဘူး။

**ဦးဘစိန်** (တက်ကြွသည့်အမူအရာဖြင့်ပြော)အား . . . တိုးတက်မှ တိုးတက်ပဲ မြို့နယ်မှူးရေ . . . မြို့နယ်မှူးကတော့ အလုပ်များလို့ အားကစား



ကွင်းဘက်မရောက်နိုင်တာ သေချာတယ်။ ကျုပ်တို့ကတော့ နေ့တိုင်းသွားတယ်။ လူကြီးတွေစုပြီး ကိုယ်လက်လှုပ်ရှားမှုလုပ်တယ်။ ဒါကိုမြင်တော့ ကလေးတွေကလည်း လိုက်လုပ်တာပေါ့။

**ဦးဘသော်** ဟုတ်လား . . . ။

**ဦးဘစိန်** မြို့နယ်မှူးမြင်ရင် အံ့ဩသွားမယ်။ ညနေပိုင်းကျရင် အားကစားကွင်းမှာ ပွဲတော်တမျှ စည်ကားနေတယ်။

**ဦးဘသော်** ဝမ်းသာစရာပဲ။

**ဦးဘစိန်** ဦးစိန်မောင်ကလည်း လူတော်ပါ။ လူငယ်တွေလည်း တော်တော်စည်းရုံးနိုင်တယ်။ အားကစားနည်းပေါင်းစုံကို သူကပြပေးတယ်၊ ခုဆို အထက်ကျောင်းက ကာယဆရာမတွေပါ ပူးပေါင်းပါဝင်ကူညီနေပြီ။

**ဦးဘသော်** ဒီအကြောင်းကို ဥက္ကဋ္ဌကြီး တင်ပြရဦးမယ်။

**ဦးဘစိန်** အဟဲဟဲ၊ ဦးဘသော်က ခုမှတင်ပြဖို့လုပ်နေတာ . . . ဥက္ကဋ္ဌကိုယ်တိုင် ကာယလေ့ကျင့်ခန်းလာလုပ်နေပြီ။

**ဦးဘသော်** ဟင် . . . တကယ်လား၊ ဒါဆို ကျွန်တော်ပဲ ခေတ်နောက်ကျနေတာပေါ့။

**ဦးဘစိန်** ဒါကြောင့် ဗိုတ်ခေါ်ရင်း အခြေအနေပေးရင် ပြောဖို့ ဝင်လာတာ . . . ။

**ဦးဘသော်** ကျွန်တော်တို့ဘက်မှာလည်းမှခင်းတွေ သိသိသာသာ လျော့နည်းလာတာ သတိပြုမိတယ် . . . ဟိုရာကွတ်ကို မဖမ်းခင်၊ အဓိကဝင်လမ်းကို ပထမနှိပ်ကွပ်လိုက်တယ်လေ . . . ဒါတောင် အလယ်အလတ်လောက်ပဲ ဖမ်းနိုင်တာပါ။ အထက်ပိုင်းကို အသိပေးပြီး အကိုင်းခုတ်လိုက်တော့ ဒီအရွက်တွေ ခြောက်ကုန်တာပေ့ါ။ အဲ . . ရာကွတ်ကိုစစ်တော့ နောက်ထပ်ဂိုဏ်းခွဲတွေပါ ဖမ်းဆီးနိုင်တယ်။ အရောင်းအဝယ်ကတော့ ရပ်သလောက်ဖြစ်သွားပြီ။

**ဦးဘစိန်** အရောင်းအဝယ်ရပ်ရင် စားသုံးသူလည်း တဖြည်းဖြည်း ပျောက်သွားမှာပါ။ အဲဒီဘက်က လွင့်စင်လာတဲ့ အရွက်ခြောက်တွေကို ကျွန်တော်တို့က ကောက်ယူပြီးပြန်ပျိုးထောင်ပေးတော့ တိုးတက်မှုက မြန်ဆန်တာပေ့ါ။

**ဦးဘသော်** ကောင်းတယ်အန်ကယ်ရာ . . . တကယ်မင်္ဂလာသတင်းပဲ။ ဒါဆို ကျွန်တော်တို့ ကြိုးစားရကျိုးနပ်တာပေ့ါ။

**ဦးဘစိန်** အမှန်ပေ့ါ။ အဲ . . . မကြာခင်မှာ ဒီ့ထက် ဝမ်းသာစရာကောင်းတဲ့ သတင်းတွေ ယူဆောင်လာပါဦးမယ်။



**ဦးဘသော်** ကြိုဆိုပါတယ် . . . လိုက်လိုက်လှဲလှဲ ကြိုဆိုပါတယ်အန်ကယ်။ (ဦးဘသော်က ထလျက် လက်ကမ်းပေးပြီ။ ပြုံးပြုံးရွှင်ရွှင်နှင့် နှုတ်ဆက်ချိန်တွင် ကခွင်တစ်ခုလုံး မီးမှောင်ချ။ အခန်းပြောင်းတီးလုံးဖြင့်ကူး)

❖ ❖

## မြကွက် (၂၁)

**နေရာ** မြရာခန်းမ။

**အချိန်** ညပိုင်း။

**အခင်းအနား** ကခွင်ကို ဇာတ်ပွဲတစ်ခုနှယ် ခင်းကျင်းထားပြီး ကတ္တီပါပြည်ပုံးကားချထား။ ကခွင်၏အထက်ပိုင်းတွင် အစိမ်းရောင်ပိတ်ကားပေါ်၌ "ရပ်ကွက်ပေါင်းစုံ မင်္ဂလာနိဒါန်း ဇာတ်လမ်းသရုပ်ပြပွဲ၊ ပြိုင်ပွဲ" ဟူသော အဖြူရောင်စာတန်းချိတ်ဆွဲထား။

**အသံ** ပြပွဲအလိုက် သီဆိုရေရွတ်မည့် (၃၈)ဖြာ မင်္ဂလာသံပေါက်များကို ကလေးများကြိုတင်သီဆိုအသံသွင်းထား။ ကခွင်တစ်ခုလုံးသင့်တော်သည့် နေရာများတွင် စကားပြောခွက်များ တပ်ဆင်ထား။

**မီး** ရောင်စုံဆလိုက်မီးဖြင့် ကခွင်ကိုထိုးထား။ ပြည်ပုံးကတ္တီပါ ကန့်လန့်ကာပေါ်ဆလိုက်မီးဖြင့် ကွက်ထိုးထား။ ကကွက်အလိုက် မီးဆလိုက်များလိုအပ်သလို အသုံးချသွား။



**ဇာတ်ဝင်ပစ္စည်း** ရပ်ကွက်အလိုက်၊ ကခွင်အလိုက်လိုအပ်သော ပစ္စည်းပစ္စယအစုံအလင်။

**အဝတ်အစား** (မြကွက်အခန်းပြောင်းတီးလုံးဆုံးလျှင် ကခွင်တစ်ခုလုံး မီးမှောင်ချ။ ကတ္တီပါပြည်ပုံးကားပေါ် ဆလိုက်မီးဖြင့် ကွက်ထိုးထား။ အခမ်းအနား အစီအစဉ်မှူးက သေသပ်ကျနစွာ ဝတ်စားလျက် စကားပြောခွက်ရှေ့ မာန်ပါပါလျှောက်လာ . . .)

**အခမ်းအနားမှူး** ယနေ့ ကြွလာမိတ်သဟာ ရှမ်းသာကိုယ်စိတ်ပြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့ပါတယ်၊ ယခုည ကျွန်တော်တို့မြို့နယ်ရဲ့ "ရပ်ကွက်ပေါင်းစုံက မင်္ဂလာနိဒါန်းဇာတ်လမ်းသရုပ်ပြပြိုင်ပွဲ" အစီအစဉ်ကို တင်ဆက်ဖို့ အချိန်ကျနေပါပြီ။ ဟုတ်ကဲ့ ဒီအစီအစဉ်မှာ ပါဝင်ယှဉ်ပြိုင်ဖို့ စာရင်းပေးထားတာ ရပ်ကွက် (၇)ခုရှိပါတယ်၊ ပါဝင်ပြသဖို့ အစီအစဉ်အရ မဲနှိုက်ရွေးချယ်တော့ ပ–စံပြရပ်ကွက်က နံပါတ်တစ်နေရာက ရသွားပါတယ်၊ ပ–စံပြရပ်ကွက် လူငယ်မောင်မယ်များတင်ဆက်ယှဉ်ရမှာက "အသေဝနာစ ဗာလာနံ" မင်္ဂလာအခန်းဖြစ်ပါတယ်၊ (၃၈)ဖြာမင်္ဂလာတရားတော်ကို လေ့လာသင်ယူအလွတ်ကျက်မှတ် နုတ်တက်အာဂုံဆောင်ထားတဲ့ လူငယ်လေးများကို စီစဉ်ညွှန်ပြသူက ဦးမောင်မောင်ပါ။ ဟုတ်ကဲ့ ဦးမောင်မောင်ညွှန်ကြားပြီ။

ရုပ်ကွက်လူငယ်လေးများ တင်ဆက်ပြသမည့် "အသေဝနာစဗာလာနံ" ကို ဘယ်ပုံသရုပ်ထုတ် သဏ္ဌာန်လုပ်ပြမယ်ဆိုတာ အကဲဖြတ်ကြည့်ရှုတော်မူကြပါ)

ဇာတ်ညွှန်း အခမ်းအနားမှူးပြောပြီးသည်နှင့် ဆလိုက်မီးရုပ်၊ ကခွင်ကိုအမှောင်ချ။ တစ်ဖန်ကခွင်တစ်ခုလုံး မီးပြန်လင်းအောင်ဖျန်းထား။ ထို့နောက် အသင့်ကြိုသွင်းထားသည့် မင်္ဂလာသံပေါက်ကို ကလေးငယ်လေးများ၊ သီဆိုထားသည့်တေးကို ပီပြင်ပြတ်သားအောင်ဖွင့်ပေး။

သံပြိုင်တေး လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့
မမှီဝဲနဲ့ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်
ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး
မျှော်တွေးသုံးချက်ပေ
အဲ့ဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ဇာတ်ညွှန်း သီချင်းသံဆုံးသည်နှင့် ပြည်ပုံးကန့်လန့်ကာကြီးကို ဖြည်းဖြည်းချင်း ဖွင့်။ နောက်ခံပိတ်ဖြူကားချပ်ပေါ် ရောင်စုံဆလိုက်ဖြင့် စိတ်ဝင်စားအောင်ထိုးပေးထား။ စောစောက သီဆိုသော မင်္ဂလာသံပေါက်တေးကို တိုးညှင်းစွာဖွင့်ပေးထားချိန်၊



ကခွင်အောက်ပိုင်း၊ ဘယ်ဘက်တိုင်ကာနောက်မှ ဆရာမဦးဆောင်ပြီး ကျောင်းသားများထွက်လာ . . . ဆရာမက တပည့်များကို ဆုံးမနေဟန်ဖြင့် လက်ညှိုးတထောင်ထောင်ဖြင့် ရှင်းပြနေ၊ ကလေးတွေက ဆရာမစကား စိတ်ဝင်တစားနားထောင်ရင်းလိုက်လာ။ ကခွင်တစ်ဝက်အရောက်တွင် ဆရာမက ရပ်ပြီးစကားပြောနေ . . . ထိုစဉ် ကခွင်၏အထက်ညာဘက်မှ လူဆိုးလူမိုက်ဟန်ဝတ်စားထားသူများထွက်လာ . . . တစ်ယောက်၏လက်ထဲတွင် အရက်ပုလင်းကိုင်လာ . . . ပုလင်းကိုမော့သောက်ရင်း ယိမ်းထိုးနေ . . . အခြားတစ်ယောက်က ဓါးမြှောင်တဝင့်ဝင့်အမူအရာလုပ်နေ။ ထိုသူနှစ်ယောက်ကို ကလေးငယ်တစ်ဦးကမြင်၍ ဆရာမက ခြေဟန်လက်ဟန်ဖြင့်ရှင်းပြ။ ကလေးများ သူတို့ဆရာမစကားနားထောင်လျက် မျက်နှာလွှဲ၊ အရေးမလုပ်သည့် အမူအရာလုပ်၊ သူတို့ကို အလေးဂရုမပြုသည့် ကလေးတွေကိုကြည့်ပြီး သဘောကျဟန်ဖြင့် ဟားတိုက်ရယ်မောရင်း လူမိုက်နှစ်ယောက်ထွက်သွား။ ဆရာမက ကလေးများကို ထိုသူကဲ့သို့ မမိုက်ရန်၊ လိမ္မာရေးခြားရှိရန် အမူအရာဖြင့်သင်ပြနေချိန်၊ ရှေးပညာရှိပုံ ခေါင်းပေါင်းဖြူ၊ သိုရင်းအကျီဝတ်နှင့် ပုဝါလွယ် တစ်ယောက်ကခွင်အောက်ပိုင်း ညာဘက်မှ

ထွက်လာ။ အဆိုပါ သူက သူ့လမ်းသူလျှောက် လာချိန် ကလေးငယ်တစ်ဦးက ဆရာမကို အသိ ပေးညွှန်ပြ၊ ဆရာမက ဝမ်းသာသွားတန်ဖြင့် ကလေးတို့ကို လှမ်းခေါ်လျက် အဆိုပါ ပုဂ္ဂိုလ် ထံပြေးသွား။ ပညာရှိ ပုဂ္ဂိုလ်ထံချဉ်းကပ်၊ မသိ မလိမ္မာမှုတွေ့ရင် ဆုံးမပါ၊ သွန်သင်စရာရှိတာ သွန်သင်ပါဟူသော အမှုအရာဖြင့်ပြော . . . ပညာရှိပုဂ္ဂိုလ်က ဣန္ဒြေသိက္ခာနှင့် ကြည်၊ ကြင်နာယုယတန်ဖြင့် ကလေးတို့ကို ခေါင်းသပ် လျက် ဆုံးမစကားပြော။ ကလေးများ ခေါင်းတ ညိတ်ညိတ်ဖြင့် နားထောင်၊ ထိုအခိုက်မှာပင် ကခွင်ကို မီးမှောင်ချပြီး နောက်ခံပိတ်ပြကား ချပ်ပေါ် ရုပ်ပုံများပေါ်လာ၊ ပညာရှိပုဂ္ဂိုလ်က ကလေးတို့ကို လက်ညှိုးထိုးညွှန်ပြ၊ ဦးစွာဘုရား ရှင်၏ပုံတော်ပေါ်လာ . . . ထို့နောက် ပဥ္စဝဂ္ဂီငါးဦး အား တရားပြနေပုံပေါ်လာ။ ထို့နောက် ဘုရားရှင် နှင့် နောက်ပါသံဃာများ ဒေသစာရီကြွနေပုံ ပေါ်လာပြီး ရုပ်သေပြကွက်ပျောက်။ ကခွင်တစ်ခု လုံး အလင်းပြန်ပေါ်ချိန်တွင် ကခွင် အထက်ပိုင်း ဘယ်ဘက်မှ အဘိုး၊ အဘွားနှစ်ဦး ခပ်ဖြည်း ဖြည်းလျှောက်လာ တောင်ဝှေးကို တစ်ဖက်မှ ကိုင်ပြီး အခြားတစ်ဖက်၌ ပုတီးကိုင်လျှောက်



လာသည့် အဘိုးအဘွားကိုတွေ့သော် ပညာရှိ ပုဂ္ဂိုလ်က ကလေးတို့ကို မိဘများအား ရိုသေ သင့်ကြောင်း၊ ရှိခိုးသင့်ကြောင်း၊ ပူဇော်သင့် ကြောင်း အမူ အရာဖြင့်ပြောပြီး ကလေးတို့ကို ဦးဆောင်ခေါ် သွား။ အဆိုပါ မိဘနှစ်ပါးအနား ရောက်သော် ကလေးများက ရိုသေစွာရှိခိုး။ အဘိုးနှင့်အဘွားက ကောင်းချီးသာခုခေါ်ပြီး ခေါင်းတညိတ်ညိတ် နှင့် ကျေနပ်နေစေ . . . ကလေးများက အဘိုးနှင့် အဘွားကို ဖေးဖေး မမ လက်တွဲခေါ်ငင်လျက် တစ်ဖက်ပုဏ္ဏားကွယ် နောက်သို့ဝင်သွား။ ထိုအချိန် အသံသွင်းခွေမှ စောစာက သီဆိုထားသည့် သီချင်းခွေကို ပြန် ဖွင့်ပေးချိန်တွင်ပင် ပြည်ပုံးကန့်လန့်ကာကြီး တလိပ်လိပ်ကျလာ။

**အခမ်းအနားမှူး**

ဟုတ်ကဲ့ . . . ပ–စံပြရုပ်ကွက်လူငယ်များက ခွင့်ပြုချိန်အတွင်းမှာ။ "အသေဝနာစဗာလာနံ" ဇာတ်သရုပ်ပြကွက်နဲ့ တင်ဆက်သွားပါတယ်။ အနုပညာရှင်မဟုတ်တဲ့ ကလေးများရဲ့ကြိုးစား သရုပ်ဆောင်ချက်က ချွဲမက်စရာပါပဲ။ အခု တစ်ဖန် တင်ဆက်ပြသမှုက ရွာမရုပ်ကွက် သူ လူငယ် မောင်မယ်များရဲ့ တင်ဆက်ပြသမှု အစီအစဉ်ဖြစ်ပါတယ်၊ ရွာမရုပ်ကွက်သူ

ရပ်ကွက်သားတွေ တင်ပြမှာက။ "ပဋိရူပ ဒေသဝါသောမင်္ဂလာ သရုပ်" ဖြစ်ပါတယ်၊
ဒီမင်္ဂလာက ဘာပါလဲ ဆိုတော့

**ကုသိုလ်ပညာ ဥစ္စာရဖို့**
**သင့်ရာဒေသအမြဲနေ။**
**ရှေးကတင်ကြို ပြုခဲ့ဖူးသည့်**
**ကောင်းမှုအထူးရှိပါစေ။**
**မိမိကိုယ်ကို ကောင်းအောင်ထိန်းဖို့**
**မတိမ်းစေနဲ့ ဆောက်တည်လေ။**
**ဥစ္စာကိုပေး နေထိုင်ရေး**
**မျှော်တွေးသုံးချက်ပေ။**
**အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။**

ဟုတ်ကဲ့ ဒီမင်္ဂလာနဲ့ ပတ်သက်လို့ ဘယ်ပုံတင်ဆက်မယ်ဆိုတာ ရွှေပွဲလာတို့ အကဲဖြတ်ကြည့်ရှုတော်မူကြပါ။

ဇာတ်ညွှန်း — အခမ်းအနားမှူးစကားဆုံးသည်နှင့် ပြည်ဖုံးကန့်လန့်ကာဖွင့်။ ကခွင်နောက်ပိုင်းတွင် မှုခင်းပန်းချီကားချပ်ရေးခြယ်ထား။ ကခွင်အောက်ပိုင်းညာဘက်ပုဏ္ဏားကွယ်နောက်မှ လုလင်ငယ်တစ်ဦး အထုပ်တစ်ထုပ်ကို တံပိုးလျှိုထမ်းပြီး သီချင်းဆိုထွက်လာ . . . ။



လုလင်ပျို — (နောက်ခံအသံသွင်းခွေမှ သီချင်းဖွင့်ပေး။ လူငယ်လေးကသီချင်းသားနှင့် အညီ သွက်လက်တက်ကြွစွာ လှုပ်ရှားကပြ)
(ရွာမလေ . . . တောတောင်ရေမြေအနံ့ခြေဆန့်ရွာမလေ။
ကိုယ့်အတွက်ရယ်မို့ × ပင်ပန်းတယ်မှန်းမသိလေ ×××
ဝိရိယစိုက်ထုတ် အပတ်တကုတ်ကြိုးပမ်း × မနားတမ်းရှာဖွေ ××× ကုသိုလ်ပညာ စုံစွာရရေး ××× ကြိုးစားရှာမလေ ×××)[၂]

ဇာတ်ညွှန်း — သီချင်းနှင့်အတူ ပျော်ပျော်ရွှင်ရွှင်ကရင်း ကားလိပ်ကြားပြေးဝင်သွား။ ကခွင်တစ်ခုလုံး မီးမှောင်ချ။ နောက်ခံကားချပ်ရေး ဆလိုက်မီးထိုးထား။ စောစောက လူငယ်လေးတစ်တောဝင်၊ တစ်တောင်တက်လျက် ခရီးဆက်ရှာရင်း ရေမြေသဘာဝကောင်းသည့် အရပ်ကိုမြင်သဖြင့် လက်ညှိုးညွှန်ပြပြီး ဝမ်းသာအားရပြေးသွားစေ၊ မီးရောင်က ခွင်တစ်ခုလုံးမြင်သာအောင် ဖျန်းပေး။ လူငယ်လေးက အဝတ်အစား သပ်သပ်ရပ်ရပ်ပြောင်းလဲဝတ်ပြီးထွက်လာ ရှေ့မလှမ်းမကမ်းတွင် ဆွမ်းအလျှုခံကြွလာနေသော ရဟန်း

တစ်ပါးမြင်သော် လက်အုပ်ချီလျက် ရှိခိုး။ ပါလာသည့် လှူဖွယ်ကို ရိုရိုသေသေ လှူဒါန်းပြီး ဆုတောင်းမှုပြု ထိုစဉ်မှာပင် မီးရောင်များ လင်းလာပြီး နောက်ခံတေးသီချင်းသံပေါ်လာ

. . .

**အခမ်းအနား** ဟုတ်ကဲ့ ပဋိရူပဒေသဝါသောအခန်းတစ်ခန်း ရပ်ချိန်မှာတော့ အမှတ်ပေးအကဲဖြတ်သူတွေနဲ့ တကွ ရွှေပွဲလာများ အငြီးပြေစေဖို့ အနားသတ်ကာ ကြားဖြတ်ဖျော်ဖြေမှာက အသံတူကြွယ် တစ်လုံးရဲ့ အစီအစဉ်ပဲဖြစ်ပါတယ်ခင်ဗျား . . .။

**ဇာတ်ညွှန်း** (အခမ်းအနားမှူး ကြေညာချက်အဆုံးတွင် တီးဝိုင်းအဖွဲ့မှ အခန်းပြောင်းတီးလုံးမြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်လိုက်ရာ . . . ပြည်ပုံးကာန့်လန့်ကာကြီး ကျလာစေ . . .)

# ပြကွက် (၂၂)

**နေရာ** မြို့ပတ်လမ်းတစ်နေရာ။

**အချိန်** ညနေနေဝင်ရီသရောအချိန်။

**အခမ်းအနား** အထက်ခွင်နောက်ဘက်တွင် မြေနီလမ်း၊ ထိုလမ်းဘေး၌ လူနေအိမ်ခြေများနှင့် အရိပ်ရအပင်ပုလေးများ စိုက်ထားဟန်ပန်းချီဆွဲထားသည့် ကားချပ်ချထား။

**မီး** ဆည်းဆာ၏ သရုပ်ပေါ်အောင် နေလုံးကြီးဝင်နေဟန် မီးဆလိုက်ဖြင့် ထိုးထား။ ကခွင်တစ်ခုလုံး မှိုင်းပျပျအလင်းရောင်ရစေရန် ခွင်မီးဖျန်းပေးထား။

**အသံ** ဇာတ်ရုပ်များ၏စကားသံ ပီပီသသကြားစေရန် အသံဖမ်းခွက်များ တပ်ဆင်ပေးထား။

**ဇာတ်ဝင်ပစ္စည်း** စက်ဘီးနှင့် ဆိုက္ကားများ။

**အဝတ်အစား** ကောင်းဆု၊ တိုးထက်၊ တင်ဦးစသည့် လူငယ်လေးများ၏ ခေတ်ဆန်ဆန်ဝတ်စုံများ။ ဖြတ်လျှောက် ဇာတ်ရုပ်များ၏ သာမန်အဝတ်အစားများ။

ဇာတ်ညွှန်း — ခွင်ပြောင်းတီးလုံးဆုံးသည်နှင့် ကခွင်အထက်ပိုင်း ဘယ်ဘက်ခြမ်းမှ ကုန်အပြည့်အသိပ်တင်ထားသည့် ဆိုက္ကားတစ်စီးနင်းထွက်လာ ဆိုက္ကားသမားက မနိုင်ဝန်ကို ပင်ပန်းကြီးစွာ နင်းလာဟန်။ ဆိုက္ကားက ကခွင်အလယ် အရောက်တွင် အောက်ခွင်ညာဘက်မှ ကောင်းဆုနှင့် သူငယ်ချင်းများ လျှောက်လာ ဆိုက္ကားသမားကိုကြည့်ပြီး ရပ်လျက်တွေးနေ . . . ။

တိုးထက် — ဟော့ကောင် ဘာငေးနေတာလဲ ဆိုက္ကားသမားကို အားကျနေတာလား။

ကောင်းဆု — (သက်ပြင်းမွှမွှချ) အင်း . . . အားကျတယ်လို့လည်း ပြောလို့ရတယ်၊ တရားကျတယ်လို့လည်းပြောရင်ရတယ်။

တင်ဦး — အမယ် . . . ငါ့ကောင်က ဒီနေ့စကားထူးစကားဆန်းပြောနေပါလား . . . ကေန္တဖောက်သည်ပျောက်လို့ စိတ်ဓာတ်ကျနေပြီထင်တယ်။

ကောင်းဆု — ငါစဉ်းစားနေတာ တို့များဒီလိုဆက်သွားနေမလား၊ ဒါမှမဟုတ် ဘာလုပ်သင့်လဲပြောရရင် တို့တစ်တွေ လမ်းဆုံလမ်းခွ ရောက်နေပြီ သူငယ်ချင်း။

တင်ဦး — ရော် ဟော့ကောင် တိုးတက်၊ ဒီနေ့ ဒီကောင်ဘာဖြစ်နေတာလဲမသိဘူး၊ သူ့အိမ်ကို ငါ့သွားခေါ်တုန်းကလဲ စိတ်မပါသလိုလို လုပ်နေတယ်၊



ထုံးစံအတိုင်း လမ်းလျှောက်ရင်းတိုင်ပင်ဖို့ ထွက်လာတော့လည်းစကားမပြောဘဲ ငိုင်နေတယ်၊ ပြောမယ့် ပြောတော့ သံဝေဂစကားပါလား။

ကောင်းဆု — အေး မင်းတို့က ဘာမှ မစဉ်းစားတာကို၊ တို့တစ်တွေ လမ်းမပေါ်မှာ ကလေကချေလုပ်နေတာ ကြာပြီ။

တိုးထက် — ဒါအဆန်းလားကွာ ကျောင်းနေကတည်းက ကျောင်းပြေး၊ အရပ်ထဲကျတော့လည်း နေချင်သလို နေနေတာကြာပြီ၊ အဆန်းမှမဟုတ်တာ။ တို့က လူပျိုဖြစ်နေပြီ ကောင်းဆု။

တိုးထက် — ဟေ အဟ ဒီစကားအခုမှ ပြောရသလား . .။

ကောင်းဆု — အေး တို့ပတ်ဝန်းကျင်ကို ကြည့်မိတာ သိပ်မကြာသေးဘူး၊ လူတွေ တို့အရွယ် လူငယ်တွေဟာ စာသင်ချင်သင်၊ မသင်ချင် အလုပ်တစ်ခုခု လုပ်နေတယ်၊ ခုနဆိုက္ကားနင်းသွားတာ မျိုးအောင်လေ။

တင်ဦး — အေးလေ မျိုးအောင်မှန်းသိသားပဲ။

ကောင်းဆု — ဒီကောင်က တစ်ချိန်က တို့လိုပေါ်ကြော့နေခဲ့သူ၊ အခုအလုပ်လုပ်နေပြီ။

တင်ဦး — အလုပ်လုပ်တာ အဆန်းလားကွာ၊ ဒီကောင့်မှာ ဖအေမှမရှိတော့တာ မအေမုဆိုးမကြီးကလည်း အိပ်ရာပေါ်လဲနေတော့ စားဝတ်နေရေးအတွက် အလုပ်လုပ်ရမှာပေါ့။

**ကောင်းဆု** သူနဲ့တွဲတဲ့ ဟိုတိုးမောင်လည်း ကျောက်တူးမယ်ဆိုပြီး ဖားကန့်ဘက်တက်သွားတယ်တဲ့။

**တင်ဦး** ဘာလဲ မင်းလည်း ကျောက်တူးချင်တယ်ပေါ့၊ ကျောက်မရဘဲ ငှက်ဖျားနဲ့ ချောမှာမတွေးမိဘူးလား . . .။

**ကောင်းဆု** မင်း ပေါ့ပေါ့လေး မပြောနဲ့ တင်ဦး။ တို့အသက်တွေ မငယ်တော့ဘူး၊ တစ်ခုခုတော့ စဉ်းစားသင့်ပြီ။ ဒီမယ် . . . မင်းသေသေချာချာ တွေးကြည့်၊ မြင်ကြည့်စမ်း။ အခု တို့မြို့မှာတော်တော်ပြောင်းလဲနေတာ သတိပြုမိလား . . ။

**တင်ဦး** အင်း ပြောစမ်းပါဦး။

**ကောင်းဆု** ရပ်မိရပ်ဖ လူကြီးတွေဦးဆောင်ပြီး စာဖတ်အသင်းတွေထောင်တယ်။ ရပ်ကွက်အလိုက် ဝတ်သင်းတွေ ဖွဲ့တယ်၊ အားကစားမျိုးကလည်း လူငယ်တွေစည်းရုံးပြီး အားကစားအသင်းတွေ ဖွဲ့ပေးထားတယ်၊ တို့နဲ့ ရွယ်တူတွေ . . တို့ထက်ငယ်တဲ့လူငယ်တွေ အဲဒီမှာ ဝင်လုပ်ရှားနေတယ်၊ တစ်မြို့လုံးက စည်းစည်းရုံးရုံးလုပ်နေချိန်မှာ တို့က ဘယ်နေရာမှမပါဘဲ ဘေးရောက်နေတယ်။

**တင်ဦး** ဘေးရောက်နေတော့ဘာဖြစ်လဲ၊ ကိုယ့်လမ်းကိုယ်သွား အေးအေးပဲစားနေတာပေါ့။

**ကောင်းဆု** တို့များ အသုံးမကျရာရောက်တယ်။

**တင်ဦး** အဟ ဒါဆို အသုံးကျအောင်လုပ်ပေါ့။



**ကောင်းဆု** (စဉ်းစားဟန်ပြု) အေး ငါအဲလိုတွေးမိလို့ တို့လည်းတစ်ခုခုလုပ်ကြမလားလို့ တိုင်ပင်တာ . . .။

**တင်ဦး** ဟ ကောင်၊ မင်းဘာစိတ်ကူးလွဲနေတာလဲ။

**ကောင်းဆု** စိတ်ကူးလွဲနေတာမဟုတ်ဘူး။ စိတ်ကူးမှန်ရပြီးလမ်းမှန်ကိုလျှောက်ဖို့သင့်ပြီလို့ ပြောချင်တာ။

**တိုးထက်** လိုက်သင့်ရင် လိုက်ရမှာပေါ့။ ငှက်ပေါတော့ မလိုက်ဘူးဗျို့လူ။

**ကောင်းဆု** ငှက်တောမဟုတ်ပါဘူး၊ အဲ ငှက်တောထဲ ရောက်ချင်လည်း ရောက်သွားနိုင်တယ်၊ ဒါပေမဲ့ အဲဒီလိုရောက်သွားတဲ့ ငါတို့ဟာ အခုလို အလကားလူတွေမဟုတ်တာတော့ သေချာတယ်။

**တိုးထက်** အလဲ့ တယ်ဆိုတဲ့ စာပါလား။ ဒါဖြင့်လည်း ပြောစမ်းပါဦး။

**ကောင်းဆု** အေး ငါပြောပြမယ်၊ လက်ဖက်ရည်လည်းတိုက်မယ်၊ လက်ဖက်ရည်ရိုပေါ့ကျလေးသောက်ရင်း ငါတွေးထားတဲ့ အကြံအစည်ကို နားထောင်။ ကောင်းတဲ့အစီအစဉ်ဆိုရင် ငါ့နဲ့အတူ လိုက်လုပ်မယ်လို့ ကတိပေး။

**တိုးထက်** ပေးတယ်ကွာ။

ကောင်းဆု — တင်ဦး မင်းကရော။

တင်ဦး — ပေးပါတယ်၊ ပေးပါတယ် . . . လောလောဆယ် လက်ဖက်ရည်သာတိုက်။ တို့ကို ဘယ်မှာ အကာခံမှာလဲ။

ကောင်းဆု — ညည်းစိမ်သစ်သွားမယ်။

တင်ဦး — အိုကော. . .။

ဇာတ်ညွှန်း — (သုံးယောက်သား သဘောတူလက်ခံကြောင်း လက်ငါးရိုက်၊ ကောင်းဆုက ရှင်မြူးတက်ကြွစွာ ဦးဆောင်လျက် တစ်ဖက်ကားလိပ်ကြားဝင်၊ တီးဝိုင်းမှ ရှင်မြူးတက်ကြွသည့် တီးလုံးဖြင့် ပို့ပေး။)

ကားလိပ်ချ။

❖ ❖

# မြင်ကွင်း (၂၃)

**နေရာ** — စစ်အခြေခံလေ့ကျင့်ရေးစခန်း။

**အချိန်** — အရုဏ်ဦး။

**အခင်းအနား** — နောက်ခံနံရံကာတွင် အရုဏ်ပျို့တက်လာပုံ အရောင်တင်ပေးထားရမည်။ ကွင်း၏အထက်ပိုင်းတွင် ကိုယ်လက်လေ့ကျင့်ခန်းလုပ်သည့် ပုံစံတူရုပ်ပုံများ ဘယ်ဘက်ခြမ်းတွင် ထောင်ထားရမည်။

**မီး** — အရုဏ်တက်မည့်အရောင်နှင့် အလင်းအမှောင် လှပအောင် အပူအအေးတွဲဖက်သုံးထားရမည်။ တစ်စ တစ်စ အရုဏ်ပျို့ရာမှ လင်းလုလုအရောင်များ ရွေ့လျားပြောင်းလဲပုံကို ထိန်းချုပ်မြှင့်တင်ပေးရမည်။

**အသံ** — အသင့်အသံသွင်းထားသည့် စီဒီပြားဖြင့် စစ်ချီတေးများ နောက်ခံဖွင့်ထားပြီး အသံချဲ့စက်ကို လိုလောက်အောင် နေရာအနှံ့တပ်ဆင်ထားရမည်။

**ဇာတ်ဝင်ပစ္စည်း** — လေ့ကျင့်ရေးသုံး ရိုင်ဖယ်လက်နက်များ။ ကာယလေ့ကျင့်ခန်း၌ အသုံးပြုသည့် လက်ရိုက်တုတ်များ။

**အဝတ်အစား** (၁) ကာယလေ့ကျင့်ခန်း နည်းပြဝတ်သည့် ထရက်ဆုတ်။
(၂) ရဲဘော်များ ဝတ်ဆင်သည့် စွပ်ကျယ်လက်ပြတ်၊ ဘောင်းဘီရှည်၊ ကင်းဘတ်ဖိနပ်။

**ဇာတ်ညွှန်း** အခန်းပြောင်း တီးလုံးဆုံးသည်နှင့် ဂီတ်ကင်းမှ နှိုးခရာ (မှူးခရာသံ) ထွက်လာ။ ခရာသံဆုံးသည်နှင့် ပြည်ဖုံးကန့်လန့်ကာကို ဖြည်းညှင်းစွာဖွင့်။ ထိုအချိန် နောက်ခံတေးအဖြစ် "တို့ဗမာ ဘွေ့ ရဲစွမ်းပြမည် ××× အာဇာနည်ဗိုဗို" ဟူသော စစ်ချီတေးသီချင်းကို တိုးညှင်းစွာဖွင့်ပေးထား။ ထိုစစ်ချီသံ၏ စီးချက်အတိုင်း ကခွင်အထက်ပိုင်းတွင် နည်းပြနှင့် ရဲဘော်များ ကိုယ်လှုပ်ရှားမှု ကာယလေ့ကျင့်ခန်းလုပ်နေပုံ။ ရုပ်သွင်ထင်ရှားစေရာမလိုတဲ့ အရိပ်သာလျှင် ထင်စေရမည်။ ထိုအချိန်မှာပင် ဇာတ်ရုံတွင် ကန့်လန့်ကာနောက်ကွယ် လေ့ကျင့်တစ်ကြွေးသံများကြားရ။ ဦးဆုံးတွင် ခပ်ဝေးဝေးမှ ကြားရသည့်နှယ် ခပ်တိုးတိုး။ သဲ့သဲ့။ တဖြည်းဖြည်း အသံကျယ်လာ၊ ထိုအချိန် နောက်ခံသီချင်းသံရပ်ပြီး ပွဲကြည့်ပရိသတ်စိတ်ဝင်စားအောင် လှည့်ပတ်ရောင်စုံမီးဖြင့် ကစားပေး။ နိုးလာသည်နှင့် ပြေးလွှားနေသော ကင်းဘတ်သံများ စီးချက်ညီညီကျနေဟန်ကို အသံဖြင့်ပြ။ ထို့နောက် ကခွင်၏



အောက်ပိုင်းဘယ်ဘက်ခွင်မှ သုံးယောက်တွဲစီလျက် အပြေးလေ့ကျင့်နေသည့် ရဲဘော်များကို ကာယလေ့ကျင့်ခန်း ဆရာဦးဆောင်ထွက်လာ . . . ။

**ကာယနည်းပြ** တစ် . . . နှစ် . . . သုံး . . . လေး၊ တစ်နှစ်သုံးလေး၊ တစ်နှစ်သုံးလေး၊ တစ်နှစ်သုံးလေး။ ဘာလုပ်နေလဲ။

**ရဲဘော်များ** (ရဲဘော်များက စီးချက်ညီညီ လက်ခုပ်တီးလိုက်) လေ့ကျင့်နေတယ်။

**ကာယနည်းပြ** ဘယ်သူ့အတွက်လဲ . . . ။

**ရဲဘော်များ** ပြည်သူ့အတွက်ပဲ . . . . ။

**ကာယနည်းပြ** အမှတ်စဉ် အမှတ်စဉ် အမှတ်စဉ် . . . ဆို။

**ရဲဘော်များ** တစ် . . . . နှစ် . . . . သုံး . . . . လေး။ တစ်နှစ်သုံးလေး။ တစ်နှစ်သုံးလေး။ တစ်နှစ်သုံးလေး ပြည်သူ့စစ်သား။

**ဇာတ်ညွှန်း** ကာယလေ့ကျင့်ခန်း ဆင်းနေသည့် ရဲဘော်များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြေးလွှားလျက် တစ်ဖက်တိုင်ကွယ် နောက်ပြေးဝင်သွား။ ခဏအကြာတွင် ကခွင်အောက်ထိပ်နေရာဆီသို့ ဝင်လာ . . . အပြေးချိန်မှတ်လုပ်ပြီး ရပ်လိုက်၊ နည်းပြဆရာက သက်သာပေးပြီး အသက်ရှူလေ့ကျင့်ခန်း လုပ်စေ ။

**ကာယနည်းပြ** ခြေထောက်ကိုချဲပြီး ခါးထောက်ရပ်၊ ရင်ကိုဖွင့်ထား၊ ခေါင်းကိုမော့ပြီး အသက်တဝရှူသွင်း။

ဖြည်းဖြည်းချင်းပြန်ထုတ်၊ ဟုတ်ပြီ ဟုတ်ပြီ၊ ဒီလေ့ကျင့်ခန်းက ကျန်းမာရေးအတွက် အရေးကြီးတယ်၊ မှန်ကန်တဲ့အသက်ရှူနည်းကို မှန်မှန်ကန်ကန်လုပ်ရင် သွေးသားသန့်ရှင်းပြီး ရောဂါလည်းကင်းတယ်။ ကျန်းလည်း ကျန်းမာတယ်။ ဘယ့်နှယ်လဲ မောနေပလား။

**ကောင်းဆု** မောပါတယ်။

**ကာယနည်းပြ** ဟေ မောတယ်ဆိုတာ ဘယ်သူလဲ ရှေ့ထွက်စမ်း။

**ကောင်းဆု** (သုံးယောက်တန်းစီထားရာမှ ကောင်းဆုရှေ့ထွက် . . . မောနေသဖြင့် အသက်ရှူပြင်းနေဟန်) ကျွန်တော်ပါဆရာ။

**ကာယနည်းပြ** မင်းလာ . . . ဘာပြုလို့မောတာလဲ။

**ကောင်းဆု** အလေ့အကျင့်မရှိတော့ မောတယ်ဆရာ . . .။

**ကာယနည်းပြ** ဒီလိုလား. . . ဒါဆို ညာခုန်လှည့်။ စောစောက တိုင်း တိုင်ပင်ဆိုပြီး ဟော ဒီကွင်းကို တစ်ယောက်တည်း ပတ်ပြေး။ ကိုင်း အပြေးစ. . .

**ကောင်းဆု** မော. . . မော မောနေတယ်ဆရာ။

**ကာယနည်းပြ** ဆင်ခြေမပေးနဲ့ ခိုင်းတာလုပ်၊ ပါးစပ်က တိုင်ပင်ဆို။ အပြေးစ. . .

**ကောင်းဆု** တစ်. . .နှစ်. . .သုံး. . .လေး၊ တစ်နှစ်သုံးလေး၊ တစ်နှစ်သုံးလေး၊ တစ်နှစ်သုံးလေး ပြည်သူ့စစ်သား။

**ကာယနည်းပြ** ဘယ်လိုလဲဟေ့ မောတဲ့လူရှိသေးလား။



**ရဲဘော်များ** မရှိပါဘူး။

**ကာယနည်းပြ** စွမ်းဆောင်နိုင်တယ်ပေါ့။ အေး. . . မင်းတို့ကစစ်သား။ စစ်တိုက်ရမည့်စစ်သား။ ကြမ်းကြမ်းတမ်းတမ်းလုပ်ရမယ်၊ စစ်တိုက်ချိန်မှာ မောနေမယ် မပြေးနိုင်ဘူးဆိုရင် ဘာဖြစ်သွားမလဲ။

**ရဲဘော်များ** သေသွားပါမယ်။

**ကာယနည်းပြ** ဒါပဲ စစ်တိုက်တယ်ဆိုတာ ပန်းနဲ့ပေါက်တာ မဟုတ်ဘူး၊ ပန်းခင်းလမ်းပေါ် လျှောက်ပြီး သေနတ်နဲ့ပစ်တာ မှန်တာနဲ့ သေနိုင်တယ်၊ ဒီတော့ မသေအောင် ဘာလုပ်ရမလဲ။

**ရဲဘော်များ** လေ့ကျင့်ရပါမယ်. . .။

**ကာယနည်းပြ** မင်းတို့တစ်တွေဟာ ထုထားပေသားကျအောင် အထပ်ထပ်လေ့ကျင့်ထားရမယ်။ အမောခံနိုင်အောင် နပူးကချွေး ခြေမ ကျအောင် လေ့ကျင့်ရမယ်။

**ဇာတ်ညွှန်း** (ထိုအခိုက် ကောင်းဆုက တိုင်ပင်နှင့် လက်ခုပ်တီးဟစ်ကြွေးရင်း ကွင်းအထက်ပိုင်းမှ ဖြတ်ဝင်ပြေးထွက် အချို့ရဲဘော်များ မျက်စောင်းထိုးကြည့်၊ ပြုံးစိစိလုပ်နေ)

ကာယနည်းပြ — ဒို့ လေ့ကျင့်ရေးကျောင်းမှာ ဆောင်ပုဒ်ရှိတယ်၊ ကျောင်းဝန်းထဲမှာ ထင်ထင်ရှားရှားစိုက်ထားတယ်၊ သတိပြုမိလား. . .။

ရဲဘော်များ — ပြုမိပါတယ်. . .။

ကာယနည်းပြ — ဘာတဲ့လဲဟေ့. . .။

ရဲဘော်များ — ချွေးထွက်များမှ သွေးထွက်နည်းမည်တဲ့။

ကာယနည်းပြ — ဟုတ်တယ်. . . အခုမင်းတို့ ဘာလုပ်နေတာလဲ။

ရဲဘော်များ — လေ့ကျင့်နေတာပါ။

ကာယနည်းပြ — မှန်တယ်၊ အဲတော့ ချွေးကျမှ ကြံ့ခိုင်ကျန်းမာမယ်၊ ဒီတော့ ညာခုန်လှည့်။

ရဲဘော်များ — တစ်. . .။

ကာယနည်းပြ — ဟော ဟိုရဲဘော် ဒီဘက်ပတ်လာပြီ၊ သူ့အားရှိသွားအောင် မင်းတို့လည်း တိုင်ပင်ကူ ဆိုပေးမယ်၊ သူဒီနားရောက်ရင် သူ့နောက်က ပြေးလိုက်။ ကိုင်း တိုင်ပင်စ။

ရဲဘော်များ — တစ်. . . နှစ်. . .သုံး. . . လေး၊ တစ်နှစ်သုံးလေး။ တစ်နှစ်သုံးလေး။ တစ်နှစ်သုံးလေး။ တစ်နှစ်သုံးလေး။

ကာယနည်းပြ — ဘာလုပ်နေလဲ။



ရဲဘော်များ — လေ့ကျင့်နေတာယ်။

ကာယနည်းပြ — ဘယ်သူ့အတွက်လဲ။

ရဲဘော်များ — ပြည်သူ့အတွက်ပဲ။

ဇာတ်ညွှန်း — (နည်းပြဆရာအပါအဝင် ရဲဘော်များ ပြေးဝင်သွား။ တိုင်ပင်ဆိုသံတဖြည်းဖြည်းနှင့် ဝေးသွား အခန်းပြောင်း တီးလုံးဝင်၊ ကန့်လန့်ကာချ)

❖ ❖

## ပြကွက် (၂၄)

**နေရာ** မြို့၏ အဓိကလမ်းတစ်နေရာ။

**အချိန်** နံနက်ပိုင်း။

**အခင်းအနေား** (နောက်ခံတွင် အပြုရောင်ပိတ်ကားချထား)
ကခွင်အထက်ညာဘက်ခြမ်းတွင် တောင်တန်း
ပုံရေးဆွဲထားသော အနိမ့်အမြင့် မညီမညာပြတ်
တောက်နေပုံ ထိုးကား ထောင်ထား။ တောင်
ကုန်းထက်၌ သစ်ပင်တစ်ပင်တည်း ထီးထီးကြီး
ပေါ်နေတန်ရှိနေစေ. . . ။

**မီး** ကခွင်တစ်ခုလုံး အမှောင်ချထားပြီး၊ တောင်
ကုန်းထက် ထိုင်နေသည့် ကောင်းဆုကို
ပြတ်သားစွာ မြင်နိုင်အောင် အပေါ်မှရွှေပြောင်း
ဆလိုက်မီးဖြင့် ကွက်ထိုးပေးထား။
နောက်ခံအပြုရောင် ပိတ်ကားပေါ်တွင် ကင်မ
ရာဆလိုက်ဖြင့် နွေ၊ မိုး၊ ဆောင်းရာသီ ပြောင်း
လဲပုံကို ရှုခင်းဖြင့် သရုပ်ပြထိုးပေး။ ဥတုသုံးလီ
ထိုးပြီးသည်နှင့် "သုံးနှစ်ခန့်ကြာသော်" ဟု
သော စာတန်းပေါ်လာ။



**အသံ** အသင့်အသံသွင်းထားသော နွေ၊ မိုး၊ ဆောင်း
ဥတုသုံးလီအကြောင်းဖွဲ့ဆိုထားသည့် သီချင်းကို
တိုးညှင်းစွာ ဖွင့်ပေးထား။ နောက်ခံပြကွက်နှင့်
အညီသီချင်းသရုပ်ဖော်. . . ။ ကောင်းဆု၏
နောက်ကြောင်း ပြန်တွေးပုံကြိုသွင်း။

**ဇာတ်ဝင်ပစ္စည်း** ကောင်းဆုကိုင်သည့် သေနတ်။
နောက်ကြောင်းပြန်ဇာတ်ရုပ်များအတွက်
လိုအပ်သည့်ပစ္စည်း။

**အဝတ်အစား** ရှေ့တန်းရောက် တပ်မတော်သား၏ ဝတ်စုံပြည့်။
ကြောပိုးအိတ်နှင့် လက်နက်အပြည့်အဝ။ ခန့်လှမျိုး
နှင့် သူ့ဇာနွယ်၏ မြန်မာဆန်ဆန် အဝတ်အစား။
နီဗွာန်ဘုံ တီးဟောက် ပိုင်ရှင်ရာကွက်၏ အဝတ်
အစား။
အားကာမှူး ဦးစိန်မောင်နှင့် လူငယ်မောင်မယ်
များ၏ အားကစားဝတ်စုံ။

**ဇာတ်ညွှန်း** (အခန်းပြောင်း တီးလုံးဆုံးသည်နှင့် တောင်
ကုန်းပေါ်တွင် ထိုင်လျက်တွေးနေသော ကောင်း
ဆု ရှိနေရမည်။ အလင်းရောင်လိုက်မီးဖြင့်
တရွေ့ရွေ့ ထိုးသွားပြီး ကောင်းဆု အပေါ်
ရောက်သည်နှင့် ရပ်ထား။ ကောင်းဆုက
သစ်ပင်ကိုကျောမှီထိုင်နေပြီး၊ သေနတ်ကို
ထောက်လျက် လက်ကကိုင်လျက် တွေးနေ
စေ. . . ။ နောက်ခံပိတ်ပြုပေါ် နွေမိုးဆောင်းဥတု

သုံးလီပြ အရုပ်များထင်လှ. . . ဥတုသုံးလီပြ သီချင်းကို တိုးညှင်းစွာ ဖွင့်ပေး။ တေးဆုံးသည်နှင့် သုံးနှစ်ခန့်ကြာသော်ဟူသော စာတန်းပေါ်လာ)

**ကောင်းဆု** (သုံးနှစ်ခန့်ကြာသော်. . .) ဟူသောစာတန်းထိုးပြီးသည်နှင့် ကောင်းဆု အတွေးကိုဖွင့်၊ ကောင်းဆုက အဝေးကိုငေးနေဟန်ရှိစေ. . . ဩော်. . . ငါမြို့ကခွဲခွာလာတာ သုံးနှစ်တောင်ရှိပြီပဲ. . . ငါ့ဘဝပြောင်းလည်း သုံးနှစ်သုံးလီရှိပြီ။ အင်း. . . အဓိပ္ပါယ်မဲ့တဲ့လူတစ်ယောက်အဖြစ် ငါဟာ အချိန်တွေဖြုန်းတီးခဲ့တယ်. . . အင်း တံငါနားနီးတံငါ၊ မုဆိုးနားနီး မုဆိုး ဆိုစကားသိပ်မှန်တာပဲ။ ငါနဲ့အပေါင်းအသင်းတွေဟာ ရာကွတ်ရဲ့ သိမ်းသွင်းဆွဲဆောင် မှုနောက်ပါခဲ့ကြတယ်. . .

**ဇာတ်ညွှန်း** (နောက်ခံပိတ်ကားပေါ်တွင် နိဗ္ဗာန်ဘုံ လက်ဖက်ရည်ဆိုင်ကောင်တာပေါ် မြို့မြို့ကြီးထိုင်နေသည့် ရာကွတ်ပုံပေါ်လာ. . . ရာကွတ်က ရှာည်တည်အောက်သိုးသိုးမျက်နှာနှင့် ထိုင်နေရာသို့ တိုးမောင်နှင့်မျိုးအောင်တို့ ချဉ်းကပ်သွား။ ပိုက်ဆံထုတ်ပေးပြီး အောက်ကျို့မျက်နှာနှင့် ပြောသည်ကို ရာကွတ်က နှစ်ထောင်းအားရသည့် အမူအရာဖြင့်ကြည့်၊ ပိုက်ဆံကိုအာသာငန်းငန်း



လှမ်းယူလျက် လက်ထဲမှပစ္စည်းရသည်နှင့် တိုးမောင်နှင့်မျိုးအောင်ပျော်သွားသလို ရာကွတ်ကလည်း လက်ထဲမှ ငွေစက္ကူကို ထပ်တလဲလဲ နမ်းနေစဉ်ပြကွက်ရပ်။

**ကောင်းဆု** အင်း. . .ရာကွတ်ကို ငါတို့အားလုံး ခခယယ ဆက်ဆံခဲ့ရတယ်။ တကယ်တော့ ရာကွတ်ဟာ ငါတို့ဘဝဖျက်ဆီးတဲ့နတ်ဆိုး။ မိစ္ဆာကောင်ပဲ။ ရာကွတ်ရဲ့လုပ်ရပ်ကိုမမြင်ခင်က သူဟာငါတို့ ကျေးဇူးရှင်၊ ဘဝသခင်လို့ထင်ခဲ့မိတယ်။ ရာကွတ် အဖမ်းခံရတော့ ငါ တို့အားလုံး ကျေကွဲခဲ့ကြသေးတယ်။ အမှန်တော့ ရာကွတ်ဟာ ငါတို့ကို မူးယစ်ဆေးငါးသားကောင်ဖြစ်အောင် လုပ်ခဲ့တဲ့တရားခံပဲ။ ဟုတ်တယ်. . . သူ့ကြောင့် ငါတို့ ပျက်စီးခဲ့၊ လေလွင့်ခဲ့၊ မိုက်ခဲ့ကြတယ်။ မူးယစ်နေသူဟာ အကောင်းအဆိုးမဝေဖန်နိုင်တော့ မဟုတ်တာ အကုန်လုပ်မိတယ်. . . ဒီကြောင့်လည်း ငါကတစ်ဖက်သတ်ချစ်နေတဲ့ စန္ဒီလှမျိုးကတောင် ငါ့ကို အကောင်းမထင်ခဲ့ဘူး။ အင်း။ စန္ဒီလှမျိုးဘယ်ရောက်နေလဲ. . .ဘာတွေလုပ်နေလဲ မသိဘူး။ နောက်ဆုံးတွေ့ခဲ့တုန်းက ပြောင်းလဲနေတဲ့ စန္ဒီအလှကိုကြည့်ပြီး ငါငေးမောနေမိသေးတယ်. . .)

**တတ်ညွန်း** (နောက်ခံပိတ်ကားပေါ်တွင် စန္ဒီလှမျိုးနှင့် သူဇာနွယ်တို့ မြန်မာဆန်ဆန်ဝတ်စားလျက် ယဉ်ကျေးသိမ်မွေ့စွာ လျှောက်သွားပုံပေါ်လာ. . . ကောင်းဆက်ပိတ်ကားဆီ ငေးမျှော်ကြည့်နေ. .)

**ကောင်းဆု** အင်း. . .တစ်ချိန်က ခေတ်ဆန်ဆန်ဝတ်စားတတ်တဲ့ စန္ဒီရဲ့ပြောင်းလဲမှုကိုကြည့်ပြီး ငါ့အတွေး ငါ့အယူအဆတွေပြောင်းခဲ့တာ. . . အမှန်ကတော့ မြို့နယ်မှာလုပ်ရှားတောပြောနေတဲ့ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတွေ စကားကိုငါတို့နားမဝင်ခဲ့ဘူး။ အကောင်းမထင်ခဲ့ဘူး။ မူးယစ်ဆေးဝါးကြောင့် လူငယ်တွေပျက်စီးကြတယ်၊ သေကြေပျက်စီးကြတယ်၊ ဒါကိုအချိန်မီမတန့်တားနိုင်ရင် မျိုးဆက်တစ်ခုလုံး ပျက်သုဉ်းသွားနိုင်တယ်ဆိုတဲ့စကား ရယ်ခဲ့မိတယ်. . . ပြက်လုံးကောင်းတစ်ခုကြားရသလို လှောင်ရယ်ခဲ့တယ်။ အခုပြန်စဉ်းစားကြည့်တော့ ငါမှားခဲ့တယ်။ အချိန်မီသာ သတိတရားမရခဲ့ရင် ရာကွတ်လိုထောင်ထဲရောက်နေပြီ။ အင်း. . . ထောင်ထဲရောက်တာက အသက်ရှည်ဦးမယ်။ ဒီ့ဆက်လုပ်ရင် မြေကျင်းထဲတောတောဝင်ရမှာ. . . လူကြီးတွေက ဒီအရေးသိလို့ လူငယ်တွေ တပေဘက်စိတ်ဝင်စားအောင် အားကစားလိုက်စားအောင် လုပ်ခဲ့တာပဲ။



**တတ်ညွန်း** (နောက်ခံပိတ်ကားတွင် အားကစားမှူးဦးစိန်မောင်ကိုယ်လက်လေ့ကျင့်ခန်းလုပ်နေပုံ၊ သရုပ်ဆောင်ထိုးပေးထား။ လူငယ်လေးတစ်ခု ဖွမ်းဘား အားကစားလေ့ကျင့်တန် ဖွမ်းပစ်ဝင်လာ. . . ရွှေလျားလိုက်မီးဖြင့် ဘောက်ဆင်ကစားပုံ၊ ဘော်လီဘောပုတ်ပုံ၊ ဘောလုံးကစားပုံ သရုပ်ပြပြီး အမှောင်ချ။ ကောင်းဆု ရုပ်ကို ရွှေလျားမီးဖြင့် ပြန်ထိုး။

**ကောင်းဆု** အင်း. . . ငါတို့ သူငယ်ချင်းတွေ ခုချိန်ဆို အမြင်မှန်ရပြီး လမ်းကြောင်းမှန်ပေါ် ရောက်နေလောက်ပါပြီ။ တုတ်တယ်. . . တိုတလေက သတင်းစာထဲမှာ တိုင်းနဲ့ပြည်နယ် လက်ရွေးသတင်းဖတ်လိုက်ရတယ်၊ ဗလိုင်းပိတ်တန်းမှာ ချန်ပီယံဆုရသွားတဲ့ တိုးမောင်ဆိုတာ တို့တိုးမောင်ဖြစ်မယ်၊ သေချာပါတယ်၊ ဒီကောင်က နဂိုကတည်းကအထိုးအကြိတ်ငါသနာပါတော့ လမ်းကြောင်းမှန်ပေါ်ရောက်ရင် ထူးချွန်သူဖြစ်မှာပဲ၊ တိုးထက်နဲ့ တင်ဦးတောင် ဂျူဒိုသင်တန်း သွားတက်နေပြီကြည်။ ရေ လေ မှာအစွမ်း ပြနိုင်ရင် တစ်နေ့ကျမြန်မာ့လက်ရွေးစင် အား ကစားသမား ဖြစ်လာမှာပဲ။ အေးလေ. . . ငါစည်း ရုံးခေါ်ခဲ့လို့ အခုလို အောင်မြင်တယ်ဆိုရင် မုဒိတာပွားရတာပဲ။

ဇာတ်ညွှန်း — (အတွေးဆုံးချိန်တွင် ကခွင်တစ်ခုလုံး မီးလင်းလာ...အောက်ညာဘက် ပုဏ္ဏားကွယ် နောက်မှ ရဲဘော် တစ်ယောက်ထွက်လာ)

ရဲဘော် — ဟေ့ ကောင်းဆု၊ ဘာတွေတွေးပြီး ငိုင်နေတာလဲ၊ မင့် ကင်းချိန်စေ့လို့ ငါလာလဲတာ. . .

ကောင်းဆု — ဪ. . . ဟုတ်လား။ အတွေးလွန်သွားတာနဲ့ မင်းရောက်နေတာတောင် မသိဘူး။

ရဲဘော် — အေး ကင်းကျနေတုန်း အဲလိုငေးငေးငိုင်ငိုင် မလုပ်နဲ့ ငါ့ကောင် ကြားလူစားသွားမယ်။

ကောင်းဆု — ခုလို သတိပေးတဲ့အတွက် ကျေးဇူးတင်တယ်။ (တောင်ကုန်းထက်က ဆင်းလာပြီး နှုတ်ဆက်လျက်ကခွင်ညာဘက်သို့ဝင်သွား။ တီးဝိုင်းမှ "နိုင်ငံ့ဂုဏ်ဆောင် ဖေ့သားမောင်" သီချင်းတီးခတ်လျက် အခန်းပြောင်း။ ကန့်လန့်ကာချ။)

ဢ ❖ ❖ ဣ

# ပြကွက် (၂၅)

နေရာ — ဦးဘစိန်၏ ဧည့်ခန်း

အချိန် — ညဦးပိုင်း။

အခင်းအကျင်း — သန့်ရှင်းသပ်ရပ်သည့် ဧည့်ခန်းအသွင်အပြင်ကို နောက်ခံကားအဖြစ် ပန်းချီရေးဆွဲထား။

မီး — ညအချိန်ဖြစ်သော်လည်း အိမ်ခန်းအတွင်း မီးများထွန်းထားသဖြင့် လင်းထိန်နေစေ တယ်လီဗေးရှင်းမှ မီးရောင်ကြောင့် ဧည့်ခန်းတစ်ခုလုံးပို၍ လင်းနေစေ။

ဇာတ်ဝင်ပစ္စည်း — ကခွင်အထက် ဘယ်ဘက်ခြမ်းတွင် ၂၄" ရောင်စုံ တီဗီကို အာရုံစိုက်ကြည့်နေ. . .။

အဝတ်အစား — မိသားစု အိမ်နေဝတ်စုံ။

ဇာတ်ညွှန်း — ကားလိပ်ဖွင့်သည်နှင့် မိသားစုအားလုံးထိုင်ခုံတွင် စုဝေးထိုင်လျက်တီဗီကို အာရုံစိုက်ကြည့်နေ. . .။

မလဲ့လဲ့စိုး — ဘိုးဘိုး၊ အခုပွဲက တိုင်းနှင့်ပြည်နယ် ခိုင်နယ်ပွဲနော်. . .။

ဦးဘစိန် — ဟုတ်ပဗျာ. . .ဒီပွဲနိုင်ရင် ပြည်ထောင်စုဒိုင်းကြီး ရမှာ . . . ။

**မလှဲ့လှဲ့စိုး** ရန်ကုန်တိုင်းက ဘာအရောင်လဲဘိုးဘိုး . . . ။

**ဦးဘစိန်** မသိသေးဘူးလေ မြေးရဲ့။ ဟောဟော ဘောလုံးသမားတွေထွက်လာပြီ။ ဘိုးဘိုးတို့မြို့နယ်ကပါသွားတဲ့ကလေးတွေကြည့်၊ သူတို့ ဘာအရောင်ဝတ်တာလဲ၊ အဲ့ဒါရန်ကုန်တိုင်းပေါ့။

**မလှဲ့လှဲ့စိုး** ဟော . . . ဟိုမှာ . . . အဲ့ဒီ ကိုနောက်တိုးကြီးမဟုတ်လား။

**ဦးဘစိန်** ကိုနောက်တိုးလို့ မခေါ်နဲ့လေမြေးရဲ့။ အဲဒီအစ်ကိုကြီးက သမီးထက်အပုံကြီးကြီးတဲ့ဟာ . . . အစ်ကိုကြီးနောက်တိုးလို့ ခေါ်ရတယ်။ စကားပြောရင် ယဉ်ယဉ်ကျေးကျေး ပြောရမယ်လို့ သမီးတို့ယဉ်ကျေးမှု သင်တန်းတက်တုန်းက သင်ရတယ်မို့လား . . . ။

**မလှဲ့လှဲ့စိုး** ဟုတ်ကဲ့၊ ဟုတ်ကဲ့။ မြေးမေ့သွားတယ်။ အဲဒီအစ်ကိုကြီးအပြင် ဒီမြို့က ဘယ်သူပါသေးလဲ . . . ဟိုဒင်း၊ အဲသိပြီ . . . ဟောဟိုမှာ ခုန်နေတာ အစ်ကိုကြီးပြေမောင် မဟုတ်လား . . . ။

**ဦးဘစိန်** အင်း၊ ငါ့မြေးကိုယ့်မြို့သားတွေတော့ ကောင်းကောင်းမှတ်မိတာပဲ။

**မလှဲ့လှဲ့စိုး** မှတ်မိတာပေါ့ ဘိုးဘိုးရဲ့။ အဲဒီအစ်ကိုကြီးတွေက သမီးတို့နဲ့ အားကစားကွင်းမှာ အမြဲဆုံနေကျပဲ။ ဆရာဦးစိန်မောင်ကဆို အမြဲချီးကျူးတယ်။



**ကိုထင်ပေါ်** (ဖခင်ဘက်လှည့်မေး) အဖေ ပြောပြောနေတဲ့ ကလေးနှစ်ယောက်လား . . . ။

**ဦးဘစိန်** ဟုတ်တယ်သားရဲ့။ ဒီနှစ်ယောက်ဟာ တချိန်တုန်းက တော်တော်သောင်းကျန်းခဲ့တာပေါ့။ မိန်းကလေးတွေ တွေ့ရင်ပြောင်ချင်နောက်ချင်တယ်။ ဗွေဖြေမျက်အောင် စချင်တယ်။ မိဘတွေက ကွပ်ညှပ်ပေးမယ့် မနိုင်အောင်ဆိုးခဲ့တာပေါ့။

**ကိုထင်ပေါ်** ရုပ်ကြည့်ရတာ ပင်ကိုယ်စိတ်ဆိုးပုံမရှိပါဘူး။

**ဦးဘစိန်** လူငယ်ဆိုတော့ ပျော်ချင်တာပေါ့။ ဘာရယ်ညာရယ် မဟုတ်ဘူး ပေါ့ပေါ့ဝါးဝါးလုပ်တာ ဒီသူငယ်တွေကို အဖေကိုယ်တိုင် ဆရာဦးစိန်မောင်လက်ထဲအပ်တယ်။ ပြီးတော့ မြို့နယ်မာနာအဖွဲ့မှာလည်း အဖွဲ့ဝင်ဖြစ်အောင်လုပ်ပေးတယ်။ သူတို့စားဝတ်နေရေး ပြေလည်အောင် စည်ပင်ဈေးမှာ အလုပ်ရအောင်လုပ်ပေးလိုက်တယ်။ အစကတော့ စိတ်မဝင်စားသလိုပေါ့။ ဒါပေမဲ့ စည်းရုံးရေးကောင်းတဲ့ ဦးစိန်မောင်ကြောင့် အားကစားဘက် လုံးလုံးလျားလျား ရောက်သွားတယ်။ သူတို့ကိုလည်း ပြုစုပျိုးထောင်ပေးတယ်။ ဌာနဆိုင်ရာက အကူအညီရအောင်လည်း လုပ်ပေးတော့ အခုလိုဖြစ်လာတာပဲ။

**မလဲ့လဲ့စိုး** ဟော . . . စပြီဘိုးဘိုး။ အစ်ကိုနောက်တိုးက အရပ်ရှည်တော့ သူများထက်ခေါင်းတစ်လုံးသာနေတယ်။

**ဦးဘစိန်** ပြေးအားလဲကောင်းသတဲ့ သမီးရဲ့၊ သူ့ဆရာကတော့ အမွှမ်းတင်သလားမပြောနဲ့။ အလားအလာ ကောင်းတယ်တဲ့။

**မလဲ့လဲ့စိုး** ဟော . . . ဟော။ ဆွဲသွားပြီဘိုးဘိုး။ ဟောတစ်ယောက်လိမ်တယ်. . . ကြည့်စမ်း။ ဝိုင်းဖျက်တယ်ဘဘ။

**ဦးဘစိန်** အလွယ်တကူတော့ ဂိုးဘယ်ပေးမလဲမြေးရယ်။

**မလဲ့လဲ့စိုး** သွားပါပြီ၊ ဂိုးရှူးဒါနီးမှ ရှောထိုးဖျက်လိုက်တာ . . . ကြည့်စမ်း။ နာသွားတယ်ထင်တယ်။

**ကိုထင်ပေါ်** အားပေးတာက ပေးပါ။ သမီးဘိုးဘိုးကလည်း ဖြစ်စေချင်တာပဲ။ ဖေဖေလည်း ဂုဏ်ယူချင်တာပဲ။ ဒါပေမယ့် ဖျှဖျှတတပေ့ါ။

**မလဲ့လဲ့စိုး** အယ် . . . ဟုတ်ပြီ။ ဆွဲ. . . ဆွဲအစ်ကိုကြီး။ ဟောဒီဘက်မှာ ထိုးပေးလိုက်။ အဲ. . . ဟုတ်ပြီ။ ပေးတော့လေ. . . အစ်ကိုကြီးကိုပေး ဟော. . . အဲ။ ရှူး. . .ရှူးလိုက်။ ဂိုး . . . ဂိုး။ ဘိုးဘိုး ဂိုးသွားပြီ။ အစ်ကိုကြီးနောက်တိုးသွင်းတာ ဂိုးပြီ။ ဒါပဲ. . . အဲဒါပဲ။ ဒါရန်ကုန်တိုင်းကွ၊ တို့မြို့သားကွ . . . ။

**ဦးဘစိန်** (ပြုံးလျက်) ဆရာဦးစိန်မောင် ပြောတာဟုတ်သားပဲ။ ဒီကလေးက အစွမ်းအစရှိတာပဲ။



အစကပြစ်ရပြီထင်နေတာ. . . လမ်းဘေးမှာလေလွင့်ပြီး ကလေကချေဖြစ်နေတဲ့ ကလေးတွေ. ..တကယ့်ကျောက်ရိုင်းတုံးကလေးတွေ။ လမ်းဘေးက ကျောက်ရိုင်းတုံးကိုကောက်ယူသွေးပေးလိုက်တော့ အဖိုးတန်ကျောက်တုံးလေးတွေ ဖြစ်လာတာပဲ။

**ကိုထင်ပေါ်** အဲလို ဒီးခဲပြာဖုံးလေးတွေ ဖော်ထုတ်ပေးရင် မြန်မာပြည်မှာ အများချည်အဖေရဲ့၊ လမ်းကြောင်းမှန်ပေါ်ရောက်အောင်ပို့ ပြေတောင်မြှောက်ပေးရင် အသုံးတည့်မှာပါ။

**ဦးဘစိန်** ဒါပေ့ါသားရဲ့၊ လူ့စွမ်းအားအရင်းအမြစ် ဖော်ထုတ်ပြီး အကျိုးရှိအောင်အသုံးချဖို့လိုအပ်နေချိန်မှာ ဒီလိုလူငယ်တွေ ဖော်ထုတ်ပေး ရမယ်။

**ကိုထင်ပေါ်** ဒါနဲ့ အဖေတို့ ပျိုးထောင်တဲ့လူငယ်တွေ ဘယ်နှစ်ယောက်လောက်ပေါ်ထွက်လာလဲ။

**ဦးဘစိန်** အတိအကျတော့မရှိဘူးပေ့ါ။ တော်တော်များတယ်။ များတယ်ဆိုရာမှာ လူဆိုးလေးတွေက လူကောင်းဖြစ်လာတာကို ပြောတာ. . ။

**မလဲ့လဲ့စိုး** ဟော. . . ဂိုးပြန်ပြီဘိုးဘိုးရေ။ အစ်ကိုကြီးပဲ ခေါင်းတိုက်သွင်းလိုက်တာ. . . အရပ်ကြီးကကုလားအုပ်ကြီးလိုဆိုတော့ ကျန်တဲ့ခေါင်းတွေက အစ်ကိုကြီးကို ဘယ်မီမလဲ။ ဂိုးဂိုး ဒါဆိုနိုင်ရပြီပေ့ါနော်. . .

**ဦးဘစိန်** ပွဲချိန်မပြီးသေးဘူးလေ. . . ဟိုဘက်က ပြန်သွင်းရင် နိုင်သွားခွင့်ရှိနေတာပဲ။

**မလဲ့လဲ့စိုး** မနိုင်ပါဘူး ဘိုးဘိုးရော၊ တစ်ဖက်သတ်ကြီးပဲဟာ. . . သေချာပါတယ်။ သမီးတို့ နိုင်းရမှာ. . . ။

**ဦးဘစိန်** အင်း၊ နိုင်းရရင်တော့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုရဦးမယ်။

**ကိုထင်ပေါ်** အဲဒီအတွက် စီစဉ်ပြီးပြီလား အဖေ. . ။

**ဦးဘစိန်** အကြမ်းဖျင်းတော့ စီစဉ်ထားပါတယ်။ ဒါပေမဲ့ အသေးစိတ်ထပ်ညှိရမယ်။ နေဦးကွ ကိုသက်ဦးဆီဖုန်းဆက်လိုက်ဦးမယ် (ဦးဘစိန်က ဖုန်းခုံနားထသွားပြီး နံပါတ်လှည့် ပြန်ထူးသံကို စောင့်နေ) ဟော. . ကိုသက်ဦးလား. . ၊ ခင်ဗျားရော ပြည်နယ်နဲ့တိုင်းပြိုင်ပွဲကြည့်နေလား . . . အခြေအနေတော့ကောင်းတယ်ဗျ။ ပွဲပြီးလို့ နိုင်းရရင် ကျုပ်တို့မြို့နယ်က တခမ်းတနား ကြိုဆိုဖို့လိုတယ်၊ ဘယ်လိုခင်ဗျားက မယကဥက္ကဋ္ဌကိုတောင် ဖုန်းချိတ်ပြီးပြီ။ မြန်လှချည်လား. . . ဟော နောက်တစ်လုံးသွင်းပြန်ပြီဗျို့။ နောက်တိုးက ဟက်တရစ်ရတယ်။ ဒီကလေး အကောင်းဆုံးဆုရနိုင်တယ်။ ကိုသက်ဦးရေ. . ကျုပ်တို့လူတွေကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုရမယ်။



ဒါပေါ့။ ကောင်းပြီလေ. . . မနက်ဖြန် အစည်းအဝေးခေါ်လိုက်ကြတာပေါ့။ အားကစားအဖွဲ့ပြန်လာမယ့်ရက်လည်း ကြိုသိအောင်လုပ်ဗျို့။ ကောင်းပြီ. . . ကောင်းပြီ။

**ဇာတ်သွန်း** (ဦးဘစိန်နေရာပြန်ထိုင်ချိန်မှာပင် ပထမပိုင်းပြီးသွားသည်။ လဲ့လဲ့စိုးက ဖန်သားပြင်ပေါ်မှ ပရိသတ်နှင့် အတူမြူးတူး ကခုန်နေစဉ် တီးဝိုင်းမှ မြန်မာတွေနိုင်ပြီ သီချင်းနှင့် အခန်းပြောင်းကားလိပ်ချ။)

ဪ ❖ ❖ ဪ

# ပြကွက် (၂၆)

| | |
|---|---|
| နေရာ | မြို့လယ်လမ်းမကြီး။ |
| အချိန် | ညနေပိုင်း |
| အခင်းအကျင်း | လမ်းမဝဲယာတွင် အလံများစိုက်ထူထားပြီး။ "စွမ်းအားရှင်လူငယ်များအား ကြိုဆိုပါသည်" ဟူသော စာတမ်းရေးဆွဲထား။ |
| မီး | ကခွင်, တစ်ခုလုံးအလင်းရအောင် မီးတပ်ဆင်ထားရမည်။ |
| အသံ | ဇာတ်ရုပ်များ၏ အသံပီပြင်ပြတ်သားစွာကြားရအောင် အသံဖမ်းစကားပြောခွက်များ တပ်ဆင်ပေးထားရမည်။ |
| ဇာတ်ဝင်ပစ္စည်း | (က) "မြို့နယ်ဂုဏ်ဆောင် အားကစားသမားများ ကြိုဆိုပါသည်" ဟူသော ဆိုင်းဘုတ်များ လမ်းဘေးဝဲယာအနှံ့တပ်ဆင်ထား။<br>(ခ) ကြိုဆိုသူများအတွက် စက္ကူအလံများ။<br>(ဂ) ဂုဏ်ပြုပန်းကုံးစွပ်ရန် ပန်းကုံးများ။<br>(ဃ) အမိုးဖွင့်ဂျစ်ကား (သို့မဟုတ်) ဘော်ဒီအမိုးဖွင့်ကားငယ်များ။ |



| | |
|---|---|
| | (င) အားကစားသမားများရသည့် ဆုတံဆိပ်များ။ |
| အဝတ်အစား | (က) ကြိုဆိုသူများအတွက် သာမန်ဝတ်စုံ။<br>(ခ) အဖွဲ့အစည်းများမှ အသင်းအဖွဲ့ဝတ်စုံ။<br>(ဂ) ပန်းကုံးစွပ်မည့် မိန်းကလေးများ၏ မြန်မာအမျိုးသမီးဝတ်စုံ။ |
| ဇာတ်ညွှန်း | အခန်းပြောင်း တီးလုံးဆုံးသည်နှင့် ကခွင်အောက်ပိုင်း၊ တိုင်ကွယ်မှ အိုးစည်သံ၊ နှဲပတ်သံများ ထွက်ပေါ်လာ . . . ပြည်ဖုံးကန့်လန့်ကာဖွင့် ဦးဆုံး အိုးစည်အကနှင့် အိုးစည်ဝိုင်းထွက်လာ . . . ယင်းနောက်မှ အသံချဲ့စက်တင်ထားသည့်ကား ကြေညာပြီးလိုက်လာ . . ယင်းကားနောက်မှ မြို့နယ်ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရ အားကစားသမားတင်ထားသည့် အမိုးဖွင့်ကား။ နောက်တိုးနှင့် ပြေမောင်က ထရက်ဆုများဝတ်ထားပြီး ရွှင်ပြုံးများဆွဲထား။ သူတို့ကို မြင်သည်နှင့် မြို့မိမြို့ဖလူကြီးများထွက်လာ . . . ပန်းကုံးကိုင်ထားသည့် အမျိုးသမီးလေးများက ပန်းကုံးစွပ်။ လူကြီးများက ဝမ်းသာအားရ အမှုအရာဖြင့် လက်ဆွဲနှုတ်ဆက်။ ထိုအချိန်ပရိသတ်များက နာမည်များခေါ်၍ အားပေးဂုဏ်ပြု။ |
| ပရိသတ် | နောက်တိုး . . နောက်တိုး။ ပြေမောင် . . . ပြေမောင်။ |

မြို့ဂုဏ်ဆောင်တဲ့ ပြေမောင် . . . ပြေမောင်။ မြို့ကျက်သရေဖြိုးတဲ့ နောက်တိုး . . . နောက်တိုး။ (နောက်တိုးနှင့် ပြေမောင်က ရွှေတံဆိပ်များကို ကိုင်မြှောက်ပြပြီး နှစ်လိုစွာ နမ်းလိုက်) ရွှေ . . . ရွှေ။ နောက်တိုး . . . ပြေမောင် . . . ရွှေရွှေ။

**ဦးဘစိန်** (ပရိသတ်ကြားမှ တိုးထွက်သွားပြီး နောက်တိုးကို လက်ကမ်းနှုတ်ဆက်) မင်းအတွက်တို့များ ဂုဏ်ယူနေပါတယ်။

**နောက်တိုး** ကျေးဇူးတင်ပါတယ်ဘဘ။

**ဦးဘစိန်** (ပြေမောင့်ကို လက်ဆွဲနှုတ်ဆက်) တီဗီက တစ်ချိန်လုံးစောင့်ကြည့်ခဲ့တယ်။

**ပြေမောင်** ဘဘတို့ ပံ့ပိုးမှုကြောင့် အခုလိုဂုဏ်ပြုခံရတာ ကျေးဇူးတင်ပါတယ်။

**ဦးသက်ဦး** (ပြေမောင်ကို လက်ဆွဲနှုတ်ဆက်) သားရွှေအိုး ထမ်းလာတာမြင်ရတဲ့ မျက်မမြင်မိဘတွေလို အားလုံးအတွက် ဝမ်းသာဂုဏ်ယူမိတယ်။

**နောက်တိုး** နောက်နောင် နှိုထက်မက ကြိုးစားပါ့မယ်။

**ဦးဘစိန်** (အားကစားမှူးကို လက်ဆွဲနှုတ်ဆက်) ဆရာ ဘယ်လောက် ဝမ်းသာနေမယ်ဆိုတာ မပြောဘဲ သိနေပါတယ်။

**ဦးစိန်မောင်** ဥယျာဉ်မှူးတစ်ယောက်အနေနဲ့ ကိုယ်စိုက်တဲ့ ပန်းပွင့်လန်းတာ မြင်ရရင်အတိုင်းမသိ ဝမ်းသာပါ တယ်။ မြို့မိမြို့ဖတွေလည်း ကျေနပ်ကြမှာပါ။



**ဦးဘစိန်** (ကြိုဆိုနေသည့် ပရိသတ်ဘက် လက်ညှိုးထိုးပြရင်း) ဆရာ့အမြင်ပဲလေ . . . တစ်မြို့လုံးက တစ်ခဲနက် ကြိုဆိုနေပါတယ်။ ဟောဟိုမှာ ဆရာကြည့်လိုက်စမ်းပါ။ ကြိုဆိုသူတွေရဲ့ လက်ထဲမှာ ဘာဆိုင်းဘုတ်တွေ ကိုင်ထားလဲ။

**ဦးစိန်မောင်** "စွမ်းအားရှင်လူငယ်များ ကြိုဆိုပါသည်" ဆိုပါလား . . . ။

**ဦးဘစိန်** အဲဒါမြို့နယ်ဥက္ကဋ္ဌကြီး ကင်ပွန်းတပ်လိုက်တာလေ . . . ကျွန်တော်တို့ကလေးတွေဟာ သာမည မဟုတ်ဘူး။ မြို့နယ်ဂုဏ်၊ တိုင်းနဲ့ပြည်နယ်ဂုဏ်ကိုမြှင့်တင်ပေးတဲ့ တကယ့်လူငယ်တွေတဲ့။ စွမ်းဆောင်နိုင်သူတွေတဲ့။

**ဦးစိန်မောင်** ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ပါတယ်။

**ဦးဘစိန်** ဥက္ကဋ္ဌကြီးက ခင်ဗျားတို့ကိုဂုဏ်ပြုဖို့ မြို့နယ်ခန်းမမှာ လူကြီးတွေနဲ့စောင့်နေတယ်။ ကိုင်းသွားကြ သွားကြ။ ကျွန်တော်တို့လည်းလိုက်ခဲ့ပါမယ်။

**ဦးစိန်မောင်** မှန်တာပြောရရင် နိုင်းဆုရတုန်းက ဒီလောက် ဝမ်းမသာမိဘူး။ အခုလိုဂုဏ်ပြုခံရတော့ ဝမ်းသာပုံကို ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။

**ဦးဘစိန်** ဒီလိုပဲဖြစ်ရမှာပေါ့။ စွမ်းအားရှင်လူငယ်များ . . . (ဦးဘစိန်က လက်ရုန်းဆန့်လျက်တိုင်ပေး)

**ပရိသတ်** ကြိုဆိုပါတယ် . . . ကြိုဆိုပါတယ်။

**ဦးဘစိန်** မြို့နယ်ဂုဏ်ဆောင် လူငယ်များ

**ပရိသတ်** ဂုဏ်ယူပါတယ် . . . ဂုဏ်ယူပါတယ်။

**ဇာတ်ညွှန်း** (ကြိုဆိုသူများက အလံများဝှေ့ရမ်းလျက် အော်ဟစ်အားပေးနေစဉ် ကားများတရွေ့ရွေ့နှင့် မောင်းလျက် တစ်ဖက်ကားလိပ်ကြားမောင်းသွား။ ကားနောက်မှ လိုက်ပါလာသည့် ဒိုးပတ်အဖွဲ့က လက်စွမ်းပြတီးခတ်။ ဒိုးပတ်မင်းသားက အသံကုန်ဟစ်လျက်တေးဆို။)

(မကျိုးရှက်ဒုတ်တိုဒုတ်တို ×× ရှက်နုတွေပေါက်ခါမှ ×× ချဉ်ချဉ်ရေသောက်ကြစို့ မလေးရယ် ×××)
(ဆုကြီးနဲ့ လုလင်ပျိုလုလင်ပျို ×× ဂုဏ်ဂုဏ်တွေဆောင်ခါမှ ×× အားပါးတရကြိုစို့ကွယ် မလေးရယ် ××× မြို့ဂုဏ်ကို သူဆောင်တဲ့ ×× စွမ်းဆောင်သူ လူငယ်များ ×× မိုးယံကကြား ××× ဟေ့ ဟေ့ဟေး)

သီချင်းနှင့်အတူ ကွေးနေအောင်ကနေချိန်မှာပင် ပြည်ပုံးကန့်လန့်ကာကြီး တလိပ်လိပ်ကျလာစေ။

မောင်ဆန္ဒ (လယ်ဝေး)